# ဇော်ညီညီ (နေပြည်တော်)

# လွတ်မြောက်ပါတော့သူနယ်မြေ

ဝတ္ထုလတ်စုစည်းမှု



## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| မျက်နှာဖုံးဒီဇိုင်း | ကိုညီ (Nice Computer) |
| ကွန်ပျူတာစာစီ | သရဖီ (၀၉ ၄ ၂၀ ၁၀၅ ဓ၆၄) |
| ထုတ်ဝေသူ | ငွေရတနာပန်းစာပေ |
| ပုံနှိပ်သူ | ကောင်းဆဲ ပုံနှိပ်တိုက် |
| | ၂၇၉၊ မြေညီထပ်၊ လမ်း ၄၀(အထက်) |
| | ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်ခြင်း | ပထမအကြိမ်၊ မေ၊ ၂၀၁၅။ |
| အုပ်ရေ | ၆၀၀ |
| တန်ဖိုး | ၁၅၀၀ ကျပ် |
| ဖြန့်ချိရေး | ငြိမ်းချမ်းပန်းစာပေ |
| | ဖုန်း ၀၉ ၇၉၇၉ ၀၁၀ ၂၂၊ ၀၉ ၇၉၇၉ ၀၁၀၁၁ |

## မာတိကာ ...


မြတ်နိုးဖွယ် ပွင့်သစ်များသို့ ... ဝင်းဝင်းမြင့် (နန်းတော်ရှေ့) ● ၇

ထုတ်ဝေသူ၏ ရင်တွင်းစကားနှင့် ကျေးဇူးတင်လွှာ ● ၁၁

၁။ လွတ်မြောက်ပါတော့ သူ့နယ်မြေ ● ၁၃

၂။ ပါတော်မူ နှလုံးသား ● ၄၃

၃။ အရိပ်မဲ့ ● ၅၅

၄။ ကျားမာယာ ● ၇၇

၅။ ပန်းစီးချင်းတို့၏ သခင် ● ၉၃

## မြတ်နိုးဖွယ် ပွင့်သစ်များသို့ . . .

ကျွန်မရဲ့အမြင်အာရုံရှေ့မှာ အဝိုင်းလေးက ချာချာလည်နေပါတယ်။ သူ့ကို ကြည့်နေရင်း ခေါင်းတွေလည်း ရိပ်ရိပ်မူးလို့။ ဒါပေမဲ့ ကျွန်မရဲ့အကြည့်ကို မရွှေ့မဖယ်မိဘဲ ဖွဲနဘဲကြီးကြီးနဲ့ အာရုံစိုက်နေမိဆဲပါ။ ဝတ္ထုတစ်ပုဒ်ကို ဆက်ဖတ်ဖို့ စောင့်စားနေရတာ ဖြစ်ပါတယ်။ စာရွက်ပေါ်မှာတော့ မဟုတ်ဘူးပေါ့လေ။ ထုံးစံအတိုင်း ခေတ်ပီခြင်းကြီးစွာနဲ့ ဖုန်းပေါ်မှာ။ ရေးတဲ့သူကလည်း ဆွဲဆောင်နိုင်စွမ်းလှတယ်။ အဝိုင်းဘယ်လောက်ကို ဘယ်အချိန်မှာ တင်ပါ့မယ်ဆိုပြီး ကြော်ငြာက ဝင်လိုက်သေး။ သူ့ဝေါပေါ်မှာ 'လိုက်' လုပ်တဲ့လူတွေလည်း အများကြီးရှိသလို 'မှတ်ချက်'ရေးတဲ့သူတွေကလည်း အများသား။ ဒါပေမဲ့ ကျွန်မဘာမှ ဝင်မရေးဖြစ်သေး။ နောက်တော့ သူ့ဝတ္ထုက အရှိန်တော်တော်တက်လာချိန်။ မှတ်မှတ်ရရလိုင်းက တစ်နေကုန်လောက်မတက်။ ဖွင့်ကြည့်လိုက်တိုင်း အဝိုင်းလေးက လည်လို့တောင် မမြင်ရ။ ညကြီးမင်းကြီး တစ်ရေးနိုးလည်း မနေနိုင်မထိုင်နိုင် ထပြီးဖွင့်ကြည့်မိတဲ့အထိ။ ဝတ္ထုကလေး တက်လာတော့ လိုင်းကလေးမိတုန်း ဖတ်ထားမှဆိုပြီး အိပ်ချင်စိတ် ပျောက်ပျက်သည်အထိ ဖတ်ရမျှော်ရ။ ကျွန်မကို အတော်လေးဒုက္ခပေးခဲ့တဲ့ ဝတ္ထုက ဆရာဇော်ညီညီရဲ့ 'လွတ်မြောက်ပါတော့ သူ့နယ်မြေ' ဖြစ်ပါတယ်။

လူအတော်များများက သိပ်တန်ဖိုးမထားကြတဲ့ နတ်ကတော် မိန်းမလျာလူတန်းစားရဲ့သဘာဝကို သူက ကျွန်မဆိုတဲ့ နာမ်စားကိုသုံးပြီး 'မှုယာပိုဲ'ဆိုတဲ့ ဇာတ်ကောင်နေရာက ရေးတဲ့ဝတ္ထုပါ။ စဖတ်တော့ အချစ်ဝတ္ထုလို့ ထင်မိတာ။ ဖတ်ရင်းဖတ်ရင်း . . .။ ကျွန်မအနေနဲ့ ဝတ္ထုအကြောင်းကို ဆက်မရေးသင့်ဘူးလို့

ထင်ပါတယ်။ စာဖတ်ပရိသတ်ကို အားနာလို့ပါ။ ဒါပေမဲ့ ရေးချင်သေးတာက စာရေးသူ လူငယ်လေးတစ်ယောက်ရဲ့ မရေးခင်အားထုတ်မှုကိုပဲ ဖြစ်ပါတယ်။

သူက ပြောတယ်။ သူ့မှာ မိတ်ဆွေသူငယ်ချင်းတွေ အများကြီးရှိပါတယ်တဲ့။ သူ့ကိုရင်ဖွင့်တဲ့သူတွေလည်း ရှိတယ်လို့ ဆိုပါတယ်။ သူက ပြောသမျှတွေကို နားထောင်ရပြီဆိုရင် ရင်နဲ့အမျှ ထိရှခံစားရတော့တယ်။ ဒါဆိုရင်တော့ အဲဒီအကြောင်းကို သေသေချာချာသိအောင် စေ့စေ့စပ်စပ် လေ့လာစုံစမ်းတော့တယ်တဲ့။ ပြီးရင် ရေးဖြစ်ရောတဲ့။ ဒါကြောင့်လည်း သူ့ဇာတ်ကောင်တွေ သဘာဝကျပြီး ရှင်သန်နေတာဖြစ်မယ်လို့ ကျွန်မ တွေးမိပါတယ်။ နောက်တစ်ခုထပ်ပြီး သတိပြုမိတာက သူရွေးချယ်တဲ့ ဇာတ်ကောင်နေရာမှာ ပထမနာမ်စား 'ကျွန်မ' ကို ရဲရဲရင့်ရင့် ယူပြီးရေးတဲ့ အရေးအသား။ အဲဒါ ကျွန်မနဲ့ သူနဲ့ မတူတဲ့ ခြားနားမှုပါပဲ။ ကျွန်မ ရေးခဲ့သမျှတွေထဲမှာ သူ့လို ပထမနာမ်စားသုံးပြီး ရေးဖြစ်တာ အလွန်ရှားပါတယ်။ စာရေးသက် နုစဉ်ကဆို 'ကျွန်မနဲ့ရေးရင် ဒီလိုဖြစ်ပျက်ခဲ့တယ်ဆိုတာ စာရေးဆရာမကိုယ်တိုင် ဖြစ်ခဲ့တာလို့ ဖတ်တဲ့လူတွေက ထင်တော့မှာပဲ'လို့ အတွေးခေါင်ခဲ့ဖူးပါတယ်။ ခုလိုအချိန်ကျမှပဲ ဒီအတွေးမျိုးတွေပျောက်ပြီး စာတစ်ပုဒ်ရဲ့ ရသအတိမ်ကနက်ကိုပဲ တွေးတတ်ခဲ့တာပါ။ သူကတော့ ရဲရဲရင့်ရင့် ရေးတယ်။ ရွေးချယ်မိခဲ့တဲ့ အကြောင်းအရာပေါ်မှာ စာဖတ်သူ အကြိုက်တွေ့မည်ဖြစ်စေ၊ မတွေ့မည်ဖြစ်စေ သူ့တင်ပြပုံက ရှင်းလင်းပြတ်သားနေတာကြောင့် သူ့ဇာတ်အိမ်တွေဟာ ခိုင်မာနေလေ့ရှိတယ်လို့ ကျွန်မ သုံးသပ်မိပါတယ်။

သူက ကျွန်မကို ပြောပါတယ်။ 'ဆရာမရယ်၊ ကျွန်တော့်ဝတ္ထုတွေမှာ အသုံးအနှုန်း ရိုင်းပျနေတာရှိရင် ပြောပါနော်'တဲ့။ ဒီနေ့လူငယ်လေးတွေ ပြောဆိုနေထိုင်ကြတဲ့ သဘာဝကို သူ့ဝတ္ထုတွေထဲမှာ ပေါ့ပေါ့ပါးပါး တွေ့ရပြန်ပါတယ်။ ဥပမာ 'ပန်းစီးချင်းတို့၏သခင်' ဆိုရင် မိန်းကလေးနှစ်ယောက်နဲ့ ယောက်ျားလေးတစ်ယောက်ရဲ့ အုံညြွှယ်ကောင်းတဲ့ အချစ် ...။ သဘောထားကြီးကြတယ်လို့ ပြောရမလား ကျွန်မတော့ သိပ်နားမလည်ပါ။ 'ဒါ ... အပြင်မှာ တကယ်ရှိတယ် ဆရာမ'လို့ သူက ဆိုပါတယ်...။ ဝတ္ထုဆိုတာ အပြင်မှာ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ရေးခဲ့ကြတာပါပဲ။ ဘယ်လိုပဲဖြစ်ဖြစ် သူရေးသမျှ ကျွန်မ ဖတ်ရသလောက်ကတော့ စာကို ပေါ့ပေါ့တန်တန် မရေးဘူးဆိုတာပါပဲ။ ဒီအတွက် ကျွန်မ ဆရာဇော်ညီညီကို ကြိုဆိုမိပါတယ်။

နောက်တစ်ခုက သူရွေးချယ်ထားတဲ့ဇာတ်လမ်းပေါ်မှာ သူ့ရဲ့ တာဝန်ယူတတ်မှုကို ကျွန်မ ချစ်ခင်လေးစားမိတဲ့အကြောင်းလေးကို သိစေချင်ပါတယ်။ 'အရိပ်မဲ့ လိပ်ပြာ'လို ဝတ္ထုမျိုးမှာပါ။ ကျွန်မတို့ အလှမ်းမမီတဲ့ လူမှုရေးအရှုပ်အထွေးတွေ များမှများပါလား။ အဲဒီလောကအကြောင်းကို သူက ရေးပြတယ်။ တင်ပြပုံက စာဖတ်သူပေါ်မှာထားတဲ့ သူ့စေတနာနဲ့ စာပေပေါ်မှာထားတဲ့ သူ့ရဲ့

သစ္စာတရားကို ထင်ထင်ရှားရှား တွေ့မြင်ခွင့်ရလိုက်တာပါပဲ။ ဒီအတွက် ကျေးဇူးတင်ပါတယ် ဆရာဇော်ညီညီ။

ခုချိန်မှာတော့ ကျွန်မနဲ့ လူငယ်များ လုံးလားထွေးလားပါ။ အတွေးအခေါ် အယူအဆ တူကြတာတွေ ရှိသလို မတူတာလည်း ရှိပါတယ်။ ညှိလို့ရပြီး တစ်ယောက်ကိုတစ်ယောက် နားလည်ကြရတာများပါတယ်။ ဒါ ဘာ့ကြောင့်လဲ ...။ တွေးကြည့်မိတဲ့အခါ ဝမ်းသာစရာကောင်းလောက်အောင် တစ်ဦးကိုတစ်ဦး ယုံကြည်ကြလို့ဆိုတဲ့ အဖြေထွက်ပါတယ်။ ကျွန်မက မျိုးဆက်သစ်များကို အလေးထား လေးစားယုံကြည်တတ်ပြီး လူငယ်များကလည်း ကျွန်မရဲ့စေတနာကို အစဉ်အမြဲ အသိအမှတ်ပြုကြတာကို ကြည်နူးဖွယ်ကောင်းစွာ ခံယူခဲ့ရပါတယ်။ ခုဆိုရင် အပိုင်းလေးလည်နေတဲ့ ဖုန်းကလေးပေါ်မှာ ကျွန်မနဲ့ လူငယ်စာချစ်သူများ တွေ့ခွင့်ရနေပါပြီ။ လူချင်းမတွေ့ဖူးကြပေမဲ့ စာချင်းတွေ့နိုင်ကြပါပြီ။ ဒါကို ကျွန်မကတော့ တိုးတက်နေတဲ့ခေတ်ကြီးကပေးတဲ့ လက်ဆောင်မွန်ထဲက တစ်ခုလို့ပဲ ဆိုချင်ပါတယ်။ အပြုသဘောကိုဆောင်တဲ့ ခံယူမှုနဲ့ မိမိကိုယ်ကို လေးစားဖွယ်ကောင်းအောင် စောင့်ရှောက်နိုင်ခြင်းဆိုတာ ဘယ်ခေတ်အတွက်ပဲဖြစ်ဖြစ် အရေးကြီးတာပဲမို့ စာပေကို လေးလေးစားစား အလေးထားတဲ့ လူငယ်တိုင်းဟာ အမှားနည်းမှာ အသေအချာပါပဲ။ စစ်မှန်တဲ့ ရသစာပေဟာ လူတိုင်းရဲ့နှလုံးသားကို နူးညံ့သိမ်မွေ့စေတယ် မဟုတ်ပါလားရှင် ...။

စာရေးတဲ့သူတစ်ယောက်ဟာ အမျိုးသမီးဖြစ်စေ၊ အမျိုးသားဖြစ်စေ ကိုယ်ရေးတဲ့ စာပေါ်မှာ သမာသမတ်ကျကျ လက်ခံတွေးခေါ်နိုင်မှ ရေးတဲ့စာဟာ အခွန့်ရှည် တည်မြဲတယ်လို့ ဖတ်မှတ်နာယူဖူးပါတယ်။ 'ကျားတို့ရဲ့ မာယာ'မှာတော့ တစ်ဘဝမှာ အချစ်နှစ်ချစ်ရှာတဲ့ ယောကျ်ားကြောင့် ဗျာများရတဲ့ မိန်းမနှစ်ယောက်ရဲ့ သောကကို ဖတ်ရပါတယ်။ အမျိုးသားတစ်ယောက်ရေးတဲ့ အမျိုးသမီးတို့ရဲ့ တငွေ့ငွေ့လောင်ကျွမ်းနေတဲ့ ရင်တွင်းမီးကို ဖွဲ့ထားတာပါ။

နောက်တစ်ပုဒ်ကတော့ 'ပါတော်မူနှလုံးသား'။ အချစ်ပေါ်မှာ ခံယူထားတဲ့ စာရေးဆရာရဲ့ ခံယူချက်လား ...၊ အတွေးလား ...၊ တစ်ခြားသူတစ်ယောက်ရဲ့ ဖြစ်ရပ်မှန်ဇာတ်လမ်းလား ကျွန်မ မသိ။ ဒါပေမဲ့ ရသဝတ္ထုတစ်ပုဒ်အဖြစ်ပဲ ခံစားဖတ်ကြည့်ချင်တာကြောင့် ဘာမှထပ်မမေးဘဲ တမင်လွှတ်ထားလိုက်ပါတယ်။ သေချာတာတစ်ခုကတော့ ဘယ်အကြောင်းအရာကိုပဲရေးရေး ပေါ့ပေါ့တန်တန် မရေးတဲ့ ဆရာဇော်ညီညီရဲ့ အားထုတ်မှုပါပဲ။ ဒီလိုမျိုးဆက်သစ်တွေကို ကျွန်မ လှိုက်လှိုက်လှဲလှဲ ကြိုဆိုပါတယ်။

သူတို့ရေးတဲ့ခေတ်နဲ့ ကျွန်မတို့ရေးခဲ့ရတဲ့ခေတ်က အတော်လေး ကွာခြားတယ်လို့ တွေးမိပါတယ်။ ကျွန်မတို့ စာစရေးတော့ အယ်ဒီတာစားပွဲကို အကြောင်းအရာ အခက်အခဲမျိုးစုံနဲ့ ကျော်ဖြတ်ကြရပါတယ်။ မဂ္ဂဇင်းတစ်အုပ်မှာ

[illegible] အချိန်တွေကိုလည်း စိတ်ရှည်ရှည် စောင့်ခဲ့ရပါတယ်။ ခုချိန်မှာတော့ ကိုယ်ပြောချင်တာတွေကို လိုင်းပေါ်မှာ ပြောနိုင်ကြပါပြီ။ ကိုယ့်ပရိသတ်နဲ့ကိုယ် တိုက်ရိုက်ထိတွေ့ပြီး အပြန်အလှန် စကားပြောနိုင်ကြပါပြီ။ စာအုပ်ဖြစ်ချင်ပြန်ရင်လည်း အလွယ်တကူ ဖြစ်နိုင်ပြန်ပါရော။ ကျွန်မတို့တုန်းကတော့ စာတစ်အုပ်ဖြစ်ဖို့ ငွေတတ်နိုင်တယ်ထား။ စိစစ်ရေးဆိုတာကြီးကို ဖြတ်ရပါသေးတယ်။ ကိုယ်က ကိုယ့်အတွေးနဲ့ကိုယ် ရေးပေမဲ့ အတွေးခေါင်ပြီး ငွေမင်သုတ်ခံရ၊ အဆုတ်ခံရ။ ခံစားမှုအကြမ်းဖက်ခြင်းလို့ ပြောရမလား။ နှလုံးသား ခေါင်းပုံဖြတ်ခြင်းလို့ ပြောရမလား။ ရှုးကြောင်မှုးကြောင်ဝါဒလို့ ပြောရမလား ...။ ရင်နဲ့ရင်းပြီး ရေးနေသူတွေအတွက် တော်တော်လေးကို ခံပြင်းစရာကောင်းလှတဲ့ မတရားမှု အဆီးအတားကြီးကိုလည်း ကျော်လွှားရသေးတာပါ။

ဒီကနေ့ စာရေးသူ လူငယ်များကတော့ အဲဒီအမှောင်ကြီးနဲ့ မတွေ့ရတဲ့ အတွက် ကံကောင်းတယ်လို့ ဆိုရပါမယ်။ ကိုယ့်စာလေးတွေကို အမှတ်တရ စာအုပ်ကလေးအဖြစ် အလွယ်တကူ ဖန်တီးနိုင်ကြပါပြီ။ လူတွေ စာဖတ်အားနည်းလာတယ်လို့ ပြောသံတွေ သောသောညံနေတဲ့ကြားကပဲ လူငယ်လေးတွေရဲ့ စာအုပ်မိတ်ဆက်ပွဲလေးတွေ လုပ်ကြ၊ ရေးကြ၊ စာအုပ်သစ်တွေ ထွက်လာကြနဲ့ ကျွန်မဆို သူတို့လေးတွေ စာအုပ်ထွက်တယ်ကြားရင် ပြေးဝယ်ရတာနဲ့ ဝယ်ရတဲ့လ ဆက်နေတာပါ။ သူတို့ရေးသမျှလေးတွေလည်း တစ်ယောက် တစ်မျိုး မတူတဲ့ အလှတရားကိုယ်စီနဲ့ ဖတ်လို့မငြီးပါဘူး။ သူတို့က အကောင်းကြိုက်တတ်ကြပါပေတယ်။ ဒါကြောင့်လည်း အကောင်းတွေ ဖန်တီးနိုင်တာပဲလို့ တွေးမိပါရဲ့ ...။

ဆက်ပြီးတွေးမိတာလေးက ... ဖန်တီးမှုနဲ့ အောင်မြင်မှုရဲ့ အကျိုးဆက်ပါ။ အောင်မြင်မှုကို အဓိကထားသူကတော့ ရတဲ့အောင်မြင်မှုနဲ့တင် ကျေနပ်ရင်းကာလတိုအတွင်းမှာ အပြီးငြိမ်းသွားပါလိမ့်မယ်။ ဖန်တီးမှုကိုမှ မွေ့ပျော်နေသူကတော့ အဆုံးမရှိ ဆက်ကာဆက်ကာ ဖန်တီးနေဦးမှာပါပဲ။ ဆရာဇော်ညီညီကိုတော့ ဖန်တီးမှုမှာ မွေ့ပျော်သူလို့ ယုံကြည်မိပါတယ်။ စာကောင်းပေမွန်များ အဆက်မပြတ် ဖန်တီးရေးသားရင်း စာပေတောမှာ မမောမပန်း လျှောက်လှမ်းနိုင်ပါစေ ...။

ဝင်းဝင်းမြင့်(နန်းတော်ရှေ့)

# ထုတ်ဝေသူ၏ ရင်တွင်းစကားနှင့် ကျေးဇူးတင်လွှာ

စာဖတ်ပရိသတ်အားလုံး မင်္ဂလာပါ။ ဒီစာအုပ်လေးမှာ အမှာစာရေးဖို့အတွက် စဉ်းစားလိုက်တော့ စာအုပ်လေးထုတ်ဖြစ်သွားပုံကို ဦးစွာပထမ သတိရလိုက်မိပါတယ်။ ကျွန်မက စာပေကို ချစ်မြတ်နိုးသူတစ်ဦးမို့ စာတွေ ဖတ်ပါတယ်။ စာတွေကိုလည်း ရေးနေသူတစ်ဦးပါ။ တော်တော်များများက မေးကြပါတယ်။ 'ကိုယ့်စာအုပ်ကို အရင်မထုတ်ဘဲ ဘာလို့ သူများစာအုပ်ကို အရင်ထုတ်ပေးတာလဲ။ လူငယ်စာရေးဆရာအသစ်တစ်ဦးကို ဒီလိုထုတ်တာ ရှုံးဖို့များကြောင်း။ နာမည်ရပြီးသူများနဲ့တွဲပြီး စုပေါင်းစာအုပ်မျိုး ထုတ်ဝေခြင်းမှာ ပိုပြီးသင့်တော်ကြောင်း' အမျိုးမျိုး အကြံပြုကြပါတယ်။ စေတနာနဲ့ အကြံပေးကြတဲ့ စေတနာစကား အားလုံးကို အပြုံးတစ်ခုနဲ့ နားထောင်ဖြစ်ခဲ့သော်လည်း လိုက်နာဖို့ မကြိုးစားမိခဲ့တဲ့အတွက် အားလုံးကို ဒီစာမျက်နှာလေးမှ လေးလေးစားစား တောင်းပန်ချင်ပါတယ်။ ကျွန်မ စာအုပ်ထုတ်ခြင်းမှာ အကျိုးအမြတ်အတွက်ချည်း မဟုတ်ပါ။ လက်ရှိစာအုပ်ဈေးကွက်ဆိုတာကြီးကိုလည်း ထည့်မတွက်ခဲ့ပါဘူး။ ကျွန်မ ဘာကြောင့်ထုတ်မယ် ဆိုတဲ့အချက်ကိုပဲ ထည့်တွက်စဉ်းစားခဲ့ပါတယ်။ ကျွန်မက ခံစားချက်ကို ဦးစားပေးသူတစ်ဦးမို့ ရင်ထဲမှာ ခံစားရတဲ့အတိုင်းသာ လုပ်ကိုင် ဆောင်ရွက်တတ်ပါတယ်။

ဆရာဇော်ညီညီ စာတွေစရေးကတည်းက ကျွန်မနဲ့ ခင်မင်ရင်းနှီးခဲ့ပါတယ်။ ဒါဆို လူချင်းခင်လို့ စာအုပ်ထုတ်ပေးသလားလို့ မေးစရာရှိလာပြန်ပါတယ်။ လုံးဝမဟုတ်ပါဘူး။ facebook စာမျက်နှာထက်မှာ ဆရာဇော်ညီညီ စာတွေ မကြာခဏ တင်တတ်သူပါ။ ဒါပေမဲ့ ကျွန်မ ဖတ်ချင်စိတ်ဖြစ်တဲ့ စာများကိုသာ စိတ်

ဆန္ဒရှိတဲ့အချိန်မှာမှ ဖတ်ဖြစ်သူပါ။ တစ်နေ့ ကျွန်မစာမျက်နှာထက် tag လုပ်ထားတဲ့ ဆရာဇော်ညီညီရဲ့ စာမူအပိုင်းတစ်ခုကို တွေ့လိုက်ရပါတယ်။ စာထက်ပုံကိုကြည့်လိုက်မိချိန်မှာ အဲဒီစာမူလေးကို ဖတ်ကြည့်ချင်စိတ်တွေ ဖြစ်ပေါ်လာပါတယ်။ ဒါပေမဲ့ ဆရာဇော်ညီညီရဲ့ စတိုင်အတိုင်း အပိုင်းတွေအများကြီး ခွဲတင်မယ်ဆိုတာ သိနေတဲ့အတွက် နောက်ဆုံးအပိုင်း တင်ပြီးတဲ့အချိန်ထိ စောင့်ကြည့်နေလိုက်ပါတယ်။ နောက်ဆုံးအပိုင်း တင်ပြီးတဲ့အချိန်ကျမှ အစအဆုံး ဖတ်ကြည့်လိုက်ပါတော့တယ်။ အဆုံးထိအောင် ဖတ်ပြီးချိန်မှာ ဒီစာလေးကို စာအုပ်ထုတ်ဖြစ်ရင် ကောင်းမယ်ဆိုတဲ့အတွေး စတင်ဝင်ရောက်လာခဲ့ပါတယ်။ အတွေး အဆုံးသတ်မှာတော့ ဆုံးဖြတ်ချက်ပါ ကပ်ပါလာခဲ့တော့တယ်။ အဲဒီစာမူလေးကို စာအုပ်အဖြစ် အသက်သွင်းဖို့ ကျွန်မ အသေအချာ ဆုံးဖြတ်ချက်ချလိုက်ပါတော့တယ်။ စာအုပ်လေးတစ်အုပ်ဖြစ်ဖို့အတွက် စာမူလေးတစ်ခုတည်းနှင့် မဖြစ်နိုင်တဲ့အတွက် ဆရာဇော်ညီညီစိတ်ကြိုက် နောက်ထပ်စာမူလေးများကိုပါ ထည့်သွင်းပြီး စာအုပ်လေးတစ်အုပ် ဖန်တီးပုံဖော်လိုက်ပါတယ်။ စာအုပ်နာမည်ကိုတော့ ကျွန်မ အလွန်နှစ်သက်ခဲ့တဲ့ စာမူရဲ့နာမည် 'လွတ်မြောက်ပါတော့ သူ့နယ်မြေ'လို့ အမည်ပေးခဲ့ပါတယ်။

အချုပ်အားဖြင့်ဆိုရရင်တော့ ဒီစာအုပ်လေးကို ဘာကြောင့်ထုတ်သလဲလို့ မေးလာခဲ့ရင် ဖြေစရာအဖြေ တစ်ခုပဲရှိပါတယ်။ 'လွတ်မြောက်ပါတော့ သူ့နယ်မြေ'ဆိုတဲ့ စာမူလေးကို အရမ်းကြိုက်နှစ်သက်တဲ့အတွက် ထုတ်ခဲ့ခြင်းပါပဲ။ အခုချိန်မှာ ကျွန်မနှစ်သက်တဲ့ စာမူလေးကို စာအုပ်လေးအဖြစ် ရုပ်လုံးပေါ်လာခဲ့ပါပြီ။ စာဖတ်သူတွေရဲ့လက်ဝယ် လှလှပပလေး ချပြနိုင်အောင် ဖန်တီးပုံဖော်ခဲ့တဲ့ ဆရာဇော်ညီညီ၊ မေတ္တာစေတနာအပြည့်နဲ့ လူငယ်စာရေးသူများအား နွေးထွေးစွာ ကြိုဆိုအားပေးခဲ့ပြီး အမှာစာရေးသားပေးခဲ့တဲ့ ဆရာမ ဝင်းဝင်းမြင့် (နန်းတော်ရှေ့)၊ စာအုပ်လေးကို အလှပဆုံးဖြစ်အောင် စီစဉ်ပေးပါသော ဆရာမောင်ဆောင်းခနဲ့ ဒီစာအုပ်ကို ဝယ်ယူအားပေးကြတဲ့ စာဖတ်ပရိသတ်များ အားလုံးကို လေးလေးစားစားနဲ့ ကျေးဇူးအထူးတင်ပါတယ်။ ရှေ့ဆက်ပြီး ကျွန်မ နှစ်သက်တဲ့ စာမူကောင်းများကို ထုတ်ဝေရင်း စာပေခရီးလမ်းကြီးကို ပျော်ရွှင်စွာ ဆက်လက်လျှောက်လှမ်းနေပါဦးမယ်။

နိုင်လေး (ရွှေတောင်)

# လွတ်မြောက်ပါတော့ သူနှယ်မြေ

အခန်း ၁

'ဟယ် ...ကောင်မ၊ ညည်းဟာက မများလွန်းဘူးလား'

သပြေမက စကားပြောနေရင်းက ကျွန်မကို ထအော်တယ်။ ကျွန်မ ငွေယူများနေတာကို သိတယ်။ ဒါပေမဲ့ ကျွန်မ ခုချိန်မှာ ငွေကို အရေးတကြီး လိုအပ်နေတယ်။ ဘာကြောင့် လိုအပ်နေတယ်ဆိုတာကို မမေးနဲ့။ ကျွန်မ မျက်လုံးထဲမှာလည်း ငွေမှ ငွေ ဖြစ်နေတယ်။ ငွေမရလို့ မဖြစ်ဘူး။ ငွေမရရင် မောင့်အချစ်၊ မောင့်အကြင်နာနဲ့ ကျွန်မ ဝေးလိမ့်မယ်။ ကျွန်မ မောင်နဲ့ဝေးပြီး မနေနိုင်ဘူး။

'ကောင်မရယ် ... နည်းနည်းလေးများတာပါ။ နင့်မိတ်ဆွေတွေကလည်း သူဌေးတွေပါဟာ။ ဒီတစ်ခါတော့ ငါ့ကိုကူညီပေးပါ။ ငါ ငွေအရမ်းလိုအပ်နေလို့ပါ'

ကျွန်မစကား အဆုံးမှာ သပြေမက မဲ့ကာရွဲ့ကာနဲ့ ...

'နင့်အကောင်အတွက်ပဲ မဟုတ်လား။ နင်ကိုက ဝဋ်ကြီးလွန်းပါတယ်အေ။ အဝတ်စားဆိုလည်း အဝတ်အစား။ ငွေဆို ငွေ၊ ရွှေဆို ရွှေ ဒီလောက်ပေးနေတာတောင် သူ့လိုဘတွေက မပြည့်နိုင်သေးဘူးတဲ့လား။ ကောင်မ ကြည့်ကျက်လုပ်။ ဟိုက ရတာတွေမ,ပြီး ညည်းကိုပလစ်သွားမှ အသံပြဲကြီးနဲ့ မငိုနဲ့'

ပြောပြီး ဆောင့်ဆောင့်အောင့်အောင့်နဲ့ ကျွန်မအိမ်က ထွက်သွားတယ်။ ကျွန်မကိုယ်ကျွန်မ ဒီလောကမှာ ကံအကောင်းဆုံးလို့ မှတ်ယူထားတယ်။ ကျွန်မ မောင်ရဲ့ အသားအရေက ဖြူဖွေးပြီး နှုတ်ခမ်းပါးရဲရဲလေးနဲ့ သိပ်ချစ်ဖို့ကောင်းတာ။ ကျွန်မ ဆင်ထားတဲ့ အဝတ်အစား အကောင်းတွေနဲ့ဆို တကယ် မင်းသားတက်လုပ်လို့ ရတယ်။

မုဆိုးမတော်ပြီဆိုလည်း သေသပ်ပြီး ဘယ်နေရာမှာမ မောင်က ခြွင်းချက် မရှိဘူး။ တစ်ခါတစ်ခါ စိတ်လိုလက်ရမျှား ပြုံးလိုက်ရင် တစ်စွန်းတစ်စပေါ်လာတဲ့ သွားတက်လေးကိုက ချစ်စရာကောင်းလွန်းလှတယ်။ ဒါပေမဲ့ မောင်က နည်းနည်း မြှာမွေချင်တယ်။ ရုပ်ရည်လေးကလည်း ရှိ၊ အသုံးဆောင်လေးတွေကလည်း ခေတ်မီဆိုတော့ မောင့်ဘေးမှာ ကောင်မလေးတွေ ဝိုင်းဝိုင်းလည်နေတယ်။

မောင်နဲ့ ပတ်သက်မိတဲ့နောက်ပိုင်း ကျွန်မ ငွေကို အရင်ကထက် ပိုရှာ တတ်လာတယ်။ သပြေမက ပြောသာပြောတယ်။ ကျွန်မရဲ့ အချစ်ဆုံးလည်း ဟုတ်။ သူငယ်ချင်းလည်း ဟုတ်။ ညီအစ်မလည်း ဟုတ်တယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မပြောလိုက်တဲ့ ငွေတချို့နဲ့ ကနားတစ်ပွဲတော့ ဖြစ်ပြီ။

ဒီး ...

'နန်းတော်ကြီးကဒီးဟော့'

ကျွန်မ အသံကို ခပ်ကျယ်ကျယ်အော်ပြီး မင်းနဲ့မောင်းနဲ့ ကတယ်။ ဒီ ကနားပွဲကို ကျွန်မ သိပ်စိတ်မပါဘူး။ ဘာလို့လဲဆိုတော့ ဒီပွဲပြီးရင် မောင်နဲ့ ချိန်းထားတယ်။ ခုခေတ်စားနေတဲ့ ခေတ်ပေါ်ပစ္စည်းတစ်ခုကို မောင့်ကို ပေးချင် နေတယ်။ မောင့်ဘက်က မဆွတ်ခင်ကပဲ ကျွန်မက ညွှတ်ပြီး ပုံပိုးချင်နေတာ။

ကျွန်မ ကနားမှာ တစ်နေ့လုံး ပျာယာခတ်နေပုံကို သပြေမက မျက် စောင်း တထိုးထိုးနဲ့ ရန်လုပ်တယ်။ နောက်ဆုံး မယ်တော်လေးပါး စားတော် တိုက်ပြီးချိန်မှာ ကျွန်မစိတ်တွေ ပေါ့ပါးသွားတယ်။ ကျွန်မ တာဝန်ယူထားတဲ့ ပွဲတစ်ခု ပြီးသွားပြီ။ ဒီပွဲကျေးဇူးနဲ့ ကျွန်မ အရေးတကြီးလိုအပ်နေတဲ့ ငွေ တချို့လည်း ပြည့်ပြီလေ။ အမေဂျမ်းပင့်တုန်း သပြေမကို အမြင်ကပ်ကပ်နဲ့ တစ်ချက်၊ နှစ်ချက်လောက် ခပ်ကြမ်းကြမ်းလေး ကလော်တုတ်ပေးလိုက်တယ်။ ဒါမှ ဒီကောင်မကို တရားဝင် ဩဇာသီးရောင်းခွင့်ရတာ။ ဟိုလိုဆို တစ်ယောက် အကြောင်း တစ်ယောက် အူမချေးခါးမကျန် သိနေတာဆိုတော့ ပြောရဆိုရတာ မလွယ်။

ကနားပွဲတစ်ခုလုံး ပြီးပြီမို့ ကျွန်မ အိမ်ကိုစောစောပြန်လာခဲ့တယ်။ နောက်ပိုင်းကျန်တာတွေကို သပြေမနဲ့ သူတပည့်လေးတွေကြည့်လုပ်လိမ့်မယ်။ အအေးလေးသောက်၊ ရေလေးချိုးပြီး မောင် ဖုန်းခေါ်မယ့်အသံလေးကို ရင်ခုန် စွာနဲ့ စောင့်နေမိတယ်။

'မဆုံနိုင်တဲ့အကြောင်းလေး ရှိခဲ့ကြတော့ တစ်နေ့နေ့ အသင့်ဖြစ်အောင် ပြင်ဆင်ပါ့မယ်'

ကျွန်မ မျှော်လင့်နေတဲ့အချိန်မှာ ဖုန်းသံက ခပ်တိုးတိုးလေးမြည်လာ တယ်။ ကျွန်မ ရင်ခုန်စွာ ကောက်ကိုင်လိုက်တော့ ...

'ချစ် မောနေပြီလား။ မောင်က စိတ်ပူနေတာ၊ အာဘွား ...'

မောင်က ပြောရင်း 'ပြွတ်'ဆိုတဲ့ အသံတချို့နဲ့ ဖုန်းထဲကနေ အကြင်နာ အနမ်းလေးပေးတယ်။ အပြင်မှာ အနမ်းတစ်ပွင့်ရလိုက်သလိုမျိုး ကျွန်မမျက်နှာလေး ရဲရဲနီသွားတယ်။ 'ချစ်လိုက်တာ မောင်ရယ်'လို့ အပြောမှာ မောင်က ...

'ချစ်ကို မောင် ခုလာကြိုမယ်'ဆိုပြီး ဖုန်းချသွားတယ်။

နာရီဝက်လောက်အကြာမှာ မောင် ကျွန်မအိမ်ကို ရောက်လာတယ်။ ဘောင်းဘီအကျပ် အနက်လေးနဲ့ ကိုယ်ကြပ်အင်္ကျီ အညိုလေးက မောင့်ရဲ့ ကိုယ်ဟန်အလှပကို ပေါ်လွင်နေစေတယ်။ တစ်ချက်တစ်ချက် ကိုယ်ဟန်လှုပ်ရှားလိုက်တိုင်း ဖျတ်ခနဲ ဖျတ်ခနဲ ပေါ်ပေါ်လာတဲ့ စိန်နားကပ်သေးသေးလေးရဲ့ အလင်းရောင်တချို့က ကျွန်မအတွက် ပီတိကိုဖြစ်နေစေတယ်။

ကျွန်မ မောင့်ကိုချစ်လွန်းလို့ မောင့်အတွက် လိုအပ်တာမရှိရအောင် ကြိုးစားပေးထားတာ။ ဒါဟာ အချစ်မဟုတ်ရင် ဘာများဖြစ်နိုင်မလဲ မောင်။ တက်ကြွနေတဲ့ မောင့်ပုံလေးကို မြင်လိုက်တော့ ကျွန်မ တစ်နေ့လုံး ကခုန်သောက်စားထားပြီး ငွေရှာရလို့ မောနေတဲ့စိတ်လေးတောင် ပျောက်သွားတယ်။

'ကဲ ... မောင်၊ သွားမယ်လေ။ မောင် ကြည့်ထားတာ ဘယ်ဆိုင်လဲ'

ကျွန်မအပြောကို မောင်က ခေါင်းညိတ်ပြရင်း ကျွန်မဘေးကို လာထိုင်တယ်။ ဘယ်အချိန်ဖြစ်ဖြစ် မောင် ကျွန်မနားကပ်လာရင် ကျွန်မရင်ခုန်သံတွေ ဝုန်းဒိုင်းကြဲနေကျ။

## အခန်း ၂

မောင့်ပါးဖွေးဖွေးလေးကို ကျွန်မ အကြင်နာအနမ်းလေး ပေးမလို့ ရှေ့ကိုတိုးလိုက်တဲ့အချိန် မောင်က ဘေးကိုရှောင်တိမ်းသွားတော့ ကျွန်မရင်ထဲ အနည်းငယ် နာကျင်သွားတယ်။

ယောကျ်ားတစ်ယောက်ရဲ့ အချစ်ကို ဘာနဲ့ထိန်းချုပ်လို့ရမယ်ဆိုတာ ကျွန်မ သေချာမသိပေမဲ့ ခနဆိုတဲ့ ကြိုးတစ်ခုတော့ ကျွန်မတို့လို လူတန်းစားအတွက် မရှိမဖြစ်တဲ့ လက်နက်တစ်ခုဖြစ်နေမှာ သေချာပါတယ်။ ဒီလို ချောမောတဲ့ အမျိုးသားတစ်ယောက်ကကော ဘာအတွက်ကြောင့်များ ကျွန်မတို့ကို ချစ်ပါတယ်၊ မြတ်နိုးပါလို့ ပြောပါလိမ့်မလဲ။

တစ်ခါတစ်ခါ အချစ်ဆိုတာ ပုံသေနည်းမရှိတဲ့ကဗျာတစ်ပုဒ် ဖြစ်ကောင်းဖြစ်နိုင်ပေမဲ့ ကျွန်မကတော့ ပေးဆပ်လို့ချစ်တဲ့ အချစ်ကိုပဲ တန်ဖိုးထားမိတယ်။ မောင်ဆိုတဲ့ အသိတစ်ခုနဲ့ ချစ်နေခွင့်ရနေသမျှ မောင် ဘယ်လိုပဲပြုမူပြုမူ ကျေနပ်သာယာနေမှာပါ။

ကျွန်မ အတွေးတွေတသီကြီးနဲ့ မောင် ပစ္စည်းကြည့်ထားတယ်ဆိုတဲ့ ဆိုင်ကို ရောက်လာတယ်။ အလုပ်လုပ်၊ ငွေရှာရလို့ လူပင်ပန်းတယ်ဆိုတာ

မောင့်ကို အကြောင်းတစ်ခုခုနဲ့ ဆုံးရှုံးရမယ်ဆိုတဲ့ အသိတစ်ခုဝင်လာလို့ စိတ်ပင်ပန်းရတာနဲ့ နှိုင်းယှဉ်ရင် အများကြီးကွာတယ်။ ယောက်ျားတစ်ယောက်ကိုချစ်မိလို့ ပင်ပန်းတာမျိုး မဟုတ်ဘူး။ မောင်ဆိုတဲ့ သွေးသားတစ်ခုကိုချစ်မိလို့ကြားသမျှ မြင်သမျှအရာအားလုံးကို အချစ်ဆိုတဲ့ အသိတစ်ခုနဲ့ ဥပက္ခာပြုထားခဲ့တယ်ဆိုရင် ရှင်တို့ ယုံနိုင်မလား။

ကျွန်မတို့ အသိုင်းအဝိုင်းထဲမှာ ကျွန်မလိုလူ လက်ချိုးရေတွက်လို့ ရတယ်။ အချစ်နဲ့ ပေးဆပ်ခြင်း၊ ပေးဆပ်ခြင်းနဲ့ ရယူခြင်း၊ အတ္တနဲ့ အချစ်ကို အချိုးညီညီမချနိုင်တဲ့ အသိုင်းအဝိုင်းတစ်ခုမှာ 'ဘာဖြစ်ဖြစ် မောင် စိတ်ချမ်းသာရင် ပြီးတာပါပဲဟာ'ဆိုတဲ့ အချစ်သမကြီးတွေ ရှိနိုင်ပေမဲ့ အရမ်းကိုနည်းတယ်။

'ကောင်မ ... ငါချစ်သူကို လာမထိနဲ့၊ မီးပွင့်သွားမယ်။ စနိုက် လာမကြော်နဲ့'ဆိုတဲ့သူက ပိုများတယ်။ မောင့်အချစ်ကို ပိုင်ဆိုင်ရလို့ စိတ်ချမ်းသာရမယ့် အရေးထက် မောင့်ဘဝလေး အေးချမ်းပြီး ပျော်ပျော်ရွှင်ရွှင် မတောင့်မတမကြောင့်မကျတဲ့ ဘဝလေးကိုပေးဆပ်ရင်း ချစ်နေတာကော အချစ်စစ် မဟုတ်နိုင်ဘူးတဲ့လား။ ကျွန်မအပေါင်းအသင်းတွေက ကျွန်မကို ပြောကြတယ်။ မူယာပိုညည်းက နာခေါင်းမပါတဲ့သူတဲ့။ ကိုယ့်ချစ်သူ 'အစစ်မ'တွေနဲ့ သာယာနေလည်းနင် ကြည့်နေနိုင်တာ အံ့ဩတယ်တဲ့။ သူတို့အပြောကို ကျွန်မ မငြင်းပါဘူး။ ဘယ်သူက ကိုယ့်ချစ်သူ တစ်ပါးသူနဲ့ ချစ်ပွဲတွေဝင်နေတာကို ပျော်နေမလဲ။

ဒါပေမဲ့ ကျွန်မတို့က ကျွန်မတို့လေ။ သူများဘဝနဲ့ မတူဘူး။ ချစ်လို့ရတယ်။ မြတ်နိုးလို့ ရတယ်။ တွယ်တာလို့ ရတယ်။ ကြည်ဖြူရင် ဘာကိုပဲဖြစ်ဖြစ် မောင့်စိတ်တိုင်းကျဆိုပြီး အဆုံးသတ်မျဉ်းတွေ ဆွဲပစ်လိုက်လို့ ရတယ်။ ဒါပေမဲ့ လက်ထပ်ခြင်းဆိုတဲ့ ပန်းတိုင်ကို ဘယ်တော့မှရောက်လာနိုင်မှာ မဟုတ်ဘူး။ ပတ်ဝန်းကျင်မှာ ကျွန်မချစ်သူ မျက်နှာမငယ်ရဖို့၊ လူဝင်ဆံ့ဖို့ တချို့သောနာကျင်ခြင်းတွေနဲ့ ဥပက္ခာတရားတွေကို ကျွန်မ စည်းတာထားမှဖြစ်မယ်။

ဒါကြောင့် ကျွန်မ မောင်နဲ့ အပြင်သွားရင်တောင် အမြဲ ယောက်ျားပုံပဲဝတ်တယ်။ ကျွန်မရဲ့ပုံရိပ်ကြောင့် မောင့်ကို တစ်ပါးသူတွေအလယ်မှာ မျက်နှာမငယ်စေရဘူး။ ဒါဟာ မောင့်ပေါ်ထားတဲ့ အချစ်ထက်ပိုတဲ့ မေတ္တာစစ်စစ်ပါ။ ပင်ပန်းလှတဲ့ ဟန်ဆောင်ခြင်းတွေကြားမှာ အသားကျနေပေမဲ့ မောင့်လက်ကိုတွဲပြီး ကမ္ဘာတစ်ပတ်တောင် ဖြစ်နိုင်ရင် ပတ်လိုက်ချင်တယ်။ မောင့်လက်ဖျားလေးနဲ့ ကျွန်မရဲ့ပခုံးလေး ဒါမှမဟုတ် ပါးလေးကို လာထိရင်ကို ရင်ခုန်သံတွေက တဒိန်းဒိန်းခုန်နေတတ်တာ သာယာမှုတစ်ခုထက် ပိုပါတယ်။

'ညီမလေး ... ကိုယ့်ကို i Phone 6 လေး တစ်ချက်ပြပေးပါ'

ကျွန်မနဲ့ ဆန့်ကျင်ရာတစ်ဖက်မှာ မောင်က တခြားတံဆိပ်ဖုန်းတွေကြည့်နေတုန်း အရောင်းစာရေးမလေးကို ကျွန်မဈေးမေးလိုက်တယ်။ လုလိုက်

ဘာ i Phone 6 ရွှေရောင်လေးနဲ့ ငွေရောင်လေး။ ကျွန်မတောင် ဒီလောက် ဈေးများတဲ့ပစ္စည်းတွေ မသုံးဘူး။ ဒါပေမဲ့ မောင့်အတွက်တော့ လိုအပ်တယ်။ သူ့ရုပ်သူ့ရည်နဲ့ ဒီလောက်တော့ ကိုင်မှဖြစ်မှာ။ မဟုတ်ရင် အပေါင်းသင်းတွေကြားမှာ မျက်နှာငယ်နေလိမ့်မယ်။

ကိုယ်ပါးစပ်ကနေ 'ညီမလေး ...ကိုယ့်ကို' ဆိုတဲ့စကားကို မနည်းပြောယူရတယ်။ ဒါက မောင်နဲ့အတူတူသွားတဲ့ နေ့လေးမှာပဲ ပြောလေ့ပြောထရှိတဲ့ စကားလုံး။ ကျွန်မတို့ အပေါင်းသင်းတစ်သိုက်နဲ့ဆိုရင် ဒီဖုန်းဆိုင်က 'အစစ်မ'တွေ ကျွန်မတို့ရဲ့ ချေလုံးတွေ၊ ဂုန်းလုံးတွေနဲ့ ဝက်ဝက်ကွဲသွားမယ်။ 'ထိန်းချုပ်စမ်း မူယာပို၊ နင် မောင့်ကိုချစ်တာ သူများအထင်သေးမှုတွေ မလိုချင်ဘူး မဟုတ်လား'လို့ ကိုယ်ဘာသာကိုယ် သတိပေးနေရတယ်။

'ရွှေရောင်လေးယူရင် ဆယ်သိန်းကျော်လောက်ကျမယ် အစ်ကို'

အရောင်းစာရေးမလေးက ကျွန်မကိုကြည့်ပြီး အစ်ကိုလို့ ခေါ်တော့ နည်းနည်းတောင် နေရခက်သွားတယ်။

'ဟုတ်လား။ ကိုယ့်ညီကို ပြလိုက်ဦးမယ်။ ကိုယ်က သူ့အတွက် လာကြည့်တာ'

ဘယ်လောက်ဟန်ဆောင်ရင်း ထိန်းချုပ်ထားပါစေ ဗီဇလေးကတော့ ပေါ်ပေါ်လာတယ်။ ကျွန်မ ပြောလိုက်တဲ့ လေသံကို အခြောက်မအပေါင်းသူတော်ကောင်းတို့ကြားရင် ခင်ချေချေမိုးမြင့်ဆိုပြီး ပြောကြမှာသေချာတယ်။

ဒီအိုင်ဖုန်းလေးဝယ်ဖို့ ကနားလေးငါးခုလောက် ကျွန်မ တစ်ဆက်တည်းက ရအောင် ကြော်ရလော့်ရ ခြိမ်းရခြောက်ရနဲ့ တော်တော်ပင်ပန်းလိုက်သေးတယ်။ လက်ထဲက ငွေက ဆယ်ဂဏန်းမပြည့်ရင်တော့ ကိုယ်တော်ကြီး(ကိုကြီးကျော်)ရဲ့ တိုက်ကြက်လေးကိုပဲ သပြေမကို သွားထားခိုင်းရမယ်လို့ နောက်ဆုံးတွေးထားရတယ်။ မတတ်နိုင်ဘူးလေ။ တော်ကြာ သူလိုချင်တဲ့ပစ္စည်း ကျွန်မ မပေးနိုင်လို့ ကျွန်မဆီ မလာတော့ရင် ရင်ကွဲရမှာက ကျွန်မ မဟုတ်လား။

'ညီလေး မင်းခန့်ကျော် ... ဒီမှာ လာကြည့်လေ။ ကိုယ်ယူမယ့်ပစ္စည်းကို မကြည့်ဘဲ ဘာတွေသွားကြည့်နေတာလဲ'

ကျွန်မ စကားသံကို ကြားတော့ မောင်က ကျွန်မကို ဟန်ပါပါတစ်ချက်ကြည့်ပြီး ...

'ဟုတ် အစ်ကို၊ ဒီမှာ ကွန်ပျူတာလေးတွေ လှလို့ကြည့်နေတာ'

မောင် ပြောလိုက်တဲ့ အသံနဲ့ စကားအဆုံးမှာ ကျွန်မရင်ထဲ ထိတ်ခနဲဖြစ်သွားတယ်။ i Phone 6 ပြီးတော့ မောင်အသစ်ထွက်တဲ့ ကွန်ပျူတာလေးများ လိုချင်နေပြန်ပြီလား။ အမြဲ ဒီလိုလုပ်တတ်တဲ့ မောင့်ဗီဇလေးကို သိထားတော့ ကျွန်မ ရင်ထိတ်သွားတာတော့ အမှန်။ ကျွန်မလည်း မောင့်ကိုချစ်လွန်းလို့သာ

အင်း(ပုံပိုးနေရ) နေရတာ။ အလုပ်က ခုတလော သိပ်မဖြစ်။

အချစ်နဲ့ ခနကို အချိုးမချရဘူးလို့ ဆရာသမားတွေက သွန်သင်ခဲ့ကြဖူးတယ်။ ဒါပေမဲ့ ကျွန်မ မောင့်ကိုချစ်ခွင့်ရဖို့က ခနဆိုတဲ့ ကြိုးတစ်ခုကလွဲပြီး ကျန်တာတွေ မရှိဘူး။ အချစ်ကို ချည်နှောင်ချင်တာမဟုတ်ပေမဲ့ ချည်နှောင်ထားနိုင်တဲ့ အင်အားတစ်ခုကိုတော့ ကျွန်မ ဖန်တီးမှဖြစ်မယ်။ မောင် ပျော်မယ်ဆို အသွေးကို ယူပါ၊ အသားကိုလည်း ယူပါ။

မောင့်ရဲ့ ချစ်တတ်တဲ့ အသည်းတစ်နေရာမှာတော့ မူယာပိုဆိုတဲ့ အမည်နာမတစ်ခုကို ရှိနေခွင့်လေးပေးထားရင် တော်ပြီ။ မောင်တို့ ယောကျ်ားတွေဆိုတာ ကမ္ဘာမှာ အမြင့်မြတ်ဆုံးလို့ ကိုယ့်ကိုယ်ကိုယ် ခံယူထားတဲ့အမျိုးမို့လား။

## အခန်း ၃

လူတွေက ကျွန်မကို ပြောကြတယ်။ မိန်းမ သိပ်မဆန်ဘူးနော်တဲ့။ မိန်းမဆန်နေရင် မိန်းမ မဟုတ်တဲ့ ကျွန်မက မောင်နဲ့ ဘယ်လိုအဆင်ပြေပါ့မလဲ။ ကျွန်မရဲ့ပါရမီကိုက မောင့်အတွက် သီးသန့်မို့ပါ။ ရိုးရိုးလေး မျှော်လင့်ချက်မဲ့အောင် ချစ်ခဲ့တယ်။ ဒီအတွက် မောင် ဘာကိုပဲပေးပေး လက်ခံနိုင်တဲ့ ရင်ခွင်တစ်ခုနဲ့ နှလုံးသားကို မြင့်မြင့်မြတ်မြတ် ဖန်တီးထားတယ်။

* * *

လက်ထဲက ငွေနဲ့ဆို မောင်လိုချင်တဲ့ ကွန်ပျူတာအသစ်တစ်လုံးကိုလည်း ဝယ်ပေးလို့ ရနိုင်သေးတယ်။ နောင်ကိုလည်း ဝယ်ပေးရမယ့်အတူတူ မထူးပါဘူးဆိုပြီး မောင် လိုချင်တာတွေအားလုံး ဝယ်ပေးလိုက်တယ်။ မောင့်မျက်နှာပေါ်မှာ အပြုံးတစ်ချက် လှလှပပလေး ဖူးပွင့်ဖို့အတွက် ခင်းလိုက်ရတဲ့ငွေ၊ ကမ်းလိုက်ရတဲ့ငွေ။ လောကမှာ ငွေကသာ အခရာ၊ ငွေကသာ အကြင်နာတွေကို ဖန်တီးပေးနိုင်တယ်လို့ ကျွန်မပြောရင် မှားမလား။

'ချစ် ... မောင် အပြန်လိုက်မပို့တော့ဘူးနော်။ တက္ကစီငှားပြီးသာ ပြန်လိုက်တော့။ မောင် ဘော်ဒါတွေနဲ့ချိန်းထားလို့'

မောင့်စကားကြောင့် ကျွန်မစကားသံ တစ်ခွန်းမှမထွက်နိုင်အောင် ရင်ထဲနင့်သွားတယ်။ မှန်းချက်နဲ့ နှမ်းထွက် မကိုက်ပါလား မောင်ရယ်။ ကျွန်မ ထင်နေတာက ဒီတစ်နေ့တော့ မောင် ကျွန်မအတွက် အချိန်ပေးလိမ့်မယ် မျှော်လင့်ထားတာ။ မောင်က အမြဲဆို ကျွန်မက ဘယ်တုန်းကမှ အနက်လို့ မလုပ်ခဲ့ဖူးလေတော့ မောင့်သဘောပေါ့။

'အိုကေ မောင်။ မောင်လည်း ပင်ပန်းနေပြီ။ စောစောတွေ့၊ စောစော ပြန်နော်။ သိပ်မိုးချုပ်အောင် မနေနဲ့နော်'

'အင်းပါ ချစ်ရဲ့ ...'

မောင်က ပြောရင်း ကျွန်မလက်လေးကို ခပ်ဖွဖွလေး ကိုင်လာတယ်။ ချစ်။ ဒီလောက်ဆို ကျွန်မ ကျေနပ်ပြီ။ လောကမှာ မောင့်အတွက် ပေးဆပ်တဲ့ ချစ်ခြင်းမေတ္တာတရားနဲ့ ရှင်သန်ခွင့်ပေးတဲ့ အခြေအနေကိုပဲ ကျွန်မ မြတ်မြတ်နိုးနိုး ကျေးဇူးတင်နေမိတယ်။

မောင် ကျွန်မကို အငှားကားတစ်စီးပေါ်တင်ပေးပြီး သူ့သူငယ်ချင်းတွေနဲ့ တွေ့ဖို့ဆိုပြီး ထွက်သွားတယ်။ မောင့်ကျောပြင်လေးကြည့်ရင်း စမတ်ကျလှတဲ့ မောင့်ကို ပိုပိုပြီး မြတ်နိုးနေမိတယ်။ ကျွန်မစိတ်ကူးထဲမှာ မောင်ဆိုတဲ့ အသိ ဝင်လာတာနဲ့တစ်ပြိုင်နက် သာယာခြင်းတွေ၊ ကြည်နူးခြင်းတွေ တရိပ်ရိပ်တက်လာလို့ ပြုံးလိုက်မိတယ်။

ကားမောင်းတဲ့ တက္ကစီဒရိုင်ဘာက ကျွန်မအပြုံးကို နောက်ကြည့်မှန်ကနေ မြင်သွားပုံရတယ်။

'ဟဲဟဲ ... ချောတယ်နော်။ အားရင် ကိုယ့်အိမ် လာလည်ပါလား'

မောင့်ကြောင့် ကြည်လင်နေတဲ့စိတ်က ချက်ချင်းပျောက်ပြီး ဒေါသတွေ ထွက်လာတယ်။ လူကို စော်ကားလိုက်တာ။ ပုံစံက နွဲ့တဲ့တဲ့ဆိုပြီး လူကြီးတန်မဲ့ သွေးတိုးစမ်းလိုက်တာ။

'ရှင့်ရုပ် ရှင်လည်း ပြန်ကြည့်ပါဦး။ တစ်နေကုန် ထိုင်ကြည့်လို့ ငါးပြား မတန်တဲ့ ရုပ်နဲ့ လူကို ဘာမှတ်နေလဲ။ ဒါမျိုး မကြောက်လို့ တစ်ယောက်တည်း သွားနေတာ။ ပါးချည်းပဲ ဘယ်ပြန်ညာပြန် ချလိုက်လို့ ထမင်းမစားနိုင်ဘဲ ဖြစ်သွားမယ်။ ဟွန်း ...'

ကျွန်မ ပြောနေရင်းနဲ့ မျက်စောင်းတစ်ချက် ထပ်ထိုးလိုက်တယ်။

'ရပြီ၊ ဒီမှာပဲရပ်တော့။ ရော့ ... ပိုက်ဆံ'

ရွှေလမ်းကြားဆို ကျွန်မနေတဲ့အိမ် ရောက်တော့မှာမို့ လမ်းကြားမှာတင် ဆင်းလိုက်တယ်။ ပိုက်ဆံကို ကားအရှေ့ခန်းထဲ ပေါက်ပေးလိုက်ပြီး ...

'မျောက်အိုကြီး သံပရာသီးကိုက်ထားတဲ့ ရုပ်နဲ့ ကြည့်လည်းလုပ်၊ အေ ကိုက်နေမယ်'

ပုံမှန်ဆို ဒီလောက်ထိ စိတ်တိုမှာမဟုတ်ပေမဲ့ မောင့်နဲ့ ကြည်နူးနေတဲ့ အတွေးတွေ ပျောက်ကုန်လို့ တမင် ဝုန်းပစ်လိုက်တာ။ ကျွန်မကို သိပ်စွာတဲ့ သူဆိုပြီး နောက်ကနေ ကြည့်နေတယ်ဆိုတာသိနေတော့ တမင် တင်ပါးနှစ်ဖက် ကို စိပြီး ကော့တော့ကော့တော့ လျှောက်ပေးလိုက်တယ်။ စွဲမက်ပေတော့ အဘိုးအို။

ကျွန်မတို့ ဒီလမ်းကြားလေးက နည်းနည်းလေး မှောင်တယ်။ ဒီလို ည မရောက်တရောက် အချိန်လေးတွေဆို မောင် ကျွန်မလက်ကိုဆွဲပြီး လိုက်ပို့ ပေးတတ်တယ်။ ဒီနေ့တော့ သူလိုချင်တာလေးတွေရလို့ သူ့သူငယ်ချင်းတွေနဲ့

ဆိုင်တစ်ဆိုင်ဆိုင်မှာ ဒါမှမဟုတ်လည်း ကေတီဗီမှာ ကဲနေလိမ့်မယ်။ ဒီလို အတွေးဝင်လာပြန်တော့ အမျိုးသမီး တစ်ယောက်မဟုတ်တစ်ယောက် မောင့် အနား ရှိတော့မယ်ဆိုတဲ့အတွေးက တန်းဝင်လာတယ်။

'ဟဲ့ ...သပြေ၊ ကောင်မ တံခါးလာဖွင့်ပေးဦး'

'လာပါပြီတော်၊ လာပါပြီ။ မယ်မင်းကြီးမ မောင်တော်နဲ့ပြောရင် ပျားရည်နဲ့ ထန်းလျက်ကို ခွေးလျက်နေတဲ့အသံနဲ့ ကျုပ်တို့များဆို အော်လိုက်တာ'

ထဘီလိုဝတ်ထားတဲ့ ပုဆိုးစွန်တောင်စွဲကိုမရင်း အပြေးလေး လာဖွင့်တယ်။ ကျွန်မပါးစပ်က စကားခပ်ကြမ်းကြမ်းတွေကို သပြေမက ကောင်းကောင်း သိတယ်လေ။ အဘယ်ဆယ့်ခုနစ်နှစ်၊ ဆယ့်ရှစ်ကတည်းက အတူတူနေလာတဲ့ သူတွေပဲ။ ဒီလောက်တော့ အပျော့။ အိမ်ထဲရောက်ရင် ရေတစ်ခွက်ကို ကျွန်မ အတွက် ယူလာရင်း သပြေမက ...

'ကောင်မ နင့်ကို ငါမေးဦးမယ်။ အမှန်တိုင်းဖြေနော်' တဲ့။

သပြေမ စကားကြောင့် ကျွန်မ သောက်လက်စရေတောင် နင်သွားသလို။

'ကဲ ...ပြောမှာသာ ပြောစမ်းပါအေ။ စကားပလ္လင်တွေ ခံမနေနဲ့။ ကျန်တာတွေလည်း မခံနဲ့'

'ဟယ် ...မသော်မော်၊ အကောင်းပြောနေတာကို နောက်နေတယ်'

သပြေမက ခပ်ကြမ်းကြမ်း စကားတစ်ခွန်းပြောရင်း ကျွန်မကို စကား ဆက်ပြောတယ်။

'နင် ဘယ်လောက်ကုန်သွားလဲ။ ရှိတဲ့ငွေ အကုန်ယူသွားတယ် မဟုတ်လား'

သပြေမကိုတော့ ဘာမှကွယ်ဝှက်စရာ မလိုဘူး။ ဒို့တူပေါင်ဖက် လုပ်စားပြီး ရှန်းကန်ကြရတာလဲ အတူတူပဲ။ လောကဓံကို စရင်ဆိုင်ရကတည်းက ပုဆိုးကို ထဘီပုံဝတ်ပြီး ဆိုးတူတူ ကောင်းတိုင်ပင်နဲ့ ရှန်းကန်လာရတာ။ နှစ်ယောက်သား မန္တလေးရောက်တုန်း အတွေ့အကြုံရအောင်ဆိုပြီး ကျုံးဘေး လမ်းသလားလို့ ခွေးပြေးဝက်ပြေး ပြေးခဲ့ရတာမျိုးလည်း ကြုံခဲ့ဖူးပါ့။

## အခန်း ၄

ကျွန်မတို့ကိုက ကိုယ်တွေ ခြောက်နေတယ်ဆိုရင် မန္တလေးကျုံးဘေးမှာ ဇာတ်လမ်းလေးတွေရှိမှ သမိုင်းဝင်သလိုမျိုး ထင်မိကြတာ။ ငယ်စိတ်နဲ့ဆိုတော့ ရဲတွေနဲ့ ဝိုင်းကြီးပတ်ပတ် ဒူဝေဝေပေ့။ ခုတော့ မရှိလောက်တော့ပါဘူး။

'အင်း ...ဆယ့်ရှစ်ပုံးလောက် အမ်းလိုက်ရတယ်။ နည်းနည်း များသွားမလား'

'ဟယ် ...မူယာရယ်၊ နင့်ဟာက မများလွန်းဘူးလား။ ဒါဆို ဒီလ

အတွက် နင့်အဖေ ဆေးဖိုးနဲ့ နယ်ကိုပို့မယ်ဆိုတဲ့ ငွေက ဘယ်လိုလုပ်မှာလဲ'

သပြေမက အချက်ကျကျ မေးလာပြီ။ နင် ဖြေစမ်း မူယာပို။ သပြေမ ပြောတာ မှန်တယ်။ အမှန်ဆို ဒီလ ကျွန်မ နယ်က မိဘတွေကို ငွေပို့ရမှာ။ အဖေက ကျန်းမာရေးသိပ်မကောင်းလို့ တစ်လမှာ ရက်နှစ်ဆယ်လောက် ဆေးခန်း ပြေးပြေးနေရတာ။ မောင်နဲ့မတွေ့ခင်က အိမ်ကို အလျှံပယ်ပေးနိုင်သလောက် မောင်နဲ့တွေ့ပြီးနောက်ပိုင်း ကျွန်မကိုယ်တိုင်တောင် ဟိုအတန်း မရောက်တာ ကံကောင်း။

ကုန်လိုက်တဲ့ ငွေကလည်း ဟောခနဲ ဟောခနဲ။ ကိုယ်က ယောကျ်ား တစ်ယောက်ကို ချစ်မိထားတဲ့ ယောကျ်ားတစ်ယောက်ဆိုတဲ့ အတွေးနဲ့ မောင် ကြည်ဖြူအောင်၊ မောင် သာယာအောင်၊ မောင် ကျွန်မထံမှာ ယစ်မူးအောင် ဆိုပြီး သုံးလိုက်ရ၊ ပေးလိုက်ရတဲ့ငွေတွေ မနည်းမနောပါလား။

'အင်း ... ဒီတစ်လတော့ မေမေ့ကို ဖုန်းဆက်ပြီး အဆင်ပြေအောင် ကြည့်လုပ်ဖို့ပဲ ပြောရတော့မပေါ့။ ငါလည်း ဘာတွေဖြစ်မှန်း မသိတော့ပါဘူး သပြေရယ်'

သပြေမက ကျွန်မကို အပြစ်တင်တဲ့မျက်လုံးမျိုးနဲ့ ကြည့်ပေမဲ့ ဘာ မှတ်ချက်မှ မပေးဘူး။ သူကိုယ်တိုင်ကလည်း တချို့သော အကြောင်းကိစ္စလေး တွေ ကျွန်မနဲ့အတူတူ ကြုံဖူးလေတော့ သူငယ်ချင်း စိတ်မကောင်းဖြစ်မှာစိုးလို့ တိတ်သွားတာလည်း ဖြစ်နိုင်တယ်။

မောင့်ကိုဝယ်ပေးလိုက်တဲ့ ဆယ်သိန်းကျော်ဆို အဖေ့ဆေးခန်း နှစ်လစာ ရှိတယ်။ သပြေမက အိမ်ဆိုမှ ကျွန်မ အိမ်ကိုသတိရသွားတယ်။ ခွင့်လွှတ်ပါ ဖေဖေနဲ့ မေမေ။ သမီးက ကြီးမှမိုက်တဲ့ ကြီးမိုက်ပါ။ အကုသိုလ်တွေမှန်းသိပေမဲ့ ဘဝပေးကံဆိုပြီး ပျော်ပျော်ပါးပါး ရှာလိုက်ဖွေလိုက်၊ ပေးလိုက်ကမ်းလိုက်နဲ့ မစင် တွင်းထဲမှာ ပျော်ရွှင်နေတဲ့သူပါ။ ဖေဖေ ကျန်းမာရေးကောင်းကောင်းနဲ့ ကျွန်မနား ရှိရင် ကျွန်မကိုဖြစ်အင်ကိုကြည့်ပြီး ဘယ်လောက် ရင်နာလိုက်မလဲ။

ကျွန်မငယ်ငယ်က လူပုံကပျော့ဖတ်ဖတ်မို့ မိသားတစ်စုလုံး ပိုးမွေးသလို မွေးခဲ့တာ မှတ်မိသေးတယ်။ အိမ်အလုပ်လည်း ဘာမှမခိုင်းသလို စာကလည်း တော်သူမို့ ပိုပြီး ပစားပေးတယ်။

'ငါ့သားကို ကျားကျားလျားလျား ဖြစ်စေချင်တယ်' ဆိုတဲ့ စကားလုံး အောက်မှာတင် ကျွန်မ ခြောက်သွားတယ်။ နောက်တော့ ဖေဖေကိုယ်တိုင်က မွေးကတည်းကပါလာတဲ့ ဗီဇနဲ့ ပေးဆပ်ရမယ့် ဝဋ်ကြွေးလို့ သတ်မှတ်ထား လိုက်တယ်။ နောက် ကျောင်းကို အဝေးသင်နဲ့ ဘွဲ့ရအောင် တက်တယ်။

လူဆိုတာ ဖြစ်ချိန်တန် ကြုံကြိုက်ရင် ဘယ်သူမှ ပြေးလို့မလွတ်သလို ဘယ်သူမှလည်း ထိန်းချုပ်လို့မရနိုင်ဘူး။ မန္တလေး အဝေးသင်တက်တဲ့ တစ်

လျှောက်လုံး မိဘစကားကို မြေဝယ်မကျ နားထောင်ခဲ့ပေမဲ့ နောက်ဆုံးနှစ်မှာတော့ ကျွန်မဘဝ အပြောင်းအလဲတစ်ခုနဲ့ ကြုံလာတယ်။ အဝေးသင်က ဆယ်လ ဝိုင်း ဖွင့်မှာဆိုတော့ မေမေက သူညီမရှိတဲ့ မန္တလေးမှာပဲ သွားနေတော့ဆိုပြီး စောစောလွှတ်လိုက်တယ်။

ဆိုင်ကယ်တစ်စီးနဲ့ တောင်တောင်မြောက်မြောက် သွားရတာကိုလည်း ပျော်တယ်။ သူများတွေပြောပြောနေတဲ့ စီဒီးနားထောင့်ဆိုတာကို ကျွန်မ မိုးတိုး မိုးတိုး ကြားမိပေမဲ့ သွားလေ့လာဖို့ ကြိုးစားမကြည့်ခဲ့ဘူး။

မှတ်မှတ်ရရ တစ်ရက်ပေါ့။ မိုးတွေက စျေးချိုတော်တစ်ပိုက်မှာ ညို့နေအောင် မှိုင်းနေတယ်။ အဲဒီနေ့က ပစ္စည်းတချို့ဝယ်စရာရှိလို့ စျေးချိုအောက်ထပ်ကို လာဝယ်တာ။

'တောင်ပြုံးကို ...တောင်ပြုံးကို ...' ဆိုတဲ့ စပယ်ယာရဲ့ အသံနဲ့ 'ရွှေပြုံး ငွေပြုံး ပွဲရတောင်ပြုံး ...ပျော်မဆုံးလှတဲ့ တို့အညာပွဲတော် လာလည်ပါ ဗိုက်ခေါ် ...'ဆိုတဲ့ နတ်သီချင်းသံတွေ စျေးချိုတော်တစ်ပိုက်မှာ မြိုင်မြိုင်ထနေတယ်။ ဒီအချိန်မှာ စိတ်တွေက ထိန်းမရတော့ဘူး။ ဆိုင်ကယ်ကို စျေးချိုအောက်ထပ်မှာထားပြီး တောင်ပြုံးသွားမယ်ဆိုတဲ့ကားနဲ့ လိုက်သွားလိုက်တယ်။

မှတ်မှတ်ရရ ကျွန်မ သွားတဲ့နေ့က လူတွေ အရမ်းစည်ကားနေတယ်။ အနယ်နယ် အရပ်ရပ်ကလာကြတဲ့ ရွှေပွဲလာပရိသတ်တွေက အပြည့်။ လူတိုင်းရဲ့ လက်ထဲမှာလည်း သပြေပန်းတွေ အစီအရီကိုင်ပြီး နန်းကြီးကိုတိုးနေကြတယ်။ ကျွန်မ တောင်တောင်မြောက်မြောက်ကြည့်ရင်း နန်းတစ်ခုရှေ့ကို ရောက်လာတယ်။ မမြင်ဖူးတဲ့ အဝတ်အစားအဆန်းတွေနဲ့ ကျွန်မ နားမလည်တဲ့ (အဲဒီအချိန်က) စကားတွေကြောင့် အံ့ဩနေတယ်။ ဩော် ...သူတို့မှာလည်း သူတို့ ယဉ်ကျေးမှုနဲ့ ဘာသာစကားတွေရှိပါလားဆိုပြီး အထင်လည်း နည်းနည်းကြီးသွားတယ်။

'ဟယ် ...သမီးလေး လာလေ၊ အထဲမှာလာထိုင်'

စိတ်ထဲမှာ တစ်မျိုးခံစားလိုက်ရတယ်။ ယောကျ်ားလေးတစ်ယောက်ကို သမီးလေးလို့ခေါ်နေတဲ့ အစိမ်းရောင်ထိုင်မသိမ်း ဝတ်ထားတဲ့ နတ်ကတော်မာမီကြီးတစ်ယောက်က ကျွန်မကို လှမ်းခေါ်တယ်။ ရင်ခုန်သံတွေ ရင်ခုန်သံတွေဆိုတာ ပြောမနေနဲ့။ မြန်သွားလိုက်၊ နှေးသွားလိုက်နဲ့။

အမှန်ဆို သားလေးလို့ ခေါ်ရမှာလေ။ ဘာကြောင့် သမီးလို့ခေါ်သလဲဆိုတာ ကျွန်မ အဲဒီအချိန်က မတွေးမိဘူး။ ခုချိန်မှာတော့ ကျွန်မကိုယ်တိုင်က လူငယ်တစ်ယောက်ကို မြင်လိုက်တာနဲ့ သမီးလေးလား၊ သားလေးလားဆိုတာ သိနိုင်တဲ့ မနောအာရုံရနေပြီ။ ဘဝဆိုတာ ဆန်းကြယ်လွန်းလို့ ပြောပြရင် ယုံနိုင်မယ် မထင်ဘူး။

ကျွန်မအသားအရေက ဖြူဖြူသေးသေး လူဖလံလေးဆိုတော့ သူတို့

မျက်စိမှာ တန်းခန့်မှန်းမိတာလည်း ဖြစ်နိုင်တယ်။ အဲဒီအချိန်တုန်းက ခေတ်စားတဲ့ ဆံပင်အရှည်စတိုင်ကို ဆံကုပ်တစ်ခုနဲ့ ပင့်တင်ထားတာကို။

နတ်ကတော်မာမီကြီးရဲ့ သမီးဆိုတဲ့ စကားတစ်ခွန်းက ကျွန်မဘဝကို အကြီးအကျယ် ပြောင်းလဲသွားစေတယ်။ မာမီကြီးက အခြောက်တို့၊ တတ်သင့် တတ်ထိုက်တဲ့ အတတ်ပညာဟူသမျှကို လက်ထပ်သင်ပေးရင်း တစ်ဖက်မှာ လည်း မာယာများတဲ့ ချစ်ရေးချစ်ရာတွေကို ထဲထဲဝင်ဝင် သင်ပေးခဲ့တယ်။

နောက်ဆုံး ကျွန်မ ကိုယ့်ကိုယ်ကိုယ် မာမီလေးလို့ လက်ခံလိုက်တဲ့ တစ်နေ့က ပြောတဲ့စကားတွေကို ကျွန်မ မေ့သေးဘူး။

'မာမီ ဒါဆို သမီး ထဘီတွေ၊ ဘာတွေ ဝတ်လို့ရပြီပေါ့နော်'

ကျွန်မအမေးကို မာမီကြီးတွေ၊ မာမီလတ်တွေ၊ မာမီလေးတွေက ဝိုင်းပြီး ရယ်ကြတယ်။ မာမီကြီးကဆိုရင် 'အေးပေါ့ သမီးရယ်၊ ပွင့်ပြီပေါ့။ သမီးလေးက မာမီတို့ရဲ့ မျိုးဆက်သစ်လေးဖြစ်သွားပြီ။ တော်လေးဝဝင်တဲ့ မဟာဆီ မဟာသွေး ပေါ့။ လျှောက်ရမယ့်လမ်းကို ရဲရဲသာလျှောက်။ မာမီတို့ နောက်က လိုအပ်တာ ထောက်ပံ့မယ် သမီးရေ'

မာမီကြီး စကားအဆုံးမှာ မာမီအပေါင်းအပါ တစ်သင်းလုံးက လက်ဝါးချင်း ရိုက်လိုက်ကြပြီး 'ဒီနေ့ကစပြီး မာမီတို့နတ်လောကမှာ မူယာပိုလို့ အမည်နာမ ခေါ်စေ' လို့ ဝိုင်းဝန်း ညွှဘာပေးလိုက်ကြတော့တယ်။

## အခန်း ၅

ပွဲတော်အတွင်းမှာ ကျွန်မ မန္တလေးကိုမပြန်ဘဲ မာမီကြီးတို့နတ်နန်းမှာပဲ နေဖြစ်တယ်။ ဂိုဏ်းဝင်သွားတဲ့သူမို့လား မသိဘူး။ မာမီကြီးတွေ၊ မာမီလေးတွေက သဲသဲလှုပ် ချစ်ကြတယ်။ ဒီလိုနဲ့ပဲ နတ်ကတော်ဘဝကို အချိန်အနည်းငယ် အတွင်း နတ်ရိုးရာတွေလေ့လာရင်း ရောက်လာတယ်။ မငွေတောင် အစွဲမို့ 'နင် တော့ လင်မူနဲ့ မျက်ရည်ဝေရမယ် သမီးရေ'လို့ ပြောလိုက်တဲ့ မာမီကြီးအသံက ကျွန်မဘဝအတွက် ဒီလိုအဖြစ်အပျက်တွေကို ကြိုမြင်နေလို့ထင်ပါ့။

ကျွန်မ နတ်ကတော်ဖြစ်ပြီး သုံးနှစ်လောက်မှ မင်းခန့်ကျော်ဆိုတဲ့ မောင် နဲ့ စတွေ့တာ။ စတွေ့စက မောင်က ဒီလိုပုံမျိုးမဟုတ်ဘူး။ ချောပေမဲ့ အရမ်းကြီး ဟောနေတဲ့ဒီဇိုင်းမျိုးမဟုတ်ဘဲ သန့်နေတာမျိုး။ ဆိုင်တစ်ခုမှာ သူ ငွေမလောက် လို့ ကူညီပေးရင်းကနေ စလိုက်တဲ့ဇာတ်လမ်းက သံသရာအထိမဆုံး ဖြစ်သွား တာ။ သဒ္ဓါလွန်လို့ တဏှာရဲ့ကျွန် စစ်စစ်ဘဝကို ကျွန်မ ရောက်ခဲ့ရတာ။ နေ့ တွေ ညတွေတိုင်းမှာ ချစ်သူနဲ့တိုက်ပွဲဝင်ဖို့ ကြိုးစားဟန်ပြင်နေမိတယ်။

နောက်ပိုင်းမှာ မောင်က တခြားသူတွေထက် ပိုပိုပြီး ပညာတွေစုံလာ တယ်။ ဘယ်သူ့ကို ဘာစကားပြောရင် ဘယ်လောက်ကျမယ် ဆိုတာကအစ

တဖြည်းဖြည်းနဲ့ တွက်တတ်လာတယ်။ ဒီလို တွက်တတ်ချက်တတ်၊ အကွက်ရှာတတ်၊ ဇယားတွေ ကပ်တတ်လာအောင်လည်း ကျွန်မတို့ အသိုင်းအဝိုင်းက သင်ပေးနေကြတာကို။ တချို့သူတွေ သင်သင်ပေးရင်း မောင်က ပညာရှင်စစ်စစ် ဖြစ်လာတယ်။ အဲဒီအချိန်မှာ မောင့်ကို ဘယ်သူမှ ထိန်းလို့မရတော့ဘူး။

ကျွန်မတို့ မဟုတ်ရင်လည်း တခြားသူတွေက မောင့်အတွက်ဆိုရင် ရေမီးအစုံ ဖြစ်နေတတ်ကြတာကို။

အတွေးတွေက တောင်ရောက်မြောက်ရောက်နဲ့ အိပ်စက်ခြင်းက ကျွန်မထံ ရောက်မလာနိုင်သေးဘူး။ သပြေမကတော့ အိပ်တာ ဟောက်တောင်နေပြီ။ မြင်းခြံကလာတဲ့ ချည်ထည်ဘောင်းဘီအတိုကို ဝတ်ပြီး ကျွန်မကိုကျောပေးဟောက်နေတဲ့ သပြေမကို အမြင်ကပ်ကပ်နဲ့ ဖင်ကို တစ်ချက်ရိုက်ပေးလိုက်တယ်။ ဟုတ်တယ်လေ။ ကျွန်မကတော့ အိမ်ကိုပို့မယ့်ငွေကို မောင့်အတွက် ပစ္စည်းဝယ်ပေးလိုက်မိတာ နောင်တရမဆုံးဘူး။

ငွေမပြည့်မစုံနဲ့ အဖေ ဆေးခန်းသွားနောက်ကျမှာကို တွေးမိတိုင်း မိုက်လိုက်တဲ့ ငါလို့ တွေးမိပေမဲ့ မောင့်မျက်နှာ၊ မောင့်အပြုံးအောက်မှာ ကျွန်မက ကြီးကျယ်မြင့်မြတ်လွန်းတဲ့ ပေးဆပ်သူကြီးဆိုတဲ့ ဂုဏ်ပုဒ်ကို ဂုဏ်တက်နေစေပြန်တယ်။ မောင် တစ်နှစ်မှာ တစ်လ၊ တစ်လမှာ တစ်ပတ်၊ တစ်ပတ်မှာ တစ်ရက် ကျွန်မနေတဲ့အိမ်ကို လာလာနေဖို့ ပေးလိုက်ရ ကမ်းလိုက်တာတွေ နည်းတာမဟုတ်ဘူး။ လုပ်တတ်ကိုင်တတ် ရှာတတ်ဖွေတတ်တဲ့ အသိုင်းအဝိုင်းနဲ့ မိတ်ဆွေကောင်းတွေ ရှိနေလို့သာ ကျွန်မ ဟိုအတန်းကို မရောက်တာ။ မဟုတ်ရင် မလွယ်ဘူး။

* * *

'ဘာပြောတယ် သပြေမ။ ညည်း မနောက်နဲ့နော်'

ကျွန်မ စိတ်ဆိုးစွာ အော်လိုက်တဲ့အသံကို သပြေမက လေပြည်အေးနဲ့ 'ဟုတ်တယ်။ ညည်း စိတ်အေးအေးထား။ ညည်းအဖေ ဆုံးပြီတဲ့။ ညည်းမေမေ ဖုန်းဆက်တယ်။ ညည်းဖုန်းကိုခေါ်တာ ဆက်သွယ်မှုဧရိယာ ပြင်ပမို့တဲ့'

နတ်ကနားပွဲတစ်ခုမှာ အမေဂျမ်း ချော့မလို့ ပြင်နေတုန်း ကြားလိုက်ရတဲ့ အသံက ကျွန်မခေါင်းကို မိုးကြိုး ဆယ်ခါပစ်လိုက်သလိုပင်။ ဖေဖေ ဆုံးပြီတဲ့။ မဖြစ်နိုင်ဘူး။ လုံးဝမဖြစ်နိုင်ဘူး။ ဖေဖေက ဘာလို့ဆုံးရမှာလဲ။ မဖြစ်ရဘူးနော်။ မဖြစ်ရဘူး။ ကျွန်မ ဖေဖေရဲ့ ကျေးဇူးကြွေးတွေ ကြေအောင် မဆပ်ရသေးခင် မသေရဘူးနော်။

'နယ်ကိုသွားရအောင် ညည်း အခုအိမ်ပြန်လာခဲ့'

သပြေမက ဖုန်းချသွားပြီ။

ပွဲက ကတော့မယ့်တန်းလန်းကြီးမို့ တစ်ချိုးလောက်တော့ ကမှဖြစ်မယ်

လို့ တွေးရင်း ဆိုင်းဆရာကို လက်ပြလိုက်တယ်။ ဆိုင်းဆရာက အမေဂျမ်း နတ်ချိုးကို မြိုင်နေအောင်တီးတယ်။ ဝတ်ထားတဲ့ အနက်ရောင်ဝမ်းဆက်နဲ့ လာဆက်တဲ့ လက်ဖက်ကို အရက်နဲ့ ခပ်များများသောက်လိုက်တယ်။ ကျွန်မ တစ်သက်မှာ ဒီတစ်ခါ အမေဂျမ်းချော့တာ အကြမ်းဆုံးဖြစ်လိမ့်မယ်။ စိတ်ထဲမှာ ဖေဖေ့အတွက် မခံနိုင်တဲ့စိတ်နဲ့ ဒင်းကြောင့် ငါ့ဖေဖေကို ငွေမပို့မိလို့ ခုလိုဖြစ်တာဆိုပြီး ပါးစပ်က လိုမ့်လိုမ့်ပြီး ဆဲမိတယ်။

ဒီတစ်ပွဲပြီးရင်တော့ အိမ်က အဖေနဲ့ အမေကို ထပ်ပို့ရင်း အရင်လက မပို့ဖြစ်တဲ့ကိစ္စကို တောင်းပန်မယ်လို့ တွေးထားတာတော့ သွားပြီ။

ကျွန်မ ဒီငွေတွေကို အခု ဘာလုပ်ရတော့မှာလဲဟင်။ ဖေဖေဆုံးသွားပြီ ဆိုတဲ့အသံ ကြားတာနဲ့ စိတ်ထဲမှာ မောင်ဆိုတဲ့ ကောင်ကို တန်းမြင်ယောင်လာတယ်။ ဒင်းကြောင့်။ ဒင်းအပြုံးတွေ၊ အပြုအမူတွေနောက်ကို ဘကောက်ကောက် လိုက်ပြီး ဖြည့်ဆည်းပေးရလွန်းလို့။

ငိုတာမဟုတ်ပေမဲ့ မျက်ရည်တွေက တဖွားဖွားကျနေတယ်။ ရင်တစ်ခု လုံး ပူလောင်နေတဲ့အပြင် ကျွန်မ ကိုယ့်ကိုယ်ကိုယ် ဘယ်လိုမှ ခွင့်မလွှတ်နိုင် ဘူး။ ကျွန်မ တပည့်လေးတစ်ယောက်ကို ပွဲကိုဆက်ထိန်းဖို့ မှာထားပြီး ကျွန်မ ပြန်ခဲ့တယ်။

အိမ်ကိုရောက်တော့ သပြေမက အထုပ်အပိုးတွေနဲ့ ကျွန်မကိုစောင့်နေ တယ်။ နာကျင်လွန်းတဲ့စိတ်နဲ့ ကျွန်မကိုယ်ကျွန်မ ရွံမိတယ်။ ကျွန်မအတွက်နဲ့ မိဘနှစ်ပါးမှာ တစ်ယောက်ဆုံးပါးသွားလို့ ကျေးဇူးဆပ်ခွင့် မရနိုင်တော့ဘူး။ ကျွန်မ အိမ်မှာအစီအရီတင်ထားတဲ့ အုံးပွဲ၊ ငှက်ပျောပွဲနဲ့ နတ်ရုပ်တွေက ကျွန်မ ကို လှောင်ရယ်ပြနေကြသလိုပဲ။

'အစ်မတော် မငွေတောင်ပုံကဆိုရင် လုပ်လေကောင်မ၊ ညည်း ခုတော့ သိပြီမို့လားဆိုတဲ့ အပြုံးမျိုး ပြနေတယ်လို့တောင် ထင်မိတယ်'

ပုဆိုးဝတ်ရင် အမြီတမ်း ပြားချပ်နေအောင်ထားတဲ့ ခါးပုံစကို ဖြေလိုက် တယ်။ နောက် အုံးပွဲ၊ ငှက်ပျောပွဲနဲ့ နတ်ရုပ်တွေကို မျက်တောင်မခတ်ဘဲ ကြည့်တယ်။ ကျွန်မမျက်လုံးမှာ ချစ်ခြင်းမေတ္တာတွေအစား အမုန်းတရားဆိုတဲ့ အငွေ့တွေ တဖွားဖွားလွင့်လာတယ်။

'ယောကျ်ားတစ်ယောက်အတွက် ရှင်တို့ကို အမိုပြုပြီး ပေးဆပ်ရတဲ့ဘဝ ကုန်ပြီ။ ဒီနေ့ဟာ ရှင်တို့နဲ့ ကျွန်မ ရေစက်ဆုံတဲ့ နောက်ဆုံးနေ့ပဲ' လို့ပြောပြီး နတ်ရုပ်တွေတင်ထားတဲ့ ပဝါအနီစကို ဆွဲလှန်ပစ်လိုက်တယ်။

*

## အခန်း ၆

အဲဒီလို ဆွဲလှန်ပစ်လိုက်တော့ ရှိတဲ့နတ်ရုပ်တွေအားလုံး ကြမ်းပြင်ပေါ်

ကျပြီး အသံပေါင်းစုံ ထွက်လာတယ်။

'ဟယ် ... ကောင်မ၊ ညည်း ဘယ်လိုလုပ်လိုက်တာလဲ။ ညည်းတစ်သက်လုံး ကိုယ်တော်တွေ ကျွေးလို့၊ ကိုယ်တော်တွေ မွေးလို့ လူတစ်လုံး သူတစ်လုံး ဖြစ်လာတာလေ'

သပြေမက ကျွန်မကိုကြည့်ပြီး အံ့သြဝမ်းနည်းစွာဆိုရင်း သူမမျက်ဝန်းက မျက်ရည်တွေကျလာတယ်။

'ညည်းနှယ်အေ ...၊ ကိုယ့်လင်မှုသားမှုတွေ အဆင်မပြေတိုင်း ငါ့ကိုယ်တော်တွေကို ရန်မလုပ်ပါနဲ့။ နင် ရွှေဆိုရွှေ၊ နင် ငွေဆိုငွေ၊ နင် တိုင်တည်တိုင်း ကိုယ်တော်တွေဘက်က တာဝန်မကျေတာ ဘာရှိခဲ့လို့လဲ။ ညည်းသာ လင်စိတ်သားစိတ် မွှန်နေလို့ ဒါမျိုးတွေ ဖြစ်လာတာ။ ထိန်းရမှာက ညည်းရဲ့ လင်တရှူးတဲ့ စိတ်ဟဲ့ ကောင်မရဲ့ ...'

တစ်ခါမှ ကျွန်မကို မာမာထန်ထန်မပြောတဲ့ သပြေမက ကျွန်မကို စိတ်ဆိုးမာန်ဆိုး ပြောနေတယ်။ ငိုရင်းနဲ့ပြောလိုက်တာ ရစရာကို တစ်ခုမှမရှိတော့ဘူး။ နောက် သပြေမက ကိုယ်တော်ကြီး ကိုယ်တော်လေး နတ်ရုပ်တွေ၊ ကိုကြီးကျော် နတ်ရုပ်တွေကို သူ သတ်မှတ်ထားတဲ့ နေရာတွေအတိုင်း ပြန်ထားရင်း

'ညည်းကိုအေ ငါ့မှာ အသိဉာဏ်ကြီးတဲ့သူ၊ ငါတို့တွေထက် ပညာတတ်တဲ့ ပညာရှိမကြီးဆိုပြီး နင် ဘာလုပ်လုပ် အကောင်းမြင်ခဲ့တာပါအေ။ ညည်းခုလို ငါ့ကိုယ်တော်ပုံတွေကို တွန်းချတာမြင်တော့ ငါ ရင်နာတယ်ဟေ့၊ ရင်နာတယ်'

သပြေမက သူ့ရင်ဘတ်ကို ထုထုပြီး အော်ကြီးဟစ်ကျယ် ပြောပြောငိုတယ်။ ကျွန်မ ဘာတွေလုပ်မိလိုက်ပါလိမ့်။ ရင်ထဲမှာ မခံစားနိုင်တဲ့ ဝေဒနာတစ်ခုကို အရှင်တွေပေါ်မှာ ယုံကြည်အားကိုးစိတ်နဲ့ ပေါက်ကွဲထွက်ကုန်တာ ဖြစ်မယ်။

'ကိုးပြစ်ရှိရင်လည်း ကြေပါ။ ဆယ်ပြစ်ရှိရင်လည်း ကြေပါ။ ဒီ လင်တရှူးမကိုလည်း ခွင့်လွှတ်တော်မူပါ'

အသံကိုကျယ်ကျယ်အော်ပြီး ငိုနေရင်း သပြေမက အရှင်တွေကို တောင်းပန်နေတယ်။

ကျွန်မ အသိစိတ်ကပ်လာတဲ့အချိန်မှာ ကျွန်မလည်း မျက်ရည်တွေထွက်နေပြီ။ ဒီထက် အဆိုးဝါးဆုံးက ကျွန်မရဲ့ တိုက်ကြက်လေး ခေါင်းကျိုးသွားတယ်။ ဘုရားဘုရား ကိုကြီးကျော်ရဲ့ ရွှေတိုက်ကြက်လေး။ ကျွန်မ ကတော်ဖြစ်ခါစ ဟောကိန်းတွေ၊ ပြောကိန်းတွေ မှန်လို့ဆိုပြီး ကျွန်မရဲ့ နတ်ဆွေနတ်မျိုးတွေ ဆက်ထားတဲ့ခေါင်းကို ရွှေငါးကျပ်သားနဲ့လုပ်ထားတဲ့ တိုက်ကြက်လေး ...၊ သွားပြီ။ ကျွန်မ စိတ်ကိုမထိန်းနိုင်လိုက်တဲ့ခဏမှာ ကျွန်မ တန်ဖိုးထားတဲ့အရာလေး ကျိုးသွားပြီ။

သပြေမကတော့ ကျွန်မကို မျက်စောင်းတထိုးထိုးနဲ့ မကျေနပ်နိုင်သေးဘူး။

'အေးပါ ကောင်မရယ်။ ငါ မှားသွားပါတယ်။ ခုတော့ အဆင်ပြေသလိုပဲ ထားခဲ့ပါတော့။ ဖေဖေ့ရက်လည်ပြီးမှ သေချာလေး ငါ ပြန်လုပ်ပါ့မယ်အေ'

'ညည်း သေချာတယ်နော်'

ကျွန်မအပြောကို သပြေမက စိတ်မချစွာ မေးရင်း ...

'ပြောတဲ့အတိုင်းမလုပ်ရင် အရှင်းနှစ်ပါးရဲ့ လက်သုံးတော်ဓားနဲ့ ဒီလင်တရှူးမကို ဖယ်ရှားတော်မူပါဘုရား။ စီးတော်ကျားနဲ့ တိုက်တော်မူပါ'

သပြေမက ပြောလျက်နဲ့ တောင်ပြုံးအရှင်နှစ်ပါးကို လှမ်းတိုင်တည်တယ်။ သပြေမစကားသံ ကြားလိုက်တဲ့အချိန် ကျွန်မ အနည်းငယ် ရင်ထိတ်သွားမိတယ်။ ဘုရား ... ဘုရား ... တောင်းပြုံးအရှင်နှစ်ပါးမှာ ကိုယ်တော်လေးက အပြစ်ရှိတဲ့ ဘယ်ကတော်ကိုမှ ခွင့်လွှတ်လေ့ ခွင့်လွှတ်ထမရှိဘူး။ ကျွန်မ ကြက်သီးတွေ တဖြန်းဖြန်းထပြီး မွေးညင်းတွေတောင် ထောင်သွားတယ်။

'တပည့်တော်မကို ခွင့်လွှတ်တော်မူပါဘုရား'

ကျွန်မ နှုတ်က ခပ်ဖွဖွရွတ်ပြီး အရှင်းနှစ်ပါးအရုပ်ရှေ့ ခေါင်းထိုးဝင်လိုက်တယ်။ အရှင်နှစ်ပါးရဲ့ အကြည့်တွေက ကျွန်မပေါ် စိမ်းသက်နေသလို ခံစားနေရတယ်။ ကိုကြီးကျော်ရဲ့ ရွှေကြက်လေး လည်ပင်းကျိုးသွားသလို ဆက်ထားတဲ့ အရက်ပုလင်းတွေကလည်း ကွဲကုန်ပြီ။

'ခုမှတော့ လုပ်မနေနဲ့တော့။ ညည်းအဖေအသုဘက ပြန်လာမှ ပွဲတွေဘာတွေ ပြန်တင်ပြီး တောင်းပန်တော့။ နောက်ကျနေမယ် သွားကြစို့'

အထုပ်အပိုးတွေ သယ်လာရင်း သပြေမကဆိုတော့ ကျွန်မ ကိုယ်တော်တွေကို စိတ်မကောင်းစွာတောင်းပန်ရင်း ထားခဲ့ရတော့တယ်။ နယ်က မေမေ့အိမ်လေးကိုရောက်တော့ ဖေဖေ့အလောင်းကို နယ်ထုံးစံအရ သုံးရက်ပဲထားပြီး သဂြိုဟ်ရမယ်တဲ့။ ပါလာတဲ့ငွေလေးနည်းနည်း အမေ့ကိုပေးပြီး ဖေဖေ့နာရေးကို ကောင်းကောင်းမွန်မွန် လုပ်ပေးမိတယ်။ မေမေကတော့ ကျွန်မဖြစ်အင်တွေကို ဘာမှမသိဘဲ ဖေဖေဆုံးသွားလို့ စိတ်မကောင်း မျက်နှာမလှတာဟုပင် ထင်နေလိမ့်မယ်။ ကျွန်မမှာသာ ကျွန်မကိုချစ်ပြီး စောင့်ရှောက်တဲ့နတ်တွေကို စော်ကားမိတဲ့ အပြစ်ကို ထိတ်လန့်နေတယ်။

ညညဆို အိပ်မက်တွေက မကောင်း။ ကျွန်မတစ်ယောက်တည်း တောထဲမှာ ကျားတွေ တွေ့လိုတွေ့၊ မြွေတွေ လိုက်လိုလိုက်နဲ့။ မေမေ့အိမ်မှာ အိပ်ရေးပျက်တဲ့ညတွေ များလာပြီ။ ဖေဖေ့ရက်လည်ပြီးတာတောင် မပြန်ဘဲ မေမေနဲ့ သူ့ညီမတွေအိမ်မှာ လိုက်အိပ်၊ လိုက်စား၊ လိုက်နေတယ်။ သပြေမက ကျွန်မ ဒီမှာ အေးဆေးနေလို့ရအောင် ငွေတချို့ကို လှမ်းပို့ပေးတယ်။ ဖေဖေရှိစဉ်ကတော့

ဖေဖေ့ကိုကြောက်လို့ ဒီလို နတ်ကတဲ့အလုပ်ကို အသိုင်းအဝိုင်းတစ်ခုလုံးက မဆန့်ကျင်သလို ကန့်လည်း မကန့်ကွက်ခဲ့ကြဘူး။ ကျွန်မ ဘာလုပ်လုပ် ဥပက္ခာ တရားနဲ့သာ ဆက်ဆံကြတယ်။

နောက် နတ်ကလို့ရတဲ့ ငွေကြေးလေးတွေကို အိမ်ကိုပို့ပေးတဲ့အချိန်နဲ့ ဖေဖေက ကျန်းမာရေးချူချာတဲ့အချိန် ကိုက်နေလို့ ပြောလို့မနိုင်တဲ့သူဆိုပြီး ပစ်ထားလိုက်တာလည်း ဖြစ်နိုင်ပါတယ်။ ဖေဖေရှိစဉ်ကတော့ နယ်ပြန်ရင်တောင် အေးအေးဆေးဆေးပဲ နေဖြစ်တယ်။ သိသာသိစေ၊ မမြင်စေနဲ့ဆိုတဲ့ သဘော မျိုးပေါ့။ ပြီးတော့ နယ်မှာသိတဲ့ ကျွန်မနာမည်က 'ဖိုးကျော်'။ နာမည်အရင်းက 'ကျော်ကျော်'ဆိုတော့ 'ဖိုးကျော်'လို့ပဲ တစ်ရွာလုံးကခေါ်ကြတယ်။

'ဖိုးကျော် ... မင်းအဒေါ်က ဟိုဘက်ရွာက သူ့အိမ်တစ်လုံးနဲ့ လယ် ဆယ်ဧက ရောင်းရလို့ ကနားပေးမယ်တဲ့။ မင့်အဖေ နေမကောင်းဖြစ်နေလို့ မင့်အဒေါ် ကနားပေးမယ့်ကိစ္စကို ခဏနောက်ဆုတ်ထားတာ။ မင်းအဖေ ဆုံး သွားတာလည်း တစ်လလောက်ရှိပြီဆိုတော့ အခု လုပ်ချင်တယ်တဲ့။ နယ်က နတ်ကတော်တွေနဲ့တိုင်ပင်ပြီး မင်းပဲ ဦးစီးလုပ်လိုက်။ ငါကတော့ ယုံတယ်လည်း မဟုတ်ဘူး။ မယုံဘူးလည်း မဟုတ်ဘူး။ မင်းအဒေါ် စိတ်ချမ်းသာရင် ပြီးတာပဲ'

ဒီလိုနဲ့ အမျိုးတွေရဲ့ကနားတစ်ခုမှာ ကပေးဖို့ အကြောင်းဖန်လာတယ်။ ဖေဖေ့ရက်လည် ပြီးပြီးချင်း ဟိုမှာကျန်ခဲ့တဲ့ အလုပ်တွေလုပ်ဖို့ ပြန်သွားတဲ့ သပြေမကို နတ်ရုပ်တချို့ယူပြီး ဒီမှာကနားလာကဖို့ အကြောင်းကြားလိုက်ရင်း လိုအပ်တဲ့ပစ္စည်းတွေကို စုဝယ်ထားလိုက်တယ်။

သပြေမ ရောက်တဲ့အချိန်မှာ ဒီမှာ နတ်ကနားအတွက် လိုအပ်တဲ့ပစ္စည်း စုံစုံလင်လင်နဲ့ ပြင်ဆင်ထားတော့ အဲဒီကောင်မ ယူလာတဲ့နတ်ရုပ်တွေ ခင်းလိုက် တာနဲ့ ကနားတစ်ခု စလို့ရပြီ။

* * *

နာခေါင်းထဲမှာ ထွန်းထားတဲ့အမွှေးတိုင်ရနံ့တွေက မွှေးပျံ့မနေဘဲ အနည်း ငယ် စိမ်းသက်နေတယ်။ နောက် ကိုယ်တော်တွေပုံရိပ်ကလည်း အနည်းငယ် ခတ်ထန်နေသလို ခံစားနေမိတယ်။ အမှန်ပြောရရင် ကျွန်မ ဒီပွဲအတွက် အနည်း ငယ် စိုးရိမ်နေတယ်။ ကျေးဇူးပြုပြီး အရှင်တွေကျေးဇူးနဲ့ အဆင်ပြေပြေ ပြီးပါစေ။ ကိုယ့်နယ်မှာ လုပ်တဲ့ပွဲမို့ ပိုပြီးအဆင်ပြေပြေ ဖြစ်စေချင်နေတယ်။ ငှက်ပျောပွဲ၊ အုန်းပွဲတွေ အားလုံးကို သက်ဆိုင်ရာနေရာတွေမှာ အစီအရီထိုးပြီး စံပယ်ပန်း တွေကိုလည်း ဝေနေအောင်လှူထားတယ်။ မနက် ၉ နာရီလောက်မှာတော့ ကနားအစကို သပြေမနဲ့ တခြားနတ်ကတော်နှစ်ယောက်ပေါင်းပြီး အဖွင့်ကနိုင်း လိုက်တယ်။

'မြန်မာအစ တကောင်းကပါ ဘုရား။ အိမ်တွင်းအဖေကြီး မင်းမဟာဂီရိ

ကနေ စတင်လို့ အကြိုတော်ထောက်ပါပြီဘုရား'

သီချင်းသံနဲ့အတူ နတ်ဆိုင်းသံက မြိုင်မြိုင်တီးနေပြီ။ သူတို့အဖွင့်စပြီးရင် ကျွန်မ ကိုကြီးကျော် စချော့ရတော့မယ်။ ဒါကြောင့် ကျွန်မ ကိုကြီးကျော်နတ်ရုပ်ရဲ့ ရင်ဘတ်ကို ပွတ်သတ်ပြီး ကျွန်မနဖူးနဲ့ ပါးကို ပွတ်လိုက်တယ်။

'ကျေးတော်မျိုး ကျွန်မ၊ ကျွန်တော်မျိုး ကျွန်မကို ချစ်စိတ်နဲ့ ဖြစ်ခဲ့သမျှကို ခွင့်လွှတ်ပေးပါ'

သပြေမကိုလည်း ကျွန်မ နည်းနည်းစိတ်ပူနေတယ်ဆိုတဲ့အကြောင်း ပြောထားလို့ သပြေမက ကျွန်မကို အရိပ်တကြည့်ကြည့် လုပ်နေတယ်။ နောက်စပါပြီ။

'ကိုကြီးကျော် ...ကိုကြီးကျော် ...တို့ကိုကြီးကျော် ...ထူးလည်း ထူးတယ် ...မူးလည်း မူးတယ် ...တို့ကိုကြီးကျော် အရက်သမားမှန်ရင်လေ ယှဉ်ပြိုင်ကာ သောက်လိုက်ချင်တယ် ...ကြက်သမားမှန်ရင်လေ ယှဉ်ပြိုင်ကာ တိုက်လိုက်ချင်တယ်'

ကျွန်မ ချော့နေရင်းနဲ့ အမျိုးအမည်မသိတဲ့ အရိပ်တွေက ဖျတ်ခနဲ ဖျတ်ခနဲ။ ကျွန်မစိတ်ထဲမှာ ကျားတွေက တစ်မျိုး၊ ခေါတွေက တစ်မျိုးနဲ့ မူးဝေနေတယ်။ ဒါ့အပြင် ဆိုးတာက ကျွန်မစိတ်ထဲက ကိုကြီးကျော်ရဲ့ သောက်တော်ဘူးကို မသောက်ဘဲ နားချင်ပေမဲ့ ကျွန်မလက်မှာကပ်ပြီး တစ်စုံတစ်ယောက်က အတင်းတိုက်နေသလို ခံစားမိနေရလို့ အဆက်မပြတ် သောက်နေမိတယ်။

အဲဒီအချိန်မှာ ကျွန်မရဲ့လက်ဦးဆရာ မာမိကြီးရဲ့ 'ကတော်တွေ အမှားတစ်ခုခုလုပ်ထားရင် လူလယ်ကောင်မှာ အရှက်ခွဲခံရတတ်တယ်နော်။ အဲဒါတစ်ခုကို မြဲမြဲမှတ်ထား။ အထူးသဖြင့် ကိုကြီးကျော် ...' ဆိုတဲ့စကားသံက ကျွန်မနားထဲကို သံချေးပူနဲ့လောင်းချသလို ခံစားလိုက်ရတယ်။

## အခန်း ၇

ကိုကြီးကျော်ကို ချော့နေရင်းနဲ့ ကျွန်မစိတ်ထဲမှာ မသိုးမသန့် ဖြစ်လာတယ်။ နယ်ကို မလာခင်က ကန်တော့ပွဲတွေနဲ့ အရှင်တို့နတ်ရုပ်တွေကို ဒေါ်သတစ်ခုတည်းနဲ့ ပစ်မှားခဲ့မိလို့ ထင်တယ်။ ကျွန်မမျက်နှာက မီးပြင်တစ်ခုလို ပူပြင်းပြီး အငွေ့တွေထွက်နေတယ်လို့ကို ထင်နေမိတယ်။

အဲဒီအချိန်မှာ ကိုကြီးကျော်ကိုချော့နေတဲ့ နတ်တီးလုံးက တဖြည်းဖြည်းပြောင်းသွားပြီး ကျွန်မဘေးကို နတ်ကတော်အဘွားကြီးတစ်ယောက် ဝင်လာတယ်။ အကြောင်းတစ်ခုခုကြောင့် သူ ဝင်ကူလေပြီ။ အဘွားက အသက် ၆၀ လောက် ရှိတယ်။ ဒီနယ်မှာ ဩဇာအရှိဆုံး ကတော်အိုကြီးတစ်ယောက်လည်းဖြစ်တယ်။ အဘွားရဲ့ လိပ်ပြာအစွဲက ကိုကြီးကျော်ပင်။ အမှန်ဆို ကိုကြီးကျော်

ချော့နေရင် တော်ရုံလူ ဝင်ကလာတာမျိုးနဲ့ တခြားနတ်တစ်ပါးပါး ဝင်ပူးလာတယ်ဆိုတာမျိုးကို ဘယ်ကတော်မှ လုပ်လေ့လုပ်ထမရှိ။

'ပွဲဦးမင်းပါ ဘုရား။ ပွဲလယ်မင်းပါ ဘုရား။ ပွဲသိမ်းမင်းပါ ဘုရား။ အမှားအယွင်း တစ်စုံတစ်ရာရှိရင် ခွင့်လွှတ်ပေးတော်မူပါဘုရား'

အဘွားက နှုတ်မှ တဖွဖွရွတ်ရင်း နတ်သီချင်းကိုလည်း ပြောင်းနိုင်းနေတယ်။ ဆိုင်းသမားကို လက်တွေ ဘာတွေပြပြီး အချက်ပြဖို့ကိစ္စကို ကျွန်မ ဘယ်လိုမှ လုပ်လို့မရဘူး။ နောက် သီချင်းအေးလေးက ဆိုင်းသံနဲ့ ငြိမ့်ငြိမ့်ညောင်းညောင်း ထွက်လာတယ်။ နတ်ချော့သီချင်းသံတွေက တစ်မျိုးပြီးတစ်မျိုး ချိန်းလို့သွားသလို ကျွန်မ ဘာတွေလုပ်မိလို့ လုပ်မိမှန်းကို မသိတော့ဘူး။ အဘွားကတော့ ကျွန်မတို့လို လှပနေအောင် ခြယ်သထားတာမျိုး မဟုတ်ဘူး။ ရှင်မတောင် သနပ်ခါးရည်ကျဲလေးလိမ်းပြီး ခေါင်းပေါင်းတစ်ခုကိုပဲ ဟန်ကျပန်ကျပေါင်းထားတယ်။ နယ်မှာနေတဲ့ ကတော်ဖြစ်လို့ အသက်ကလည်း ကြီးတော့ မော်မော်ကြွားကြွားဟန် မရှိ။ သမ္မာရင့်နေတဲ့ ကတော်အိုဆိုတော့ ကျွန်မ ဖြစ်နေတာကို ရိပ်စားမိနေပုံရတယ်။ ဒါကြောင့် ပညာသားပါပါနဲ့ တောင်းပန်ပြီး လာကူတာ။

'ဒိုး ... နန်းတော်ကြီး ကဒိုးဟေ့ ...'

သမိုင်းကြီးတဲ့ သခင်၊ စိတ်ဆတ်တဲ့ သခင်၊ ကျေးတော်မျိုး ကျွန်မ၊ ကျွန်တော်မျိုး ကျွန်မကို ကိုးပြစ်ရှိရင်လည်း ခွင့်လွှတ်ပါ၊ ဆယ်ပြစ်ရှိရင်လည်း ခွင့်လွှတ်ပါလို့ ကျွန်မ ဒိုးဆွဲရင်း တဖွဖွ တောင်းပန်နေတယ်။ ကျွန်မ မြင်ကွင်းတွေ တဖြည်းဖြည်းဝါးလာတယ်။ နောက်ဆုံး ဒိုးသံကို တစ်ချက်ချပြီး နတ်ပို့သီချင်းသံကို တီးလိုက်တဲ့အချိန်မှာ အဘွားက ကျွန်မခေါင်းပေါင်းကို ဆွဲချွတ်လိုက်တယ်။

* * *

'ညည်းကိုအေ စိတ်ပူလိုက်ရတာ ကောင်မ။ ကတော်တွေအားလုံး နင့်ဝိုင်းကြည့်နေကြတာ။ နောက် အဘွားဒေါ်ကျင်အေးက တစ်ခုခုတော့ လွဲနေပြီ၊ ရေတစ်ခွက်သွားယူပေး ငါ့ကိုဆိုပြီး ကိုတော်ကြီးနတ်ရုပ်မှာ သွားတိုင်တည်တာဟ'

သပြေမ စကားသံ ကြားလိုက်ရမှ ပိုပြီးထိတ်လန့်သွားသလိုပင်။

'အေးဟယ်၊ ငါ ဘယ်လိုဖြစ်လို့ ဖြစ်သွားမှန်းကို မသိဘူး။ တော်သေးတယ် အဘွား လာကူပေးလို့။ ငါမပြန်ခင်တော့ သွားကန်တော့ဦးမယ်'

ကျွန်မ စကားကို သပြေမက ထောက်ခံတယ်။

'အဘွားက နတ်ပွဲတွေ သိပ်မကတော့ဘူးတဲ့။ အသက်လည်းရလာတော့ အသောက်အစားတွေက ဘုရားမကြိုက်လို့ဆိုပြီး ဘာသာရေးလုပ်နေတာ များတယ်။ ဘုရားသွား ကျောင်းတက်နဲ့ ပျော်မွေ့နေတာ။ ဒီနေ့တောင် နင့်အဒေါ်က

သွားကြည့်ပေးပါဦး။ ကလေးတွေ အမှားအယွင်းဖြစ်မှာစိုးလို့ဆိုပြီး အကူအညီတောင်းလို့ လာတာတဲ့'

ကျွန်မက 'ဩော် ...'ဆိုတဲ့စကားအပြင် တခြားစကား မပြောနိုင်ဘူး။ တစ်သက်လုံး နတ်မှနတ် အရိုးစွဲလာတဲ့ နတ်ကတော်အကြီးတွေတောင် အသက်ကြီးတော့ လောဘ၊ ဒေါသ၊ မောဟတွေကို ဘာသာရေးအသိနဲ့ ထိန်းချုပ်သွားနိုင်ကြတာပဲလို့ တွေးမိတယ်။

'နင့်ကိစ္စတွေပြီးရင် ပြန်ကြစို့လေ။ ဒီမှာက ဘာအလုပ်မှမရှိဘူး။ ဟိုမှာ ငါတို့အလုပ်တွေပစ်ထားရတာ များနေပြီ'

သပြေမစကားကို နားထောင်ရင်း နောက်ရက်တော့ ပြန်မယ်လို့ ပြောလိုက်တယ်။ နေရာဟောင်းကို ပြန်ရတော့မယ်ဆိုတော့ အရိပ်ဟောင်းက ပုံရိပ်လေးတွေက တက်တက်လာပြန်တယ်။ ကျွန်မ ဟိုမှာမရှိတဲ့အချိန်မှာ မောင်ဘယ်သူ့ရင်ခွင်ကို ရောက်နေမလဲမသိဘူး။ တစ်ဖက်သတ်အချစ်လို့တော့ မပြောကြပါနဲ့။ ဘယ်သူမှမသိအောင် မောင် ကြည်ဖြူထားတဲ့အရာလေးတွေ ကျွန်မရင်ထဲ အပြည့်ရှိတယ်။

ပတ်ဝန်းကျင်ရဲ့အရိပ်တွေ စွန်းထင်းလာမှာစိုးလို့သာ မောင် ထုတ်မပြတာနေမှာပါ။ မောင် ကျွန်မအပေါ်ကြင်နာခဲ့တာ ဘယ်သူမှမသိပေမဲ့ ကျွန်မ နှလုံးသားက ခံစားမိနေတယ်။ မောင့်မျက်လုံး၊ မောင့်အသံ၊ မောင့်ကိုယ်သင်းရနံ့လေးတွေကို နာကျင်စိတ်နဲ့ဆိုရင်တောင် အဆုံးသတ်က ပိုချစ်မိပါတယ်လို့ ကျွန်မဖြေမိမယ်ထင်တယ်။ ယောကျ်ားတစ်ယောက်က ယောကျ်ားတစ်ယောက်ကို ချစ်တာ အပြစ်လို့ မဆိုကြပါနဲ့တော့။ အတွေးတွေက တောင်ရောက်မြောက်ရောက်နဲ့ ဖြစ်နေလို့ အုန်းမောင်းတောင် ဘယ်နှခါခေါက်သွားတယ် မသိ။

'ထတော့ ...၊ မိုးတောင် တော်တော်လင်းနေပြီ။ လင်တော်မောင်အကြောင်း တွေးတွေးပြီး လွမ်းတဲ့စိတ်နဲ့ အိပ်မပျော်ဘူးမဟုတ်လား ကောင်မ'

သပြေမက ပြောလျက်နဲ့ ကျွန်မပေါင်ကိုရိုက်ပြီး နိုးတယ်။ သူ ပြောလိုက်မှ ကိုယ်ကပဲ အချစ်ရူးစစ်စစ်ကြီး ဖြစ်နေသလို။

'မသော်မော် ...စောစောစီးစီး အချင်းချင်းတွေ လာဝုန်းနေတယ်။ မောင့်ကို လွမ်းတယ်လို့ ပြောမလို့တောင် ပြောမထွက်တော့ဘူး'

မျက်စောင်းကြီးကြီးထိုးပြီး ခပ်ရွဲ့ရွဲ့ဆိုလိုက်ရင် သပြေမက ...

'ညည်းကိုက မာယာပိုဆိုတဲ့အတိုင်း ပိုတာပါ။ ညည်းအဖေ ဆုံးတော့ ဘာမဆိုင် ညာမဆိုင် ငါ့ကိုယ်တော်တွေကိုပတ်ရမ်းပြီး ဖွတ်များ ကျားတော့မလားလို့'

'ကောင်မ ...စောစောစီးစီး ကက်တလီယာဒေ ပွင့်နေပါလား။ ငါ မပြောချင်ဘူးနော်။ ဘုန်းကြီးလူထွက်ပဲရှိတယ်။ အခြောက်လူထွက်လို့ မှိုလို့လား။

အချိန်တန်တော့လည်း မောင်မှ မောင်ပါကွယ်။ ဒီက မူယာပိုဆိုတာ မောင့်အတွက် သီးသန့်။ သိပြီလား'

## အခန်း ၈

'အဘွားတို့တုန်းကလည်း ဒါမျိုးကြုံဖူးတယ် ဖိုးကျော်။ မင်းလောက်ကြီးမဟုတ်ပေမဲ့ မင်းလောက်နီးနီးပါပဲ။ အဲဒီတုန်းက အဘွားဆရာ ယောက်ျားနတ်ကတော်ကြီးက တောင်းတောင်းပန်ပန်နဲ့ တွဲချော့လို့ အရှက်မကွဲတာ။ နောက်တစ်ခါဆို ဂရုစိုက်ပါအေ။ ကိုယ်တွေက ဒီအလုပ်နဲ့ အသက်မွေးဝမ်းကျောင်းပြုနေတာမဟုတ်လား။ သူတို့ကိုရှိသေမှ သူတို့ကလည်း ကိုယ့်ကိုပြန်ချစ်ပေမပေါ့'

အဘွားပြောပြတဲ့ အတိတ်အကြောင်းကြားမှပင် ကျွန်မ ကံကောင်းသွားမှန်းသေချာသိလိုက်တယ်။ မဟုတ်ရင် မလွယ်။ မူယာပိုဆိုတဲ့ နတ်ကတော် နတ်ကနားမှာ အရက်သောက်လွန်ပြီး မူးလဲလို့ဆိုရင် ကျော်မကောင်း ကြားမကောင်းဖြစ်တော့မယ်။ နောက် အဘွားက ဆက်ပြောတယ်။

'ခု ပိုအဆင်ပြေသွားတာ။ အဘွားက နတ် သိပ်မကဖြစ်တော့ဘူး။ ခုကတစ်ခုခုမှားနေတယ်လို့ စိတ်ထဲမှာထင်လို့ ဝင်ချော့လိုက်တာ။ နောက် အလှူအတန်းနဲ့ ဘာသာရေးလုပ်ဖြစ်ရင် အရှင်တွေကို အမျှအတန်း အမြဲပေးဝေတယ်။ ဒါကြောင့်လည်း အဘွားကို သူတို့ချစ်ကြတာ ဖြစ်မှာပါ။ နတ်ကစားခဲ့တဲ့ သက်တမ်းတစ်လျှောက်လုံးမှာ အခက်အခဲ ကြီးကြီးကျယ်ကျယ် မဖြစ်ခဲ့ဖူးဘူး'

အဘွားက မောသွားဟန်နဲ့ ခဏနားတယ်။ စကားနည်းနည်းထပ်ပြောပြီး အဘွားကို ကျွန်မနဲ့ သပြေမ ကန်တော့နှုတ်ဆက်ပြီး ပြန်ခဲ့တယ်။ ကျွန်မတို့နတ်လောကမှာ ကျွန်မတို့ထက် ဝါရင့် သမ္မာရင့်တဲ့ ကတော်ကြီးတွေရဲ့ ထူးခြားတဲ့ ဖြစ်အင်တွေ များစွာရှိတယ်ဆိုတာကို အပြန်လမ်းမှာ ကျွန်မ အသေအချာစဉ်းစားမိတယ်။

* * *

ဟိုမှာ တစ်ယောက်တည်းဆိုရင် ဖေဖေ့ကိုလွမ်းတဲ့စိတ်နဲ့ နေရခက်မှာစိုးလို့ မေမေ့ကို နယ်ကနေ ရန်ကုန်ခေါ်လာတယ်။ အဖေရှိတုန်းက ကျွန်မရဲ့ ဒီအလုပ်ကို မေမေက ထောက်လည်း မထောက်ခံခဲ့သလို ကန့်လည်း မကန့်ကွက်ခဲ့ဘူး။ ခုချိန်ထိ ကျွန်မအိမ်ကိုလည်း ဖေဖေ သွားခွင့်မပြုလို့ မေမေ တစ်ခါမှ မရောက်ခဲ့ဘူး။ ဒါ ပထမဆုံးအကြိမ်ပဲ ဖြစ်တယ်။

မှတ်မှတ်ရရ ကျွန်မတို့မိသားစု အိမ်ကိုရောက်ပြီး တစ်ပတ်လောက်အကြာမှာ မောင် ရောက်လာတယ်။ ကိုယ်ခန္ဓာအလှအပ အချိုးအဆစ်ပေါ်အောင်ဆိုပြီး အမြဲ အင်္ကျီအကျပ်နဲ့ ဘောင်းဘီကို မချွတ်တမ်းဝတ်တဲ့ မောင်က ဒီနေ့တော့ ရှပ်အင်္ကျီအပြာနုနဲ့ ကချင်ပုဆိုးကွက်ကျဲကို ဝတ်ထားတယ်။ နောက်

မောင်စီးထားတဲ့ ကတ္တီပါဖိနပ်အစိမ်းရောင်က မောင့်ခြေချောင်း ခပ်ဖွေးဖွေးလေးကို ပိုကြည့်ကောင်းစေတယ်။

မောင် ရောက်လာတာကို ကျွန်မ ရိပ်ခနဲမြင်လိုက်ပေမဲ့ သွားမတွေ့ဘူး။ မေမေနဲ့ပဲ စကားဆက်ပြောနေလိုက်တယ်။ အရိပ်လေး မြင်လိုက်တာတောင်မှ ဘာတွေဝတ်လာတယ်ဆိုတာကို သေချာဂရုစိုက်ကြည့်မိတဲ့ ကျွန်မကိုယ်ကျွန်မ မုန်းမိတယ်။ စိတ်ထဲမှာ ဘယ်လောက်သတိရပြီး ချစ်နေပါစေ မောင့်ကြောင့် ဖေဖေ့အတွက် တာဝန်မကျေသလိုဖြစ်ခဲ့တော့ စိတ်နာနေမိသေးတာလည်း အမှန်ပါ။

သပြေမနဲ့ မောင် စကားတွေပြောနေကြတယ်။ သူတို့စကားလုံးတချို့တော့ မကြားတစ်ချက် ကြားတစ်ချက် နားထဲကိုဝင်ဝင်လာတယ်။ ကျွန်မ မေမေကတော့ ညှိသည်ဆိုတဲ့ အသိကလွဲပြီး ကျန်တဲ့အတွေး ရှိနိုင်မယ်မထင်။ သူမက ရိုးရိုးအအ တောသူမကြီးကို။

'ညှိသည်က သားဆီလာတာဆို သွားတွေ့လေ'

မေမေပြောလာပြီဆိုတော့ မဖြစ်မနေ သွားတွေ့ရတော့မယ်။ ကျွန်မ စိတ်တွေကို ထိန်းချုပ်မရနိုင်သေးဘူး။ စိတ်တွေက တောင်ရောက်မြောက်ရောက်နဲ့ သပြေမတို့ စကားပြောနေတဲ့နေရာကို လှမ်းလာလိုက်တယ်။

'မင်းခန့်ကျော် မင်း ပြန်တော့။ ဒီမှာ နယ်က အမေပါလာတယ်။ သူရှိနေတဲ့အခိုက်မှာ ဘာပြဿနာမှ ငါမဖြစ်ချင်ဘူး။ နေနိုင်ရက်တဲ့ မင်းလိုယောက်ျားကို သိပ်စိတ်နာတယ်'

ကျွန်မနှုတ်ဖျားမှ 'မောင်'မဟုတ်ဘဲ 'မင်းခန့်ကျော်'လို့သုံးတဲ့ စကားလုံးကို မောင် အံ့ဩသွားတယ်။ မောင့်မျက်ဝန်းတွေမှာ မယုံကြည်ဟန်တွေအပြည့်။ အမှန်တော့ ကျွန်မလည်း ဒီလိုစကားတွေ ဘယ်ပြောချင်မလဲ။ ကျွန်မကိုယ်ကျွန်မ သဘောပေါက်ရတော့မယ်။ ကိုယ့်ဘဝကို နားလည်ရမယ့်အချိန် တန်နေပြီ။

ရှင်တို့ကော ကျွန်မ ဒီ'မင်းခန့်ကျော်'ဆိုတဲ့ အမည်နာမကို ပြောချင်လွန်းလို့ ပြောနေတယ်ထင်ကြသလား။ အမှန်ဆို ကျွန်မ ခုလို ဖေဖေဆုံးလို့ အားငယ်နေတဲ့အခိုက်မှာ မောင့်ရင်ခွင်ကိုမှီပြီး လောကဓံကို ရဲရဲကြီးရင်ဆိုင်လိုက်ချင်တာပေါ့။ ဖေဖေဆုံးတာတောင် အိမ်ကို တစ်ချက်မလာတဲ့ မောင်။

'ဖုန်းလေးတစ်ချက်နဲ့တောင် အဆင်ပြေလား မေးဖော်မရတဲ့သူကို စွဲလမ်းနေမိတာ မဖြစ်သင့်တော့ဘူး။ ထန်းပင်ငုတ်တိုဆိုတာ ဘယ်လောက်ရေလောင်းလောင်း အညှောင့်မထွက်နိုင်ဘူး။ ကျွန်မဘဝက ထန်းပင်ငုတ်တိုစစ်စစ်လေး။ ဘယ်လောက်လောင်းလောင်း ဘယ်တော့မှ ထွက်လာမှာမဟုတ်တဲ့ အညှောင့်ကို ကျွန်မ မိုက်မှားရဲစွာ မျှော်လင့်နေခဲ့မိတာ။

မိန်းမတစ်ယောက်မဟုတ်တဲ့သူတစ်ယောက်ရဲ့ ယောကျ်ားတစ်ယောက်အပေါ်ထားတဲ့ အချစ်နဲ့ မေတ္တာတရားကို ရှင် ကိုယ်ချင်းမစာနိုင်ဘူးဆိုတာ နားလည်ထားပါတယ်'

ကျွန်မစကားတွေ မရပ်မနား ပြောလိုက်မိတယ်။ စကားနဲ့အပြိုင် မျက်ရည်မိုးက စိုလာပြန်တယ်။ ရင်ထဲမှာ နင့်နေတဲ့ခံစားချက်က အလွမ်းလား၊ အချစ်လား၊ ကြင်နာခြင်းလား၊ နာကျင်ခြင်းလားဆိုတာ ကျွန်မ ကောင်းကောင်း အဓိပ္ပာယ်မဖော်နိုင်သေးဘူး။ မောင့်နည်းတူ သပြေမကလည်း ကျွန်မကို အံ့ဩဟန်နဲ့ ကြည့်နေတယ်။

မဖြစ်သင့်တာတွေ ဖြစ်နေတဲ့ လောကကြီးမှာ ဖြစ်သင့်ဖြစ်ထိုက်တာတွေ လုပ်ဖို့ ကျွန်မ ဆုံးဖြတ်ချက်တွေ ခိုင်မာမှဖြစ်မယ်။ ထိန်းချုပ်တယ်ဆိုတဲ့ စကားလုံးတွေသုံးပြီး ကျွန်မ ဘယ်ဘဝကိုမှ အဆုံးထိ မနာကျင်စေချင်တော့ဘူး။ လွတ်မြောက်အောင် ရုန်းကန်သွားစရာမလိုပါဘူး မောင်ရယ်။ ကျွန်မ မောင့်ကို ကြည်ကြည်ဖြူဖြူ ခွင့်ပြုပေးလိုက်တော့မယ်။

ဘဝကို တစ်က ပြန်စပြီးရင် မောင့်အတွက်မှ မောင့်အတွက်ဆိုတဲ့ ရှုးရှုးမှူးမှူးဖြစ်ခဲ့တဲ့ကိစ္စတွေ ဘယ်တော့မှ ပြန်မဖြစ်စေရတော့ဘူး။ ချစ်မိသူကတော့ အချစ်နွံထဲက လွတ်မြောက်သွားတဲ့ ကျွန်မ မကြုံဖူးသေးဘူး။ ကျွန်မ ရဲရင့်မှ ဖြစ်မယ်။

'အင်းပါ ... ချစ်၊ မင်း မောင့်ကို စိတ်နာနေမယ်ဆိုတာ မောင် နားလည်ပါတယ်။ ပတ်ဝန်းကျင်အမြင်မှာတော့ မောင်က မင်းအပေါ် အရမ်းဆိုး၊ အရမ်းနိုင်စားတဲ့ လူဆိုးလေးပေါ့။ ဒါပေမဲ့ မောင် ချစ်အပေါ် ကောင်းခဲ့တာတွေကို ခံစားတတ်တဲ့ ချစ်နှလုံးသားက တစ်ချိန်ချိန်မှာ သိမှာပါ။ ခပ်ဟောဟောနေတတ်လို့ နှလုံးသားမှာ ယုတ်ညံ့ခြင်းတွေ အမြိုက်နီးအောင်းနေမယ်လို့ ချစ် တရားသေ တွက်ထားရင် မှားလိမ့်မယ်။ ချစ်အမြင်မှာ ချစ်ကိုယ်ချစ် ထန်းပင်ငုတ်တိုလို့ မမြင်ဘဲ ရေနဲ့ထိတိုင်း အညှောင့်အသစ်လေးတွေ ထွက်ထွက်လာတဲ့ သပြေငုတ် ဖြစ်လာမယ့်နေ့မှ မောင် ပြန်လာခဲ့ပါ့မယ်'

မောင့်စကားအဆုံးမှာ ကျွန်မကိုဖက်ပြီး ပါးပြင်ကို ခပ်ဖွဖွနမ်းတော့ ကျယ်ဝန်းလှတဲ့ မောင့်ရင်ခွင်ရဲ့ အနွေးဓာတ်က ကျွန်မကိုယ်ကို လွှမ်းခြုံသွားလေရဲ့။

## အခန်း ၉

မောင့်နှုတ်ခမ်းရဲရဲလေးက ကျွန်မပါးကို ထိတယ်ဆိုရုံလေး နမ်းပြီး မောင် ကျွန်မရှေ့က လှည့်ထွက်သွားတယ်။ မောင့်အနမ်းလေးတစ်ပွင့်မှာတင် ကျွန်မ နှလုံးသားတစ်ခုလုံး ပြိုကျပျက်စီးသွားတယ်။ မောင် ကျွန်မနဲ့ ဆန့်ကျင်ရာအရပ်ကို ခြေလှမ်းတစ်လှမ်း လှမ်းလိုက်တိုင်း ကျွန်မရဲ့ချစ်တတ်တဲ့ကမ္ဘာမှာ နေတစ်

စင်း ထွက်ထွက်လာတယ်။ မောင် ကျွန်မကို ထားခဲ့ ထားသွားခဲ့ပြီလားမသိ။ ကျွန်မနဲ့ မောင်ရဲ့ ဖြစ်စဉ်ကို သပြေမက ဘာမှမပြောဘဲ ဆွံ့အနေတယ်။

ကျွန်မ အသိစိတ်ပြန်ဝင်လာတဲ့အချိန် မောင်က ကျွန်မနဲ့ သပြေမတို့ရဲ့ အဝေးဆုံးနေရာကို ရောက်နေပြီ။ မောင်က ...'ထန်းပင်ငုတ်မဟုတ်ဘဲ ရေနဲ့ ထိတိုင်း အညှောင့်လေးတွေ ထွက်ထွက်လာတဲ့ သပြေငုတ်ဖြစ်မှ ပြန်လာမယ်' ဆိုတော့ မောင် ကျွန်မကို သံယောဇဉ်ရှိနေခဲ့တယ်ပေါ့။ ကျွန်မ မျှော်နေရမှာလား။ မျှော်နေရမှာလားဟင် ...။

'မူယာ ... မူယာ ... ကောင်မ ...'

သပြေမက ကျွန်မကို စိတ်ပူပန်စွာခေါ်နေတယ်။

'မင်းခန့်ကျော် တကယ်ထွက်သွားပြီလား မသိဘူးနော်။ ညည်းကို ငါ ဒီလောက်အထိပြောလိမ့်မယ် ထင်မထားဘူးဟယ်။ အမှန်ကလေ ညည်းအဖေ အသုဘကို ငါက မလာနိုင်းလို့ သူ မလာတာ။ ညည်းအဖေဆုံးတာ သိသိချင်း ငါတို့ နယ်လိုက်သွားတဲ့နေ့ သူ လိုက်လာရမလား မေးတယ်။ ညည်းက အိုက်တင်တွေနဲ့ ငိုနေလို့ ငါက မလာစေချင်ဘူး ထင်မိလိုက်တာ'

သပြေမက ပြောနေရင်း ကျွန်မလက်ကို လာကိုင်တယ်။

'မှားကုန်ပြီထင်တယ် မူယာရယ်။ အေးအေးဆေးဆေးမှ ညည်းကို ပြောမယ်ဆိုပြီး နေနေတာ'

သပြေမက မငိုဘဲ ရှိုက်နေတယ်။ ကျွန်မကို ပြောမပြတဲ့ ဘယ်အကြောင်းအရာတွေများ သပြေမနဲ့ မောင့်ကြားမှာ ရှိနေသေးတာလဲ။

'ညည်းအဖေ နာရေးပြီးတော့ ငါ ရန်ကုန်ကိုပြန်လာတယ်လေ။ အဲဒီတုန်းက မင်းခန့်ကျော် လာတွေ့တယ်။ နာရေးနဲ့ ငွေရေးကြေးရေး ခက်ခဲနေမှာ ဆိုပြီး နင်ဝယ်ပေးထားတဲ့ i Phone ကိုရောင်းပြီး ငွေတွေ ပြန်လာပေးတယ်။ နင်သိရင် လက်မခံမှာစိုးလို့ ငါ ဒီအတိုင်း ယူထားလိုက်တာ။ မင်းခန့်ကျော် ကလည်း အတင်းကူညီမယ်။ ဒီလိုဖြစ်တာ စိတ်မကောင်းဘူးဆိုပြီး တောင်းပန် တာကြောင့်လည်း ပါတာပေါ့ဟယ်'

ဒါဆို နာရေးအပြီးမှာ ပွဲတွေလက်ခံထားတယ်ဆိုပြီး သပြေမ ပို့လို့ မေမေ့ကိုပေးခဲ့တဲ့ငွေတွေက မောင် ကျွန်မကိုပြန်ပေးတဲ့ ငွေတွေပေါ့။ ပြောပြော ဆိုဆို သပြေမက အခန်းထဲဝင်သွားပြီး အနီရောင်ဘူးလေးကို ယူလာတယ်။

'ဒီမှာ မင်းခန့်ကျော်ရဲ့ စိန်နားကပ်'

သပြေမက ဘူးကိုဖွင့်လိုက်တဲ့အခါ မောင့်နားရွက် ပါးပါးရဲရဲလေးနဲ့ လှနေတဲ့ စိန်နားကပ်လေးရဲ့အရောင်က စူးရှူးရှရှ။

'နင် ငွေလိုရင် ရောင်းပြီးသုံးရအောင်တဲ့လေ။ အားလုံး မှားကုန်ပါပြီဟယ်'

သပြေမက စိန်နားကပ်လေးကိုကိုင်ပြီး ငိုလေပြီ။ သပြေမ စကားအဆုံး

မှာ ကျွန်မ ဦးခေါင်းတစ်ခုလုံး ချာချာလည်သွားတယ်။ ကျွန်မရင်ထဲမှာ နေဆယ်စင်း တစ်ပြိုင်တည်းထွက်လာသလို ခံစားလိုက်ရတယ်။ အချိန်တစ်ခုရဲ့ အဖြစ်အပျက်တွေကို ကျွန်မ မသိဘဲ စိတ်ထင်ရာတွေပြောလိုက်တာ သွားပြီ။ မေမေရှိနေလို့ စကားကိုလည်း ကျယ်ကျယ်မပြောနိုင်တဲ့သူက ကျွန်မပါ။

ဟုတ်ပါတယ်။ အိုး . . . ကျွန်မအတွေးတွေ မှားကုန်ပြီရှင်။ ကျွန်မ ကိုယ်တိုင်က "ငွေနဲ့ပေးပြီး အပျော်တွေရှာနေရတယ်လို့ ထင်နေတာ အမှားတွေပေါ့။ ဖြစ်သမျှတွေ ပြန်စဉ်းစားကြည့်မိတယ်။ လူမြင်ကွင်းတွေမှာ မောင် ကျွန်မကို သဲသဲလှုပ် ဂရုစိုက်မပြတတ်ပေမဲ့ လူမမြင်နိုင်တဲ့နေရာတွေမှာ ဖိနပ်ကအစ ကိုင်ပေးခဲ့ဖူးတယ်။ "မောင်မိုးပေးတဲ့ ထီးတွေကို ကျွန်မ ပျော်ပျော်ပါးပါး ဆောင်းခဲ့ဖူးသလို မောင် ယုယုယယတိုက်တဲ့ ရေတွေ သောက်ခဲ့ဖူးတယ်။

ကျွန်မ ဘာလို့ ဒါတွေကို အချစ်တို့ သံယောဇဉ်တို့လို့ မမြင်ဘဲ ငါကသူ့ကို ငွေကြေးတွေနဲ့ ပံ့ပိုးနေလို့ ဒါတွေလုပ်ပေးတာလို့ ထင်နေမိတာလဲ။မောင်များ စိတ်နာပြီး ကျွန်မဆီ ပြန်မလာတော့ရင် လွမ်းတဲ့စိတ်နဲ့ ကျွန်မ သေမှာ။ ပွဲတွေ၊ ပန်းတွေ၊ ဆီမီးတွေ၊ အမွှေးတိုင်ရနံ့တွေနဲ့ လှပနေတဲ့ ကျွန်မရဲ့ နတ်ခန်းက ရနံ့တွေက ကျွန်မကို လှောင်ပြောင်နေလိုလို။

'လူကြီးမင်းခေါ်ဆိုသော ဖုန်းမှာ စက်ပိတ်ထားပါတယ်ရှင်'

ခေါ်လိုက်တဲ့အချိန်တိုင်း ကြားရတဲ့အသံတွေက နားဝကို မသက်သာပါလား။

'သပြေမ . . . မောင်နေတဲ့တိုက်ခန်းကို ငါတို့ လိုက်သွားမလား'

'ဖြစ်ပါ့မလား ကောင်မရယ်။ တော်ကြာ ငါတို့ပုံစံတွေကို မင်းခန့်ကျော်သူငယ်ချင်းတွေ တွေ့သွားရင် သိက္ခာကျနေပါဦးမယ်'

ကျွန်မအမေးကို သပြေမ စဉ်းစားရင်း ဖြည်းဖြည်းဖြေတယ်။ ကျွန်မနည်းတူ သပြေမလည်း မောင့်အပေါ် စေတနာရှိပါလား။ မောင့်အသိုင်းအဝိုင်းမှာ မောင့်ကို အထင်သေးခံရမှာကို စိတ်ပူနေတယ်။

'တစ်ခုတော့ရှိတယ်။ ငါတို့ ယောက်ျားပုံစံဝတ်သွားမှ ဖြစ်မယ်။ ငါတို့ကြောင့် သူ့ကို အထင်သေးမခံရစေချင်ဘူး။ နင်လည်း ဆေးဆိုးထားတဲ့ နင့်လက်သည်းတွေကို ဖျက်ပြီး ညှပ်ပစ်လိုက်ဟာ။ ငါလည်း အရှည်ထားတဲ့ဆံပင်ကို နည်းနည်းကြည့်ကောင်းအောင် ညှပ်လိုက်မယ်'

ကျွန်မ တစ်ခါမှ ကျွန်မဆံပင်တွေညှပ်ပြီးမှ သွားတွေ့မယ်လို့ မတွေးမိဘူး။ သပြေမကတော့ ဘေးကနေ ကျွန်မတို့ဖြစ်ပုံကို အကုန်သိနေတော့ ပတ်ဝန်းကျင်နဲ့ သဟဇာတဖြစ်မယ့်ပုံမျိုးကို ပြောင်းခိုင်းနေတယ်။

'အေးပါ ကောင်မရယ်။ သွားတွေ့ရမှာက ကျုပ်လင်နော်။ ညည်းလင်မဟုတ်ဘူး။ ပိုပိုတွေလုပ်ပြီး ချီးကြော်၊ စနိုက်ကြော်တော့ လုပ်မယ်မကြံနဲ့'

'မူးထာဟယ်။ မထော်မနန်းတွေ သူငယ်ချင်းလင်ကို ကြောင်တောင်နိုက်စရာလား။ ဒီမှာကြည့်၊ ခါးလေးလုပ်ခါ လုပ်းသာလျှောက်လိုက်စမ်းပါ သူငယ်တွေ၊ သူငယ်တွေဆိုတာ သပြေမနောက်မှာ တစ်ပုံကြီး။ သဘောပေါက်လား မသော်မေ'

သပြေမက သူ့ကိုယ်ခန္ဓာ ခပ်ပြည့်ပြည့်ကို တစ်ပတ်လှည့်ပြီး အိုက်တင်တွေ လုပ်ပြလို့ စိတ်ညစ်နေတဲ့ကြားက စိတ်ပျော်သလိုဖြစ်လာတယ်။

အားလုံး အဆင်သင့်ဖြစ်နေပြီ။ မောင့်ဆီသွားဖို့ပဲ ကျန်တော့တယ်။ ကျွန်မလည်း အနှစ်နှစ် အလလ မဝတ်ဘဲထားတဲ့ ပုဆိုးကြီးတကားကားနဲ့ သပြေမကလည်း ဘောင်ဘီအကျပ်ကို ပုံကျအောင်ဝတ်ထားတယ်။ ပြောသာ ပြောရတယ်။ တစ်သက်လုံး ကျားကျားလျားလျားဝတ်တာ မတွေ့ဖူးတဲ့ သပြေမပုံက ကျွန်မမျက်စိထဲမှာ လယ်တောထဲက စာခြောက်ရုပ်ကို ဘောင်းဘီစွတ်ထားတဲ့အတိုင်း။ ကျွန်မ ကွက်ကြည့်ကွက်ကြည့်လုပ်ရင်း ပြုံးနေလို့ သပြေမ ရှက်ကိုးရှက်ကန်းဖြစ်ပြီး သူ့ဘောင်းဘီကို ပြန်ပြန်ကြည့်နေတယ်။

'ဝွမ်းပါပြီတော်။ ငါ့ရဲ့ လုပတဲ့ ငါးရှဥ့်ကိုယ်လုံးလေး မပေါ်တော့ဘူး။ ဒီယောက်ပြားပုံကြီးနဲ့'

သပြေမ စကားကြောင့် ကျွန်မ ဟားတိုက်ရယ်လိုက်တယ်။ တော်သေးတယ်၊ မေမေများ ကျွန်မကို ဒီပုံမြင်ရင် ဘယ်လောက်ရယ်ချင်မယ် မသိဘူး။ အိမ်မှာ ၃ ရက်ပဲနေပြီး သူ မနေနိုင်ဘူး။ နယ်ကိုပြန်မယ်ဆိုလို့ ပြန်ပို့လိုက်လို့ တော်သေးတယ်။ မဟုတ်ရင် မလွယ်။

'တပည့်တော်မ မောင်နဲ့ အဆင်ပြေပါရစေဘုရား။ ကူညီဆောင်မပေးပါ'

အစ်မတော် မငွေတောင်နဲ့ အရှင်တွေကို ဦးတိုက်လိုက်တယ်။ အိမ်ကအထွက်မှာ သာယာလာတဲ့ ရာသီဥတုက တဖြည်းဖြည်း ပြောင်းလာတယ်။ လေပြည်လေးတွေက ဖြည်းဖြည်းမှန်မှန် တိုက်နေရာမှာ နည်းနည်းပိုကြမ်းလာသလို ခံစားရတယ်။ လေပြည်နဲ့အတူ မိုးရေစက်လေးတွေက တဖွားဖွားကျနေတယ်။ တစ်ခါတစ်ခါ ခြိမ်းလိုက်တဲ့ မိုးခြိမ်းသံက ရင်ထဲကို ထိတ်ခနဲဖြစ်နေအောင် ကျယ်လှတယ်။ မောင်နေတဲ့ တိုက်ခန်းနားရောက်မှ ရွာလို့ တော်သေးတယ်။ ဒီလိုမှမဟုတ်ရင် မလွယ်။

'ဒေါက် ... ဒေါက် ...'

အခန်းတံခါးကို ခေါက်နေတဲ့အချိန် ရင်ခုန်သံတွေက မိုးခြိမ်းသံတွေလို ဆူညံနေတယ်။ မောင့်ကိုမြင်ရင် 'ကျွန်မ မှားပါတယ်မောင်'ဆိုပြီး မောင့်ရင်ခွင်ထဲကို ဝင်လိုက်ရမလား။ ကျွန်မနည်းတူ သပြေမလည်း ရင်ခုန်နေမှာကိုသိတယ်။

'ကလစ် ...' ဆိုတဲ့ တံခါးသော့ကို လှည့်လိုက်တဲ့အသံကြားပြီး မောင့်အခန်းတံခါး ပွင့်လာတယ်။

## အပိုင်း ၁၀

'ဘယ်သူနဲ့ တွေ့ချင်လို့လဲမသိဘူး ခင်ဗျ'

အသက်နှစ်ဆယ်ပတ်လည် ကောင်လေးတစ်ယောက် လာဖြေတယ်။

'အစ်ကိုတို့က ကိုမင်းခန့်ကျော် မိတ်ဆွေပါ။ သူနဲ့တွေ့ရအောင် လာတာ'

ကောင်လေးက ကျွန်မတို့ကိုကြည့်ပြီး အံ့ဩဟန်နဲ့ . . .

'အစ်ကိုတို့က ကိုမင်းခန့်ကျော် နိုင်ငံခြားထွက်သွားတာ မသိဘူးလား။ ထိုင်းမှာ သူ့သူငယ်ချင်းတွေ အကူအညီနဲ့ အလုပ်လုပ်ဖို့သွားတာ ပြီးခဲ့တဲ့ သုံးရက်ကပဲ'

အိုး . . . ဘုရားသခင်၊ မောင် မရှိတော့ဘူးတဲ့။ မောင် မြန်မာနိုင်ငံမှာ မရှိတော့ဘူးတဲ့။ ကျွန်မကို သပြေမက သတိပေးသလို တစ်ချက်လာကိုင်ပြီး . . .

'ကျေးဇူးပဲ ညီ။ ကိုယ်တို့ကို ခွင့်ပြုပါဦး'

ကောင်လေးကိုနှုတ်ဆက်ရင်း သပြေမက ကျွန်မလက်ကို တွဲခေါ်တယ်။ ဘာကြောင့် နိုင်ငံခြားသွားမယ်ဆိုတာ ပြောမသွားတာလဲ မောင်ရယ်။ ချစ် ပြောလိုက်တဲ့ စကားတွေကြောင့် မောင် ကိုယ်ခြေထောက်ပေါ် ကိုယ်ရပ်မယ်ဆိုပြီး ကြိုးစားလိုက်တာပေါ့။ မောင်သာ ကျွန်မနားနေရင် ဘာပဲ လုပ်ပေးရလုပ်ပေးရ ပါကွယ်။ မောင် ဒီလိုလွတ်မြောက်ဖို့ ဘယ်အချိန်ကတည်းက ကြိုးပမ်းနေမှန်း ကျွန်မမှ မှသိတာကိုး။

အလာတုန်းက ငြိမ်းရုံငြိမ်းတဲ့ မိုးကြီးတွေက ကျွန်မခေါင်းကို ပစ်ချလိုက်တယ်လို့ကို ထင်မိတယ်။ ရက်စက်လိုက်တာလို့ မပြောချင်ပေမဲ့ မောင် မကြင်နာတာတော့ သေချာတယ်။

'ဘာတဲ့၊ သပြေဝတ်လို ရေနဲ့ထိပြီး အညှောင့်သစ်လေးတွေ ပြန်ပေါက်မယ်လို့ ခံယူထားတဲ့နေ့ ပြန်လာမယ်' ဆိုတာ မောင် ရည်ရွယ်ချက်တစ်ခုနဲ့ ပြောခဲ့တာပေါ့လေ။ ပြန်ထွက်လာတဲ့ လမ်းတစ်လျှောက်လုံး ကျွန်မနဲ့ သပြေမရဲ့ မျက်ရည်မိုးတွေ လမ်းထိလျှံခဲ့တယ်။

* * *

လွမ်းဆွေးတဲ့ဒဏ်ဆိုတာ ခံရဖူးတဲ့သူမှ သိလိမ့်မယ်။ တစ်ရက်တစ်နေ့တည်းနဲ့ ပြေပျောက်သွားတယ်ဆိုတာ အလွမ်းစစ်မဟုတ်လို့ပဲ ကျွန်မကတော့ သတ်မှတ်တယ်။ ပိတောက်တွေတောင် အကြိမ်သုံးဆယ်လောက်ပွင့်ခဲ့လို့ ခါနွေဉညြရဲ့ တွန်ကျူးသံတွေကိုလည်း လွမ်းဆွေးဆွေးခံစားခဲ့တာ နှစ်ပေါင်းကြာညောင်းပေါ့။ ဖေဖေနောက်ကို မေမေက များမကြာတဲ့နှစ်ပိုင်းအတွင်းမှာ လိုက်သွားတယ်။

ဒီနှစ်တွေမှာ လွမ်းတဲ့စိတ်နဲ့ ကျွန်မဘဝ တိုးတက်ရှင်သန်အောင် မနည်းပြန်ပျိုးထောင်ခဲ့ရတယ်။ အမှန်တော့ အချစ်ဟာ ကာရန်မညီတဲ့ ကဗျာတစ်ပုဒ်ပါပဲ။ ဘယ်လောက်ပဲ လိုချင်တပ်မက်ပေမဲ့ အချိန်တန်တော့ မောင်က ကျွန်မ

ရှင်ခွင်ကနေ ပျံသန်းသွားတယ်။ မောင်ကတော့ လွတ်မြောက်သွားပေမဲ့ ကျွန်မ ကတော့ ချစ်တတ်တဲ့စိတ်တစ်ခုတည်းနဲ့ မောင့်ထံတော်ပါးမှာ ဘယ်အချိန် ဘယ် အခါဖြစ်ဖြစ် ခိုလှုံချင်သေးတယ် မောင်။

ခု ကျွန်မက နတ်လောကမှာ တပည့်တပန်း တော်တော်များများရဲ့ မာမိမှယာ ဖြစ်နေပြီလေ။ အသည်းကိုကွဲအောင် ခပ်စိမ်းစိမ်းခွဲသွားတဲ့ မောင်ရယ် ဒီရင်ခွင် အိုဟောင်းဟောင်းကိုများ လမ်းကြုံရင် ဝင်နားစေချင်သေးတယ်။ အမှန် တော့ အခြောက်ဘဝဆိုတာ ရေလျှော်ပြီး မခြောက်လို့ ထိုင်းနေတဲ့အဝတ်လိုပဲ။

အရမ်းခြောက်သွားတဲ့ အဝတ်လိုလည်း တန်ဖိုးမရှိသလို အရမ်းစိုနေတဲ့ အဝတ်လိုလည်း အရေးတယူ မရှိတတ်ကြဘူး။ လောကမှာ စိုတာတွေ၊ ခြောက် တာတွေ ရှိကောင်းရှိနိုင်ပေမဲ့ ကျွန်မတို့မှာရှိတဲ့ ချစ်ခြင်းမေတ္တာတွေကိုတော့ ကျွန်မတို့တွေလောက် ရှင်တို့တွေ နားလည်နိုင်မှာမဟုတ်ဘူး။ အထူးသဖြင့် အချစ်နဲ့ပတ်သက်ပြီး ကျွန်မတို့ကို ရူးတယ်လို့ ဆိုကောင်းဆိုလိမ့်မယ်။ မိခင်ဆန် တဲ့ စိတ်၊ ကြင်နာတတ်တဲ့ နှလုံးသားနဲ့ မြင့်မြတ်တဲ့ အသွေးအသားတွေမရှိရင် ကျွန်မတို့ရဲ့ မြောက်မြားစွာတဲ့ ငွေတွေကို တခြားသူအတွက် အသုံးချလိမ့်မယ်လို ရှင်တို့ ထင်နေသလား။

အချစ်သစ်လည်း ထပ်မရှာသလို သိပ်ချစ်တတ်တဲ့ နှလုံးသားကိုလည်း မောင် တစ်ယောက်အတွက်ပဲ သီးသန့်နေရာလွတ်ထားလိုက်တော့ ကျွန်မတို့ အသိုင်းအဝိုင်းမှာ ကျွန်မကို ရူးသွပ်သူလို့ သမုတ်ကြတယ်လေ။ အချစ်စစ်ဆို တာ တစ်ခါတည်းမှာ တစ်ဦးတစ်ယောက်တည်းကို ချစ်ပြီး ထာဝရသူနဲ့အတူတူ မြှုပ်နှံလိုက်လို့ မရဘူးဆိုတဲ့သူနဲ့ ကျွန်မ တွေ့ချင်တယ်။

မောင်က အသွေးကိုယူတယ်၊ အသားကိုယူတယ်၊ အခွင့်အရေးကို ယူတယ်။ ဒါပေမဲ့ မောင့်ကို ကျွန်မ မေတ္တာစစ်နဲ့ ချစ်တယ်။ မောင်ကလွဲပြီး ကျွန်မ အသားကို၊ ကျွန်မ အသွေးကို၊ ကျွန်မ နှလုံးသားကို၊ ကျွန်မ ပါးကို နမ်းစေချင်တဲ့ အခြားတစ်ယောက် မရှိဘူး။ ဒါကြောင့် ကတော်လောကမှာ မှယာပိုက သိပ်ချစ်တတ်တဲ့သူလို့ ဆိုကြတယ်။ တက်သစ်စ ကတော်ပေါက်စ လေးတွေ သူတို့သူငယ်လေးတွေနဲ့ ချစ်ခန်း၊ ကြိုက်ခန်းလေးတွေ နတ်နန်းမှာ ဖောက်သည်လာလာချရင် သက်ပြင်းကို ခပ်မမ ချပြီး ...

'အမယ်လေး ... သမီးတွေ၊ ဒီလောက်နဲ့ တက်မလာနဲ့။ ညည်းတို့ထက် ကျုပ်က ပိုဆိုးခဲ့၊ ကဲခဲ့၊ သဲခဲ့တာပါအေ'

လို့ ပြောရင် သက်တူရွယ်သူ အပေါင်းအသင်းတွေက ရယ်ပြီး ...

'ကလေးတွေရှေ့မှာ မထော်မနန်းတွေပြောပြီး ငယ်ကျိုးငယ်နာတွေ မဖော် နဲ့'လို့ ဆိုကြပြန်တယ်။

* * *

ဒီနေ့မှ မှတ်မှတ်ရရ တစ်ယောက်သောသူကို အရမ်းကိုသတိရနေမိတယ်။ စိတ်ပြေလက်ပျောက် ဘယ်ဆီများရောက်နေပြီလဲ အချစ်ရယ်လို့ ညည်းလိုက်ချင်ပေမဲ့ အသက်အရွယ်အရ မဖြစ်သင့်တော့ဘူးမဟုတ်လား။ မောင်နဲ့ကွဲသွားပြီးတဲ့နောက်ပိုင်း ကျွန်မ လောဘအားလုံးကို လျှော့ချလိုက်တယ်။

ရသမျှငွေကြေးဥစ္စာအားလုံးကို လေးပုံ ပုံတယ်။ တစ်ပုံကို စုတယ်။ တစ်ပုံကို ဘုရားကိုလှူတယ်။ တစ်ပုံကို စားတယ်။ နောက်တစ်ပုံကိုတော့ သူရောက်လာတဲ့တစ်နေ့အတွက် သီးသန့်ထားမိတယ်။

မာဃီ မူယာပိုလို့ ဆိုလိုက်တာနဲ့ အလှူအတန်းရက်ရောတဲ့သူ။ သမီးတွေအပေါ် ဩဇာညောင်းသူ၊ ချစ်ရေးချစ်ရာ အရှုပ်အရှင်းကင်းသူရယ်လို့ နာမည်ကြီးခဲ့တာတောင် နှစ်ပေါင်းကြာခဲ့ပြီ။ နာမည်တစ်လုံးကို တန်ဖိုးထားထိန်းသိမ်းရင်း ချစ်ခဲ့ဖူးတဲ့ ရင်ခွင်တစ်ခုကို သိုသိုသိပ်သိပ်လေး လွမ်းနေရတယ်။ တစ်ခါတလေ သပြေမက ...

'မူယာရယ် ... အချိန်တွေက ကုန်တာမြန်လိုက်တာ။ အခု ငါတို့မှာ လုပတဲ့ရုပ်ရည်ဆိုတာလည်း မရှိတော့ဘူး။ ဆန္ဒကို သိက္ခာတွေနဲ့ ထိန်းထားလို့ အရှင်သခင်တွေကျေးဇူးနဲ့ စားဖို့မပူရ၊ သောက်ဖို့မပူရ၊ နေဖို့မပူရဘဲ လူလိုသူလို လေးနေရတာ။ ဒီလိုမဟုတ်ဘဲ စိတ်အလိုလိုက်တဲ့ ကတော်တွေ ရောဂါတွေရ၊ ကျန်းမာရေးတွေ ဆိုးဝါးပြီး ဘဝပျက်သွားတဲ့သူတွေ တစ်ပုံကြီးနော်။ ကျုပ်လေ မင်းခန့်ကျော်ကိုလည်း ရှာကျန်ပြီး ကျေးဇူးတင်ပါတယ်။ သူကြောင့်သာမဟုတ်ရင် လမ်းဘေးမှာ ဘဝပျက်နေတဲ့ အခြောက်မကြီးတွေက ငါတို့ ဖြစ်မနေဘူးလို့ မပြောနိုင်ဘူး။ ပြီးတော့ နင့်ရဲ့အချစ်ကို သိက္ခာနဲ့ ထိန်းသွားနိုင်တာကိုလည်း ကျုပ် အားကျမိပါတယ်အေ။ အချစ်နောက်ကို လိုက်ရင်းနဲ့များ ညည်း တွေ့ရာအချစ်တွေနဲ့ ပျော်မွေ့သွားမှာကို အဲဒီတုန်းက 'ကျုပ် စိတ်ပူလိုက်တာ'

သပြေမတောင် ဘာလိုလိုနဲ့ ကျွန်မနဲ့တန်းတူ ရှေ့တိုက်စာရင်းဝင် နတ်ကတော်ကြီး ဖြစ်နေပြီ။ ကျွန်မပေါ်မှာတော့ သပြေမက မာန်ကိုလည်း မထားသလို ကျွန်မနဲ့ပတ်သက်ရင် ရဲဘော်ရဲဘက်တစ်ယောက်လို ကျွန်မအပေါ်ကောင်းခဲ့တာ။ လူတချို့နဲ့ပတ်သက်ပြီး တချို့အသိုင်းဝိုင်းက လူတွေက ကျွန်မတို့အချစ်နဲ့ ကျွန်မတို့ နေထိုင်တဲ့ စရိုက်တွေကို ရွံမုန်းတဲ့လူတွေ ရှိကောင်းရှိလိမ့်မယ်။ ဒါတွေကိုကျွန်မကတော့ အများကြီးမအံ့ဩပါဘူး။

စကားတွေပြောနေရင်း သပြေမကို ...

'ဟဲ့ ... လိုအပ်တာတွေ ရှိနေဦးမယ်။ သေချာလေး စစ်ဦးနော်။ ကျန်ခဲ့တာတွေ၊ လိုခဲ့တာတွေရှိလို့ သခင်တွေ ငြိုငြင်ဦးမယ်'

ကျွန်မအိမ် နတ်နန်းမှာ သမီးတစ်ယောက် လုပ်ငန်းအဆင်ပြေလို့ အောင်ပွဲအတွက် ပြင်ဆင်နေကြတာ။ မနက် ၁၀ နာရီလောက်ကစပြီး တစ်နေ့ခင်းလုံး

ချောကြ၊ ကကြမှာ။ ကျွန်မမေမေ ဆုံးသွားပြီးနောက်ပိုင်း နယ်မှာရှိတဲ့ အိမ်တွေ၊ ဟာတွေ၊ လယ်တွေ အားလုံး ရောင်းလိုက်တယ်။ နောက် ရောင်းရတဲ့ငွေလေးကို အတိုးလေး ဘာလေး ပေးထားပြီး ကျွန်မအိမ်ကို အိမ်နန်းပုံစံ ပြင်ပစ်လိုက်တယ်။ ခွဲတွေ၊ ဘာတွေဆို ကျွန်မအိမ်တင် ဆိုင်းသမားတွေခေါ်ပြီး အမိုးနဲ့အကာနဲ့ လွတ်လွတ်လပ်လပ် ကနားတွေပေးနိုင်အောင်ပေါ့။

ကျွန်မရဲ့ ဇာတ်ညွှန်းရေးဆရာမက သပြေမလေ။ သူ အကြံပေးလို့ ဒီလို ထုပ်ဖြစ်သွားတာ။ အခုပွဲမှာတော့ သပြေမက ဦးစီးဦးကိုင်လုပ်နေလို့ ကျွန်မက ထောင်ကြည့်မြှောက်ကြည့်လောက်ပဲ။ လိုအပ်တဲ့ပွဲတွေအားလုံး မြိုင်မြိုင်ဆိုင် ဆိုင်ဖြစ်နေလို့ ဆိုင်းဆရာကတောင် နတ်ပင့်တီးလုံးကို အစပျိုးနေပြီ။ ခဏနေ ဆို သပြေမနဲ့ သူ့သမီးတစ်သိုက် ကကြခုန်ကြ၊ ပျော်ကြပါးကြမယ့် နတ်ချော့ပွဲ ကြီး ကကြတော့မယ်။ လုပ်ရိုးလုပ်စဉ်တွေအားလုံးလုပ်ပြီး တချို့နတ်ကတော် လေးတွေ ချော့နေတဲ့အချိန် သပြေမက ...

'ကောင်မ ...၊ ညည်းလည်း ချော့ဦးလေ တစ်ခါလောက်။ ဒါမှ အလှူ ရှင်တွေလည်း ကျေနပ်မှာပေါ့'

'အေးပါ ချော့တာပေါ့'

သပြေမက ပြောရင်းနဲ့ ကျွန်မအတွက် ပဝါတွေယူလာတယ်။ ပဝါစကို ကျွန်မ ကျွမ်းကျွမ်းကျင်ကျင် လှလှပပလေး ပေါင်းလိုက်ပြီး ...

'ပုဆိုးတွေတော့ မဝတ်တော့ပါဘူးဟယ်။ အသက်လည်း ကြီးပါပြီ။ ဒီအတိုင်း ရိုးရိုးလေးပဲ ချော့တာပေါ့'

ကျွန်မ အထဲကိုဝင်လိုက်ရင်ပဲ ဆိုင်းသမားက စတီးနေပြီ။ ကျွန်မ လက်အုပ်ချီပြီး ကိုယ်တော်ကြီး(ကိုကြီးကျော်) မျက်နှာတော်ကို မော်ဖူးလိုက်တော့ ကိုယ်တော်ကြီး မျက်နှာတော်က ပြုံးနေသလိုလို။ ကျွန်မ မျက်လုံးနှစ်ဖက်ကို မှိတ်လိုက်တဲ့အခါမှာ အုံးပွဲ၊ ငှက်ပျောပွဲကရတဲ့ အနံ့တွေနဲ့ဆန့်ကျင်တဲ့ ရနံ့ တစ်ခုက ကျွန်မနှာခေါင်းထဲကို ဝင်လာတယ်။

'အို ... မောင်များလား'

အသက် ၆၀ သာ ပြည့်မယ်။ မောင့်ရဲ့ ကိုယ်သင်းရနံ့လေးကို ကျွန်မ မှတ်မိနေသေးတယ်။ မောပန်းသမျှ ခေါင်းဝင်ပြီး ခွဲခွဲ၊ သဲခဲ့တဲ့ ရင်ခွင်ခပ်နွေးနွေးကို အတိတရနဲ့ ရင်တောင်ခုန်မိသွားတယ်။ နတ်ပင့်ဆိုင်းကလည်း တီးနေပြီဆိုတော့

'မောင်လား ...'

ဆိုတဲ့အကြည့်နဲ့ မကြည့်နိုင်ဘူး။ ကျွန်မ ကတယ် ခုန်တယ်၊ ပျော်တယ်၊ ပါတယ်၊ သောက်တယ်စားတယ်။ ဒါပေမဲ့ စိတ်က ကိုယ်တော်တွေဆီမှာ ရောက် မနေဘူး။ ဆိုင်းသံက ဒီနေ့မှာ ပိုမြူးနေလို ခံစားမိတယ်။

'သားတွေ၊ သမီးတွေ စီးပွားတက်ပြီး ထူးအောင် တဘောင်ဆိုတာ

ပြပေါ့'

ကျွန်မ အော်လိုက်တယ်ဆိုရင်ပဲ ဆိုင်းသံက မြိုင်မြိုင်ဆိုင်ဆိုင်နဲ့ တဘောင်ကို စတီးတယ်။

'သောက်သောက်စားစား လူမင်းသားကြီးပါဘုရား သောက်ပါ၊ မူးပါ၊ ထူးပါ ဘုရား'

သမီးတစ်ယောက်ရဲ့ သီချင်းသံစူးစူးကို ဆိုလိုက်တဲ့အချိန်မှာ ကျွန်မနားကို အရိပ်လေးတစ်ခု ကပ်လာတယ်။

သေသေချာချာကြည့်မှ မောင်ပါလား။ မောင့်ခေါင်းမှာ ပဝါအစိမ်းရောင်တစ်ခုကို အချိုးမကျစွာ ပေါင်းထားတယ်။ မောင့်ဘေးမှာ သပြေမက ကျွန်မနဲ့ အတူတူ ဝင်ကနေပြီ။ အိုး ... ကျွန်မ ရင်တွေခုန်လိုက်တာ။ မောင် ကျွန်မဆီ ပြန်လာတယ်။ ဆိုင်းသံတွေနဲ့ ရင်ခုန်သံတွေ ပေါင်းလိုက်ရင် ကျွန်မ နှလုံးခုန်သံတွေ ရပ်သွားမလား မသိ။

ကျွန်မ မောင့်ကို နှစ်ပေါင်းများစွာ လွမ်းဆွတ်စိတ်နဲ့ မြတ်မြတ်နိုးနိုးကြည့်ပြီး ကခုန်နေသလို ကျွန်မကိုလည်း အစ်မတော် မငွေတောင်က ...

'ဒီကောင်မတော့ ချစ်သူ့နယ်မြေက ဘယ်တော့မှ လွတ်ဖို့မမြင်ဘူး' ဆိုပြီး ခပ်ထေ့ထေ့ ပြုံးနေမလား မသိ။

•

# ပါတော်မူ နှလုံးသား

အခန်း ၁

လေပြည်သိန့်နဲ့အပြိုင် ပြေးလာတဲ့ လှိုင်းကြက်ခွပ်လေးတွေက မျက်စိကို အေးနေတယ်။ သူမလက်ကိုကိုင်ပြီး လေနုအေးတွေကို တစ်ဝကြီး ရှိုက်သွင်းလိုက်တယ်။ တောင်သမန်နယ်မြေကို ညနေပိုင်း ကျွန်တော်သွားနားရတဲ့ အေးမြခြင်းကို ကြိုက်တယ်။ ကြည်ပြာပြာ မိုးကောင်းကင်အောက်မှာ ရေပြင်ကျယ်ကြောင့် အချစ်နဲ့ မြတ်နိုးစိတ်တွေ သူမအပေါ် ပိုဖြစ်မိတာ ဝန်ခံပါတယ်။ ကျွန်တော့်ဘေးနားက ချစ်ရသူကို ကြည့်မိတော့ ချစ်ရသူရဲ့ မြန်မာဆန်ဆန်အလှက ပိုပြီးဂုဏ်တက်နေတယ်လို့ ထင်မိပြန်တယ်။

တောင်သမန်သူစစ်စစ်ဖြစ်တဲ့ သူမက တောင်သမန်ပညာရှင်တို့ အမြတ်တနိုး ရေးဆွဲထားတဲ့ ချည်ထည်ကို အထက်အောက် ဆင်တူချုပ်ဝတ်ထားတယ်။ အဆီအပိုမရှိဘဲ အမျိုးကောင်းသမီးတစ်ယောက်ရဲ့ ပိုင်ဆိုင်သင့်သော အချိုးအဆက်က ကွက်တိ။ နေညိုညိုရဲ့အရောင်က သူမပါးပြင်ထက်ကို ထိုးကျနေလို့ ပိုတောက်ပနေတယ်။ စကားပြောတိုင်း ပါးချိုင့်လေးနိမ့်ဝင်လာတတ်တဲ့ မန်းမြို့မေညို တောင်သမန်သူလေးက ကျွန်တော့်ချစ်သူ မေစစ်သွေးပင်ဖြစ်တယ်။

ဘဝအတွက် အရေးကြီးတဲ့အရာတွေကို တိုင်ပင်တိုင်း တောင်သမန်တမ်းစပ်က အပင်အိုကြီးတွေအောက်မှာ စကားပြောဖြစ်တယ်။ ဘဝအတွက် ပျော်ရွှင်စေတဲ့ အချစ်အကြောင်းတွေကို အတွေ့အကြုံများစွာရှိတဲ့ အပင်ကြီးတွေအောက်မှာ ပြောရတာက ကျွန်တော်တို့အတွက် တည်ငြိမ်ခြင်းကိုဖြစ်စေမယ်လို့ ယုံကြည်နေမိတယ်။ ဘယ်အရာကိုမဆို သံသယကြီးတတ်ပြီး တည်ငြိမ်သော

သူမ ဆုံးဖြတ်ချက်များစွာကို ကျွန်တော့် ချစ်သူသက်တမ်းတစ်လျှောက်တွင် အပြီအကွဲခံခဲ့ရတယ်။

'စကားပြောတိုင်း မန်းသူမို့ သိက္ခာပိုတာပါ မောင်'ဆိုတဲ့ စကားလုံးက ကျွန်တော့်ရင်ဝကို လုံနဲ့ထိုးဆွနေသလို ဖြစ်စေခဲ့တာလည်း အကြိမ်ကြိမ်ပါ။ အမြဲလိုလို အလျှော့ပေးရတဲ့ ကျွန်တော်က ဒီတစ်ခါမှာ လျှော့မပေးနိုင်ဖြစ်နေတယ်။ အစိုးရဝန်ထမ်းဖြစ်လို့ သူမထံ အမြဲမရောက်နိုင်။ ချစ်သူထံလာတွေ့တဲ့ အချိန်တိုင်း တစ်ခုမဟုတ်တစ်ခု စိတ်ဆင်းရဲခြင်းဒုက္ခကို ပေးတယ်။ ဒီနေ့လို ကြည်နူးရမယ့် အချိန်မျိုးမှာတောင် အရင်တစ်ခေါက်လာတုန်းက ပြဿနာကို သူမက လှလှလေး အစပျိုးနေတယ်။

'ဒီလိုယောကျ်ားမျိုးကို လက်ထပ်ဖို့ဆိုတာ တော်တော်မလွယ်တဲ့ကိစ္စပဲ မောင်'

ဘေးကလူတချို့ ကြားမိရင် အဆက်စပ်မရှိဟု ပြောလိမ့်မယ်။ သူမ ပြောသောစကားကို ကျွန်တော် ကောင်းကောင်းသဘောပေါက်တယ်။ အရင်တစ်ခေါက် သူမကိုလာတွေ့စဉ်က တောင်သမန်တွင် အဆင်မပြေမှုပေါင်းများစွာ ကြုံခဲ့ရတယ်။ အဲဒီနေ့က တောင်သမန်မှာ မိုးတွေညိုနေတယ်။

လေပြည်ထက် အနည်းငယ်ပြင်းတဲ့ လေဒဏ်ကြောင့် နေ့ရက်ပေါင်းများစွာ တည်ငြိမ်အေးချမ်းတဲ့ ရေလှိုင်းလေးများအစား အရှိန်ပြင်းတဲ့ လှိုင်းလေတွေက တဝုန်းဝုန်းရိုက်ခတ်နေတယ်။ ဦးပိန်တံတားကို လက်တွဲလျှောက်နေတဲ့ စုံတွဲတချို့ရဲ့ ခပ်သွက်သွက် ခြေလှမ်းတချို့ကိုလည်း လှမ်းမြင်နေရတယ်။

ဦးပိန်တံတားအိုကြီးကတော့ သူ့ချစ်သူကို မိုးစိုမှာစိုးလို့ ငါ့ရဲ့ ခုံညားလှတဲ့ နလုံးသားကို ခပ်တင်းတင်း ဖြတ်ပြေးနေတယ်ဆိုပြီး စိတ်ဆိုးနေမလား မသိ။ ကြည်နူးဖွယ်မြင်ကွင်းတွေနဲ့ ပျော်နေတဲ့စိတ်တွေက ချက်ချင်းဆိုသလို ပျောက်ကွယ်လိမ့်မယ်လို့ ကျွန်တော် ထင်မထားမိခြင်းက ကျွန်တော့်အမှားပင်။

'ဝမ်းကြာဖူးငုံ ပန်းမှုံပွင့်ရှယ်
လွယ်မွေးခဲ့တဲ့ မဟာမေမေ
ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ်က
မွေးခဲ့ပါသော မွေးခဲ့ရှာသော
ကျွေးခဲ့ပါသော သူရဲကောင်း မေမေ'

မျက်မမြင်အဘိုးအိုရဲ့ သီချင်းသံနဲ့အပြိုင် ကောင်လေးက ကျွန်တော့်လက်ကို ဖျတ်ခနဲ ဆွဲလာတယ်။ ပူနွေးနွေးချွဲပျစ်နေသလို စိတ်က ထင်နေမိလို့ ကျွန်တော့်ကို ဆုပ်ကိုင်လာတဲ့လက်ကို သေချာစိုက်ကြည့်လိုက်တယ်။ လက်အစုံက အတိုအရှည်မညီသလို အနာဖေးတချို့ကလည်း မြင်မကောင်း။ နာခေါင်းထဲတွင်ပင် အနံ့တချို့ရလိုက်သလို မြင်မိတယ်။ ကျွန်တော့်ဝမ်းအတွင်းမှ ပျို့အံ

ချင်လာသလို ခံစားရတယ်။ ကျွန်တော့်ရဲ့ နောက်လက်တစ်ဖက်ကိုထပ်ကိုင်ပြီး ကောင်လေး ကမ်းတဲ့အချိန်မှာ အရှိန်အနည်းငယ်ပြင်းတဲ့ အင်အားတစ်ခုနဲ့ ကျွန်တော် ပုတ်ထုတ်လိုက်တယ်။

'မောင် ဘယ်လိုလုပ်လိုက်တာလဲ'

ကျွန်တော့်အပြုအမူအဆုံးမှာ သူမထံက စကားသံတချို့ ထွက်လာတယ်။ ဆိုစကားသံနှင့်အပြိုင် ကျွန်တော့်လက်ကိုလာကိုင်ပြီး အလှူခံတဲ့ကောင်လေးကိုလည်း ငါးရာတန်တစ်ရွက် ထုတ်ပေးလိုက်တယ်။ နောက် သူမက ကျွန်တော့်ကို တည့်တည့်ကြည့်ပြီး . . .

'ရှင် ဒီလောက် အဆင့်အတန်းခွဲခြားတတ်လိမ့်မယ်လို့ ကျွန်မ ထင်မထားခဲ့ဘူး'

စကားစုအဆုံးမှာ သူမ ကျွန်တော့်ကို စေ့စေ့ကြည့်တယ်။ မယုံကြည်နိုင်ခြင်း၊ အံ့သြခြင်း၊ စိတ်ပျက်ခြင်း၊ မချင့်မရဲဖြစ်ခြင်းကို သူမမျက်ဝန်းမှတစ်ဆင့် ကျွန်တော် အတိုင်းသားမြင်လိုက်ရတယ်။ သူမက စိတ်ရှုပ်သွားဟန်ဖြင့် ဆံပင်ကို စည်းထားသည့် ပိတ်စတစ်ခုကို ချွတ်ချလိုက်တယ်။

နက်မှောင်နေတဲ့ ဆံနွယ်တွေက ဖွေးခနဲကျလာတယ်။ လေအရှိန်နဲ့ ဆံနွယ်တချို့ လေထဲပျံ့လွင့်နေတဲ့ မန်းမြို့သူရဲ့ မာန်တစ်မျိုးက သူမမျက်နှာ ညိုညက်ညက်မှာ ရှင်မတောင် သနပ်ခါးရနံ့နဲ့ ဆန့်ကျင်စွာတွေ့နေတယ်။ မှိုင်းရာမှ ညို၊ ညိုရာမှ မည်းလို့ တောင်သမန်က ချစ်ရသူနဲ့အပြိုင် ငိုလေပြီ။

## အခန်း ၂

'ဘယ်သူတစ်ဦးတစ်ယောက်က ကိုယ့်သိက္ခာတရားကို အကျခံပြီး ငွေလေး လေးငါးရာနဲ့ ပျက်ယွင်းနေတဲ့ ကိုယ်ခန္ဓာကို လူပုံအလယ်မှာပြပြီး အလှူခံတုံ့မှာလဲ မောင်'

စိတ်ဆိုးမပြေနိုင်စွာ အပြန်လမ်းတစ်လျှောက်လုံး ကျွန်တော့်ကို မခံမရပ်နိုင်ပြောနေတယ်။ သူမ စိတ်ဆိုးနေမှန်းသိသဖြင့် ကျွန်တော် ဘာမှပြန်မပြောဘဲ ကားကိုသာ ဂရုစိုက်မောင်းနေတယ်။ သူမ နေထိုင်တဲ့အိမ်ကို ပြန်ရောက်လို့ သူမ ဆင်းသွားတဲ့အချိန်မှာ ကလေးတစ်သိုက်ရဲ့ . . . 'မမ ပြန်လာပြီ' ဆိုတဲ့အသံတချို့ကို ကားထဲက ကြားလိုက်တယ်။ သူမက အိမ်ပြန်ပို့ခြင်းကို လက်ခံသော်လည်း အိမ်အတွင်း မိဘများနဲ့ တွေ့ဆုံစေခြင်းကိုမူ ခုချိန်ထိ ခွင့်မပြု။ ထက်သော၊ တော်သော၊ မာနကြီးသော၊ ပညာပြည့်သော သမီးကို သူမမိဘများက သူမ စိတ်သဘောအတိုင်း နေထိုင်စေတယ်။ သူမတို့ ဆေးရေးပန်းချီ အထည်လုပ်ငန်းကလည်း တော်တော်နာမည်ကြီးတယ်။ တစ်ခါတစ်ခါတွင်မူ သူမကိုယ်တိုင် ရေးဆွဲတဲ့ အကျီအဝတ်လေးများကိုဝတ်ပြီး ကျွန်တော့်ဘေးတွင် ခပ်အေး

အေး နေတတ်တယ်။

သို့သော် ဒီနေ့မှာတော့ သူမ ဘယ်သို့သောစိတ်မျိုး ပေါက်တယ်မသိ။ နှုတ်ဆက်ပြီးပြန်သွားတဲ့ ကျွန်တော့်ကို ဖုန်းလှမ်းဆက်ပြီး သူမရဲ့ အထည်ဆေးဆွဲ လုပ်ငန်းလုပ်တဲ့အိမ်ကို ပြန်လာဖို့ ခေါ်တယ်။ အံ့ဩစိတ်နဲ့ ကားကိုအမြန်မောင်း လာခဲ့တယ်။ အိမ်ရှေ့ရောက်တော့ သူမက ကျွန်တော့်ကို ထီးတစ်ချောင်းနဲ့ ထွက်ကြိုတယ်။ တောင်သမန်မှာဖြစ်ခဲ့တဲ့ ဆံနွယ်များကို ဘယ်အချိန်က တစ် ပတ်လျှို ဆံထုံးထုံးလိုက်တယ် မသိ။ ခုချိန်မှာ အိမ်နေအဝတ်အစား၊ သနပ်ခါး ခပ်ပါးပါးနဲ့ တစ်ပတ်လျှိုဆံထုံးအလှက ကျွန်တော့်ကို ရင်ခုန်မှုတွေ ဖြစ်ပေါ်စေပြန် တယ်။

မန်းသူတွေ ခြေသလုံးတုတ်တယ်လို့ စမိတဲ့တစ်နေ့က ခပ်ဟဟ နှုတ် ခမ်းလေးနဲ့ ကျွန်တော့်ကိုရန်လုပ်ပုံ ပြန်မြင်ယောင်မိတယ်။ ခုခေတ် ဘယ်မန်းသူမှ ခြေသလုံးမတုတ်ဘူး။ အရင်ကသာ စက်ဘီးစီးလို့။ ခုခေတ် မန်းသူတွေက ကျွန်မလို ခြေသလုံးသေးသေးလေးဆိုပြီး သူမရဲ့ ချည်ထည်လုံချည်အောက်နား လေးကို အသာပင့်ပြတယ်။

မျက်စောင်းတစ်ချက်ကိုထိုးပြီး အဲဒီနေ့ကလည်း ရိုးရာမပျက် သူမ ကျွန် တော့်ကို စိတ်ကောက်သွားပါတယ်။ ဒါကြောင့် တစ်ခါတစ်ခါ သူမနဲ့တွေ့ဆုံ ချိန်မှာ သူမဆွဲတဲ့ အင်္ကျီလေး၊ လုံချည်လေး ဝတ်လာပါစေလို့ အခါခါဆုတောင်း မိတယ်။ ဒါမှသာ ကျွန်တော်ပြောတဲ့ ချိုသာကြည်လင်တဲ့ ချစ်ခြင်းအကြောင်း တွေကို ချိုသာစွာ သူမ လက်ခံမှာ။ ဒီလိုမှမဟုတ်ရင် မန်းသူတို့က တကယ်ကို မလွယ်။

သူမရဲ့ ချည်ထည်လုပ်ငန်းနဲ့ ကလေးတွေရဲ့ ငွေကြေးအတွက် ရုန်းကန် နေရပုံတွေကို ကျွန်တော့်ကို အသေးစိတ်ပြောပြတယ်။ လုံချည်တစ်ထည်ကို ဆေးရေးခ သုံးရာကျပ် ရတယ်။ အသင့်လုပ်ထားပြီးသား ဖလင်ပြားလေးပေါ်မှာ ဆေးရောင်စုံကို နေရာကျအောင် ကလေးတွေက ဆွဲနေကြတယ်။ မိုးချုပ်နေပေမဲ့ သူတို့လေးတွေ အလုပ်မနားကြသေးဘူး။ နောက် သူမက အထည်မှာဖောင်းကြွ နေတဲ့ ပန်းချီတစ်မျိုးကိုပြပြီး ဒါမျိုးက လက်နဲ့ဆွဲရတာဆိုပြီး ပြောပြတယ်။ သူကတော့ လက်ဝင်လို့ ဆွဲခပိုပေးရတယ်တဲ့။ သူမရဲ့ အထည်လုပ်ငန်းက ကလေးတွေ အလုပ်သမားတွေနဲ့ ဘဝကို နေသားကျအောင် ကြိုးစားထားရတဲ့ သူမို့ ညနေက အလှူခံတဲ့ကောင်ကလေးကိစ္စမှာ နည်းနည်းစိတ်ဆိုးသွားတယ် ဆိုတဲ့အကြောင်းကို သူမက ထပ်တောင်းပန်တယ်။

ကိုယ်က ချစ်နေရသူမို့ အရာရာတိုင်းကို သူမ စိတ်ချမ်းသာသလို ပြုမူ ပြောဆိုနေစေချင်တာ အမှန်ပါ။ သူမ စိတ်ဆိုးရင် ကိုယ်တိုင်လည်း နေရခက် သလို သူမကိုလည်း ဒီလိုစိတ်ဆိုးမှုတွေ မဖြစ်စေချင်ဘူး။ မိဘစီးပွားရေးကို

ကိုယ်တိုင်ဦးဆောင်နေတဲ့ လက်မှုအနုပညာသမားလည်းဖြစ်၊ ပညာရှင်လည်း ဖြစ်၊ ခေတ်ပညာတတ်လည်းဖြစ်တဲ့ သူမကို နားလည်ပေးနိုင်အောင်ပဲ ကြိုးစား မိတယ်။

အချစ်က တစ်ခါတစ်ရံမှာ ချိုသာပြီး တစ်ခါတစ်ရံမှာ ထင်မှတ်မထားတဲ့ ရှုပ်ထွေးသည်းခံခြင်းတွေကို ဖြစ်စေတတ်သလို တစ်ခါတလေမှာလည်း ထင် မှတ်မထားတဲ့ တင်းမာခြင်းကို ဖြစ်တတ်စေပြန်တယ်။ ဘယ်လိုပြောပြော ကျွန် တော့်ကို စိတ်ဆိုးသွားတဲ့ ချစ်သူက သူ့အိမ်ကို ဖုန်းဆက်ပြန်ခေါ်ပြီး နွေးထွေးစွာ တောင်းပန်ခဲ့တဲ့အတွက် ဒီတစ်ခါ သူမထံလာတွေ့ရခြင်းက ကျွန်တော့်ကို စိတ်ကိုချမ်းသာစေတာ အမှန်ပင်။

မန်းသူကိုချစ်တဲ့ တောင်ပေါ်သားအဖို့ မန်းမြေမှာ သိက္ခာကြီးစွာ ပေးဆပ် ရမလား။ ဒါမှမဟုတ် သိက္ခာရှိစွာ မြတ်နိုးရမယ်မှန်းမသိပေမဲ့ မန်းသူရဲ့ နှလုံးသား တစ်စုံကိုတော့ တောင်ပေါ်မြေကို ခေါ်သွားချင်မိတာ အမှန်ပါ။ သူမ ဦးဆောင် တော့်ရင်လည်း သူမရဲ့ ဆေးရေးပန်းချီလုပ်ငန်းတွေကို ဦးဆောင်နိုင်တဲ့သူ ရှိနေ တယ်။ ချစ်ရတဲ့ မန်းသူလေး တောင်ပေါ်မြေကိုရောက်ရင်ဖြင့် ချမ်းလိုက်တာ ဆောင်ရယ်ဆိုပြီး ကျွန်တော့်ရင်ခွင်ထဲ နေသားကျလေမလား မသိ။

တောင်ပေါ်မြေရောက်ရင် သူမ ဝတ်ချင်တဲ့ ချည်ထည်တွေအပေါ်မှာ ဆူဆဲလုတဲ့ အနွေးထည်တွေကို လှလှပပ တန်ဆာဆင်ပေးမယ်။ ကျွန်တော့် ရင်ခွင်မှာ အရာအားလုံး လိုတာမရှိရအောင် စောင့်ရှောက်ချင်တယ်။ နူးညံ့တဲ့ အချစ်ပန်းခင်းထဲမှာ ပျားပိတုန်းတွေဒဏ်ကို မခံရလေအောင် သေချာလေး သိမ်းထုပ်ထားချင်တယ်။ အချစ်က ချစ်ဖို့အတွက် အသုံးဝင်သလို အချစ်ခံသူ အတွက်လည်း တန်ဖိုးကြီးမားပါတယ်။

ကန့်သတ်ချက်တွေနဲ့ ချစ်ခွင့်ရနေတဲ့ နှလုံးသားက အချိန်တစ်ခုမှာ ကန့် သတ်ခြင်းကို မြတ်နိုးသွားမိတယ်။

* * *

ခုအကြိမ်က ဒီမန်းမြေကိုလာတာ တစ်ဆယ့်သုံးကြိမ်မြောက် ဖြစ်တယ်။ ချစ်ရသူလေးကိုလည်း အရမ်းကိုလွမ်းဆွတ်နေမိတယ်။ ဝေးဝေးမှာထားလို့ မရ နိုင်တဲ့ ကျွန်တော့်အစိတ်အပိုင်းတစ်ခုက သူမပင် ဖြစ်တယ်။ အတိုးချ ချစ်နိုင်ဖို့ သူမနဲ့တွေ့နေကျ တောင်သမန်ရေစပ်မှာ ချိန်းမိပြန်တယ်။

'စံ … ဒီတစ်ခါတော့ ကိုယ်နဲ့လက်ထပ်ပြီး တောင်ပေါ်ကို လိုက်ခဲ့ တော့နော်'

ကျွန်တော့်စကားကို သူမက ပြုံးပြီး နားထောင်နေတယ်။ စကားလုံးမှာ ဘယ်သို့သော ပြုံးရယ်စရာမျိုးမှ မရှိ။ ဆန့်ကျင်ဘက် နှစ်ဦးနှစ်ယောက်၏ အဆုံး သတ် ချစ်ခရီးက လက်ထပ်ခြင်းကလွဲပြီး မရှိနိုင်။ သို့သော် သူမ အဘယ်သို့

သတ်မှတ်တယ် မသိ။

'မိန်းမတစ်ယောက်ရဲ့ အချစ်ခရီးအဆုံးက လက်ထပ်ခြင်းလို့ တစ်ယူသန်စွဲမှတ်ထားရင် မှားလိမ့်မယ် မောင်။ မချစ်ဘူးမဟုတ်ဘူး ချစ်တယ်။ ဒါပေမဲ့ အချစ်နဲ့ လက်ထပ်ခြင်း ရွေးချယ်မှုမှာ တခြားသူတွေနဲ့ ထပ်တူကျချင်မှ ကျလိမ့်မယ်။ အချစ်ဆိုတာက ချစ်ဖို့ပါ မောင် ...'

'လက်ထပ်ခြင်းမရှိတဲ့ ပေးဆပ်ချစ်ခြင်းကို ဘယ်ယောကျ်ားက တမ်းတမ်းစွဲမြတ်နိုးနေလိမ့်မယ်လို့ စစ် ထင်နေသလဲ။ ယောကျ်ားတစ်ယောက်ရဲ့ ပေးဆပ်ခြင်းဆိုတာ မြတ်နိုးစွာလက်ထပ်ဖို့ ရည်ရွယ်ခဲ့တဲ့ အချစ်ရဲ့စွန့်လွှတ်ခြင်းပဲ။ အချစ်တစ်ခုတည်းကိုပဲ ထဲ့ထဲ့ဝင်ဝင် တွယ်တာပြီး လက်ထပ်ခြင်းကို မျက်ကွယ်ပြုမယ့် ယောကျ်ားအမျိုးစားထဲမှာ ပါလောက်တဲ့ ကြီးကျယ်မှုမျိုး ကိုယ် မပိုင်ဆိုင်သေးဘူး။ ဆောရီးပါ မေစစ်သွေး ...'

ကျွန်တော့်စကားအဆုံးမှာ သူမက ...

'ကျွန်မလည်း အများကြီးမျှော်လင့်မထားပါဘူး မောင်။ ကျွန်မ မောင်နဲ့ လက်ထပ်ဖြစ်ရင်တောင် မန်းကိုလိုက်ပြီး ကျွန်မနဲ့အတူတူနေနိုင်တဲ့သူ ဖြစ်အောင် ကျွန်မ ပြုစုပျိုးထောင်ဦးမှာ'

ကျွန်တော် အံ့ဩစွာ ကြည့်မိတယ်။ သူမက သူမဘာနေအတွက် အချစ်ကို ဖန်းပြုပြီး ထိန်းချုပ်ချင်နေတယ်။ အချစ်ဆိုတာ လိုသလိုပုံသွင်းယူနိုင်တဲ့ ဘဝတစ်ခုကို ပိုင်ဆိုင်ဖို့ အစွန်းရောက်အသုံးချလို့ရတဲ့ လက်နက်တစ်ခုမဟုတ်ဘူးဆိုတာ မေ့နေပုံရတယ်။

'အမှန်ကန်ဆုံးပြောရရင် ကျွန်မက မန်းမြေ၊ တောင်သမန်၊ ဦးပိန်နဲ့ ဒီဆေးရေးပန်းချီလုပ်ငန်းကို မောင့်ထက် ပိုချစ်တယ်'

## အခန်း ၃

'စစ်မှာ အချစ်ထက် အရေးကြီးတာတွေ ရှိတယ်မဟုတ်လား။ စစ်ကြိုက်သလို ဆုံးဖြတ်ပါ။ နှလုံးသားတစ်ခုလုံး ပါတော်မူမယ့်အရေးထက် နာကျင်ရမယ့်အချိန် မရှိတော့ပါဘူး စစ်။ စစ် စိတ်ချမ်းသာမယ့်လမ်းအတွက် ကိုယ့်နှလုံးသားကို ကြင်ကြင်နာနာလေး ချနင်းသွားပါ။ အမှန်တော့ ကိုယ်က စစ်ဘဝအတွက် အချစ်ကဏ္ဍမှာ အားဖြည့်ပေးလိုက်ရတဲ့ လောင်စာတစ်ခုပါ'

ရင်ထဲမှာ ငိုချင်နေသလို နာကျင်နေတယ်။ ကျွန်တော့်မျက်ဝန်းက လှပတဲ့ တောင်သမန်ပတ်ဝန်းကျင်ကို သေချာမမြင်ရ။ ပါးပြင်ပေါ်ကို ပူနွေးနွေးအရည်တချို့ စီးဆင်းလာတယ်။ အချစ်ရဲ့ နူးညံ့တဲ့သင်္ကေတ မဟုတ်ဘဲ ပူလောင်လှတဲ့ အရာတစ်ခုပင် ဖြစ်လိမ့်မယ်။ တောင်သမန်အင်းအလယ်က သစ်ပင်ခြောက်ကြီးကို ဒီနေ့မှ မှတ်မှတ်ရရ မြင်လိုက်မိတယ်။ ပူလောင်ခြင်းကို အေးမြစေရန်အတွက်

တောင်သမန်ကတော့ လေပြည်တိုက်ခတ်ပြီး ကျွန်တော့်အတွက် တာဝန်ကျေ ပေးနေတယ်။

'အချစ်ကို အဓိပ္ပာယ်ဖွင့်ဆိုဖို့ ကြိုးစားနေသမျှ ကာလပတ်လုံး အချစ် အဓိပ္ပာယ်က တစ်ချိန်လုံး ရှုပ်ထွေးနေစေမယ် ...စစ်။ တစ်ခါတစ်ခါမှာ ရဲရင့် သလို တစ်ခါတစ်ခါမှာ ကြောက်ရွံ့တတ်တာ အချစ်ပဲ။ ဘယ်သူမှ၊ ဘယ် အကြောင်းကြောင့်မှ အချစ်နဲ့ထိပ်တိုက်တွေ့တဲ့ လက်ထပ်ခြင်းကို မလွန်ဆန် နိုင်ကြဘူး။ ကိုယ့်ကို ဘက်တိုက်ချင်တဲ့စိတ်ဓာတ်ကြောင့် ဒီလမ်းကိုရွေးတယ် ဆိုရင် ပြန်စဉ်းစားစေချင်တယ်။ ကိုယ်လည်း အတ္တအနည်းငယ်ရှိတဲ့ ယောကျ်ား ဆိုတာ မမေ့စေချင်ဘူး။ သေလောက်အောင်ချစ်ပေမဲ့ ရှုံးသွပ်အောင်တော့ ချစ် ချင်မှ ချစ်မယ် စစ် ...'

နှုတ်ဖျားမှ ပြောမထွက်ခဲ့သော ရင်တွင်းစကားများကို သိုဝှက်ပြီး အေး စက်စက် တောင်ပေါ်ညများရှိတဲ့ တောင်တန်းဒေသကို ပြန်ခဲ့တယ်။ ရူးလောက် အောင် ချစ်ခဲ့လို့ နင့်နေအောင် ခံစားစေတာ အချစ်တဲ့လား။ လောကမှာ အချစ် ကြောင့် စစ်တွေ မဖြစ်နိုင်ပေမဲ့ အချစ်ကြောင့် ခံစားတတ်တဲ့ နှလုံးသားတွေ ရုတ်ပြတ်သတ်သွားနိုင်အောင် အင်အားကြီးကြောင်း မေစစ်သွေးက လှလှပပ သက်သေပြသွားခဲ့တယ်။ အသည်းကို ခွဲသွားတာမျိုးမဟုတ်ဘဲ ယုံကြည်ချက် ကို နှလုံးသားနဲ့ရင်းပြီး သက်သေပြသွားတာဖြစ်တယ်။

* * *

ရာသီတွေ အခါခါပြောင်းလို့ တောင်သမန်ရေတွေ အခါခါ စီးခဲ့ပြီ။ သစ်ရွက်သစ်ကိုင်းတို့လည်း ဟိုအရင်ကလို မဟုတ်တော့။ အချိန်နဲ့အမျှ ပြောင်း လဲနေတဲ့ လောကဓံတရားအောက်မှာ ကျွန်းတိုင်လုံးတွေကတော့ လေ၊ ရေ၊ မိုးတို့ရဲ့ ရိုက်ခတ်မှုကို ကြံ့ကြံ့ခံနေကြတုန်းပဲ။ တောင်သမန်မှာ ခြေရာထပ်ခဲ့တဲ့ ချစ်သူစုံတွဲတွေရဲ့ သားတွေ၊ သမီးတွေတောင် တော်တော်ကြီးတော့မယ်။ ကျွန် တော် ကိုယ်တိုင်လည်း ကိုသက်မြတ်ကျော်ဘဝမှ ဦးသက်မြတ်ကျော်ဘဝ ရောက် နေပြီလေ။

အရင်က ဂျင်းဘောင်းဘီ အင်္ကျီကိုယ်အကျပ်ကို မချွတ်တမ်းဝတ်ခဲ့တဲ့ ကျွန်တော်တောင် အချိန်တို့ရဲ့တိုက်စားမှုနဲ့ ဘဝပေးအခြေနေတွေကြောင့် ပုဆိုးနဲ့ မြန်မာဆန်တဲ့အင်္ကျီကို မချွတ်တမ်း ပြောင်းဝတ်နိုင်ခဲ့တယ်။ မေစစ်သွေးရဲ့ ချန် မထားခဲ့ပေမဲ့ ကျန်ထားခဲ့ခြင်းကို ရင်မှာပိုက်လို့ မန်းမြေကို ရှောင်နေခဲ့တာ ၂၅ နှစ် ကျော်ပြီလေ။

တစ်ခါတစ်ခါမှာ ကိုယ့်အတွက် ဘာမှန်းမသိတဲ့ အရှုံးတစ်ပွေ့တစ်ပိုက်ကို ခံစားရင် လွမ်းမိသလို ဆွေးမိသလိုနဲ့ မန်းမြေကို နာကျင်နေမိတာတော့ အမှန် ပင်။ အတိတ်အကြောင်းအရာတွေကို တွေးလိုက်မိမှ လမ်းခွဲခံရမယ့် ညနေခင်းမှာ

မန္တလေး မဟာမုနိဘုရား သွားခဲ့တာကို အမှတ်ရမိပြန်တယ်။

ဘောင်းဘီရှည် တကားကားနဲ့ ဘေးနားက ယဥ်စစ မန်းသူ ဘယ်လိုမှ မလိုက်ဖက်သလို ခံစားခဲ့ဖူးတယ်။ ခုလိုပုံနဲ့ဆိုရင်လို တွေးလိုက်မိတော့ ရင်ခွင်တစ်ခုလုံးက ပြောင်းဆန်အောင် ခုန်လာတယ်။ ခုချိန်အထိ နာကျင်စိတ်နဲ့ ချစ်နေတုန်းပါပဲလား မစစ်သေးရယ်။ သူငယ်ချင်းတစ်ယောက်ရဲ့သား ရှင်ပြုပွဲကို မဖြစ်မနေလာဖို့ အကြောင်းဖန်လာလို့သာ တောင်မြို့ကိုလာမိတာ။ ကျွန်တော့်စိတ်နဲ့ဆို ဒီတစ်သက် တောင်သမန်ဒေသကို ဘယ်သောခါမှ ခြေချမိမှာမဟုတ်ဘူး။

တောင်သမန်သူရဲ့ စကားသံတွေ ခုချိန်ထိ ကျွန်တော့်နားထဲက မထွက်သေးဘူး။ ညည်းသည်လိုဖြစ်နေတော့ သူငယ်ချင်းကို အနည်းငယ်ကူပြီး ညနေပိုင်းမှာ တောင်သမန်အင်းဘက် ရောက်ဖြစ်တယ်။ သွားနေကျ နေရာလေးတွေ၊ ပြောခဲ့ဖူးတဲ့ စကားလုံးလေးတွေ၊ မှိုနိုခဲ့ဖူးတဲ့ အပင်အိုကြီးတွေက လွမ်းလွမ်းဆွတ်ဆွတ် ကျွန်တော့်ကို နှုတ်ဆက်နေကြတယ်။

ညနေ ၅ နာရီခန့်ရှိနေတော့ တံတားပေါ်ကိုလျှောက်ဖို့ စိတ်အားထက်သန်နေမိတယ်။ ဒါနဲ့ တောင်တမန်တံတားပေါ်မှာ အတွေးတချို့နဲ့ ဖြည်းဖြည်းချင်း လှမ်းလာမိတယ်။ လေးဆယ်ကျော်အရွယ်ဆိုတော့ တံတားပေါ်က အတွဲတချို့ရဲ့ နိုးနိုးခစ်ခစ် ရယ်သံတွေကို နားမထောင်ဝံ့တာ အမှန်။ အတိတ်ပုံရိပ်တွေကြောင့် ကြည်လင်လှတဲ့ ရာသီဥတုနဲ့ ပန်းသင့်တဲ့ ရှုခင်းတွေကိုတောင် မခံစားမိဘူး။

တစ်ခါတစ်ခါမှာ ငှက်အော်သံလေးတွေနဲ့ တံတားပေါ် နင်းလိုက်လို့ 'ကျွိ ... ကျွိ ...'ဆိုတဲ့ ကျွန်းပြားချင်း ပွတ်တိုက်မိတဲ့အသံကို ကြားနေရတယ်။ လှေငယ်လေးတွေမှာ ချစ်သူကောင်လေးက လှော်၊ ကောင်မလေးက ပျော်နေတဲ့ ရှုခင်းတွေက ကျွန်တော့်အတွက် လွမ်းတဲ့စိတ်ကို ပိုပိုပြီးတိုးနေစေတယ်။ ဒီအချိန်ဆို သူမလည်း အိမ်ထောင်ကျပြီး ကလေးတွေရနေလောက်ပြီ ထင်ပါတယ်။

အချစ်နဲ့ ခံယူတိုက်ပွဲမှာ ခံယူချက်ကို နှလုံးသားအနာခံပြီး ရွေးချယ်သွားတဲ့ တောင်သမန်သူ သို့မဟုတ် မန်းသူရယ်။ တစ်နေ့တစ်ရက်မှ မေ့မရခြင်းက အချစ်လား၊ နာကျင်ခြင်းလား။ ကိုယ် သေချာမသိပေမဲ့ မင်းနဲ့ပတ်သက်တဲ့ တစ်စုံတစ်ရာတွေ နှလုံးသားနုနုမှာ ခုချိန်ထိ ကျန်နေသေးတာ သစ္စာပါကွာ။ ကတ္တီပါဖိနပ်လေးနဲ့ ဖြူဖွေးဖွေးခြေထောက်ကို လှမ်းလိုက်တိုင်း ထွက်လာတဲ့ အသံကို ဂရုထားပြီး ရှေ့ကိုမကြည့်မိတဲ့အချိန်မှာ 'အမေ့ ...' ဆိုတဲ့ အသံချိုချိုလေးတစ်ခုနဲ့အတူ ရှင်မတောင်သနပ်ခါးရနံ့ သင်းနေတဲ့အရာ နုနုလေးက ကျွန်တော့်ရင်ခွင်ကို ပုံစံပျက်စွာ ဝင်လာရင်း ဖွေးခနဲကျဆင်းလာတဲ့ ဆံနွယ်တချို့က ကျွန်တော့်နာရီမှာ အသာလာကပ်ငြိတယ်။ အရှိန်တစ်ခုနဲ့ ပုံတော်ဖိနပ်လေး တစ်ဖက်က တံတားကြားမှာညပ်ပြီး ပြတ်သွားတာ တွေ့လိုက်တယ်။ ကြက်သွေး ညိုပါလား။

## အခန်း ၄

သူမရဲ့လက်နှစ်ဖက်က ကျွန်တော့်ပခုံးကို ရုတ်တရက် လာကိုင်တယ်။ နောက် ခပ်နွေးနွေးအနမ်းတစ်ခု ကျွန်တော့်ပါးပြင်ကို ဖြတ်ပြေးသွားတယ်လို့ ထင်မိတယ်။ ရင်ဘတ်တစ်ခုလုံး ပွင့်ထွက်သွားမတတ် သွေးအချို့ ဆောင့်တက်လာတယ်။ ဆယ်စုနှစ် နှစ်ခုစာလောက် မွှေးပျံ့သောရနံ့၊ နူးညံ့သောနှုတ်ခမ်း၊ ချိုထွေးသော အသားအရေနဲ့ သူစိမ်းတစ်ယောက်လို ဖြစ်နေခဲ့ပြီလေ။

သူမ လက်ကိုဖြုတ်လိုက်ပြီး မျက်နှာချင်းဆိုင်ဖြစ်အောင် ဖေးမကူလိုက်တယ်။ ဝင်တိုက်သူက ဆံပင်အချို့ကို သပ်တင်လိုက်တော့ ခေါင်းလျှော်ရည်အနံ့က ကျွန်တော့်နှာခေါင်းထဲကို ဒုတိယမ္ပိ ဝင်လာပြန်တယ်။

'မောင် ...'

သူမက ရှုပ်ထွေးနေတဲ့ ဆံနွယ်ကြားမှ ကျွန်တော့်ကိုကြည့်ပြီး ခေါ်တယ်။

'မင်း ... မင်း ... မေစစ်သွေး ...'

ကျွန်တော် ကြောက်ရွံ့စွာ ခြေလှမ်းနောက်တစ်လှမ်း ဆုတ်လိုက်မိတယ်။ အတ္တကြီးသလို ဒေသစွဲကြီးတဲ့ သူမကိုချစ်ခဲ့မိလို့ ကြောက်တယ်။ သူမကတော့ ပျော်ရွှင်သွားတဲ့ မျက်ဝန်းတွေနဲ့ ကျွန်တော့်လက်ကို အားတစ်ခုနဲ့ လာကိုင်တယ်။ နောက် သူမနှုတ်ဖျားမှ နှစ်ကိုယ်သာကြားနိုင်တဲ့ လေသံဖျော့လေးနဲ့ ...

'ဝမ်းသာလိုက်တာ မောင်ရယ်။ ဒီတစ်သက် ထပ်မတွေ့ရတော့ဘူးတောင် ထင်နေတာ။ ကျွန်မက မန်းမြေ၊ တောင်သမန်၊ ဦးပိန်နဲ့ ဒီဆေးရေးပန်းချီလုပ်ငန်းကို မောင့်ထက် ပိုချစ်တယ်လို့ ပြောခဲ့ဖူးပါတယ် မောင်။ ဒါပေမဲ့ ဒါဟာ မောင့်အချစ်ကိုစမ်းတဲ့ test တစ်ခုလို့ မောင် ဘာလို့ မထင်ရတာလဲဟင်။ သူများအမြင်မှာတော့ ကျွန်မက ဒေသကိုချစ်လွန်းတဲ့၊ ကိုယ့်ကို ချစ်လွန်းတဲ့ ယောကျ်ားအပေါ် အတ္တကြီးတဲ့ မာနခပ်ကြီးကြီး အမျိုးသမီးလို့ အမြင်ခံရမှာပါ မောင်။ ကျွန်မရင်မှာ ငိုနေတာကို မောင့်လိုယောကျ်ားက ဥပက္ခာပြုရက်လို့ ကျွန်မ ရင်နာမိတယ် မောင်'

ယခင်လို နုပျိုခြင်းတွေအစား ကျက်သရေရှိခြင်းတွေနဲ့ ပြောင်းလဲမသွားသေးတဲ့ မေစစ်သွေးရဲ့ စကားသံတွေကြောင့် ကျွန်တော် အံ့ဩမိတယ်။ သူမလည်း ကျွန်တော့်လို နာကျင်နေတယ်ဆိုပါလား။ အရင်လို ချစ်သူတစ်ယောက်ပုံစံ မာန်မပျက် ဟန်မပျက် ပြောဆိုနေတယ်။ ဆံပင်ကို မန်းသူပီပီ အမြဲကျစ်ထားတတ်ပြီး တစ်ခါတစ်ရံတွင် ဆံပင်ကို နောက်တွင် ပိတ်စတစ်မျိုးမျိုးနဲ့ ချည်နှောင်ထားတတ်တဲ့ သူမက ဒီနေတော့ နောက်တွဲဆံထုံးကို လှလှပပထုံးထားတာ တွေ့ရတယ်။

သူမက ပြောရင်းနဲ့ တံတားအလယ်က ထိုင်ခုံလေးထံ ကျွန်တော့်ကို ခေါ်သွားတယ်။ ကျွန်တော့်စိတ်ထဲမှာ ပြောင်းဆန်နေတယ်။ အလွမ်းကြောင့်

လား။ သို့မဟုတ် ငယ်ချစ်ဟောင်းနဲ့ ပြန်ဆုံတွေ့လို့လား။ ဒါမှမဟုတ် ဘဝတစ်ခု မှာ အနှစ်နှစ်ဆယ်လောက် လက်ချာတစ်ခုကိုပေးတဲ့ သူမကြောင့်လား ဆိုတာ တော့ သေချာမသိ။ ထိုင်ခုံငယ်လေးကို ရောက်တဲ့အချိန်မှာတော့ သူမက ကျွန် တော့်ကို ...

'မောင်ရယ် ပျောက်သွားလိုက်တာ နှစ်တောင် တော်တော်ကြာပြီနော်။ ကျွန်မ အမြဲရှာခဲ့တယ်။ ဒါပေမဲ့ မောင်က အပုန်းကောင်းလွန်းတယ်ကွာ။ မောင့် ကို လွမ်းလို့ ပိတ်သားတွေမှာ ဆေးရေးပန်းချီဆွဲရင် အလွမ်းပုံတွေပဲ ဆွဲဖြစ်နေ တယ်။ ကျွန်မနေရစ်မှ ချန်ထားသူကို ပိုလွမ်းမိတယ်'

သူမက ကျွန်တော့်လက်ကို တင်းတင်းကိုင်ပြီး မရပ်မနားပြောနေတယ်။ အသံတချို့ရဲ့ နိမ့်တုံမြင့်တုံကို ခပ်ချပ်ချပ်ဝတ်ထားတဲ့ သူမရဲ့အကျီ်ပေါ်မှာ အတိုင်းသားမြင်နေတယ်။ အရင်လို လှဆဲပါလား မစစ်သွေးရယ် ...။ တံတား အလယ်မှာမို့ ရေပြင်ကိုဖြတ်ပြီးတိုက်လာတဲ့ လေတွေမှာ ရေငွေ့နံ့လေးတွေ တသင်းသင်း ရနေတယ်။ နေဝန်းနီနီက ပုစွန်ဆီကို အရောင်ဝှက်ပြီး တိမ်မင်းရဲ့ ရင်ခွင်ညိုညိုကို ပြေးဝင်သွားတယ်။

သာယာတဲ့ ရှုခင်း။ ကြည်နူးတဲ့ စကားသံ၊ မြတ်နိုးခဲ့ရဖူးတဲ့ ချစ်သူနဲ့ ကျွန်တော် သဘောကျတဲ့ တောင်တမန်မှာ ရှိနေပြီ။ ဘယ်အရာက ထပ်မံလို အပ်နေမလဲ။ ပိုင်ဆိုင်ခဲ့ဖူးတဲ့ ချစ်ရသူရဲ့ မျှော်လင့်ချက်ပြည့်တဲ့ လက်တစ်စုံက လည်း အဆင်သင့်ရှိနေတယ်။

'ဟူး ...'

သက်ပြင်းတစ်ချက်ကို အသာချလိုက်တယ်။ နှစ်ပေါင်းများစွာ ခံစားခဲ့ရတဲ့ ရင်နာခြင်းတွေက ခုလိုအချိန်မှာ တဖြည်းဖြည်းပျောက်ကွယ်ရမယ့်အစား ကျွန် တော့်ကို ပိုပြီးနာကျင်လာစေတယ်။ အချစ်တစ်ခုကို အသုံးချပြီး ယောက်ျား တစ်ယောက်ကို သူမဘဝအတွက် ပေါ့ပေါ့ပါးပါး စမ်းသပ်ဝံ့တဲ့ သူမကို ကျွန်တော် ကြောက်တယ်။ မာနတရားကို နှစ်ပေါင်းများစွာ ကိုးကွယ်ထားတဲ့ သူမနဲ့ လက် တွဲတဲ့အချိန်မှာကော ကျွန်တော့်အတွက် နားလည်နိုင်စွမ်းပြည့်ဝတဲ့ ချစ်ခြင်းတရား တွေ ရှိနိုင်ပါ့မလား။

အတိတ်တစ်ချိန်က အချစ်ကို လိုလိုလားလားတောင်းခံပြီး လက်ထပ် ကြဖို့ တောင်းဆိုတုန်းက ရက်ရက်စက်စက် အသည်းကိုခွဲပြီး မာနတရားကို သိက္ခာတရားလို ကိုးကွယ်ပြီး အသည်းမာခဲ့တယ်။ ခုလို လေးဆယ်ကျော်အချိန် မှ အချစ်ရဲ့နူးညံ့ခြင်းတွေကို ခံစားရင် ဘာတွေအကျိုးများနိုင်မလဲ။ ကျွန်တော် သေချာစွာ မသိ။

သူမရဲ့စကားအဆုံးမှာ ကျွန်တော် တိတ်ဆိတ်သွားတော့ မစစ်သွေးက ကျွန်တော့်မျက်နှာကို ခပ်မော့မော့ ကြည့်တယ်။

'ကျွန်မ တောင်းပန်ပါတယ် မောင်ရယ်။ ကျွန်မကို ခွင့်လွှတ်ပါလို့ မပြောခင်ပေမဲ့ မောင် မရှိတော့တဲ့ဘဝမှာ မောင့်ရင်ခွင်ကို တမ်းတနေခဲ့မိတာကိုတော့ ကျွန်မ ဝန်ခံပါတယ်။ အချစ်ဆုံးသူရဲ့ ထားခဲ့ခြင်းက ပူလောင်လွန်းလှပါတယ် မောင်ရယ်။ အဲဒီအချိန်ကသာ ကျွန်မ မာနတွေ၊ အတ္တတွေအစား အချစ်တွေသာ မောင့်ကို သီးသန့်ပေးခဲ့မိရင် ...'

မေစစ်သွေးက ပြောရင်းနဲ့ ရှိုက်ငိုနေတယ်။ မဟာဆန်ဆန် လှသူရဲ့ ကျော့မဆန်တဲ့ ငိုကြွေးခြင်းက ကျွန်တော့်ရင်ကို ထိခိုက်စေတာ အမှန်။ သူမ မျက်ရည်စတွေ ပါးပြင်ထက်က သနပ်ခါးတွေပေါ် ဖြတ်ပြေးသွားတာကို ညနေခင်းရဲ့ အမှောင်ဖျော့ဖျော့မှာ ဝိုးတဝါး တွေ့လိုက်ရတယ်။

အရင်လိုအချိန်ဆို သေချာပေါက် မြတ်မြတ်နိုးနိုးသုတ်ပေးမိမှာ သေချာပေမဲ့ ခုချိန်မှာ ဘာမှန်းမသိတဲ့ ခံစားချက်တစ်ခုနဲ့ ကျွန်တော့်လက်တွေ နောက်တွန့်နေမိတယ်။ ချစ်ရသူရဲ့ မျက်ရည်တွေက ဆုံးဖြတ်ချက်တွေကို ပိုခိုင်မာစေတယ်။ တစ်ခါတစ်ခါမှာ အချစ်နဲ့ မာန၊ မာနနဲ့ အချစ် တိုက်ရိုက်အချိုးမကျပေမဲ့ အချစ်ကြောင့် အပြစ်ဖြစ် နာကျင်ခဲ့တဲ့ နှလုံးသားရဲ့ဆုံးဖြတ်ချက်ကို ကျွန်တော် နားမထောင်ဝံ့ဘူး။

ကျွန်တော် သူမကို အသာမွေ့ဖက်လိုက်တယ်။ နောက် နှစ်ကိုယ်ကြား ကြားနိုင်လောက်တဲ့ လေသံနဲ့ ...

'နှစ်ပေါင်းနှစ်ဆယ်ကျော်တောင် ခံစားပြီးပြီးလေ ...စစ်။ လူ့ဘဝဆိုတာ တိုတောင်းလွန်းတယ်လို့ ဆိုနေကြပေမဲ့ လွမ်းတဲ့စိတ်နဲ့ ရှင်သန်နေခဲ့ရတဲ့သူအတွက် ဘယ်လောက်နာကျင်ရှည်ကြာ ခံစားရတယ်ဆိုတာ ခံစားဖူးသူမှ သိလိမ့်မယ်။ အချစ်ဆိုတာ ချစ်ဖို့လို့ ပြောခဲ့ဖူးတဲ့သူတွေတောင် အချစ်ဟာ လွမ်းဆွတ်တတ်တာကို ခုဆို သိနေလောက်ပြီ။ လူတွေက ကိုယ် ခံစားရမှ၊ ကိုယ် နာကျင်မှ ကိုယ် တမ်းတရမှ တစ်ပါးသောသူကို စာနာတတ်ကြတယ်။ နှစ်များစွာက ပါတော်မူခဲ့တဲ့ ကိုယ့်နှလုံးသားကို မာနတရားအရ ဘယ်သောအခါမှ ပြန်မယူဘူး။ အချစ်ဆိုတာ ချစ်ဖို့သက်သက်ပါပဲ စစ်။ ကိုယ့်ကို ခွင့်ပြုပါဦး'

ထိုအချိန်တွင် ...

'လာလမ်းကိုမျှော်
လာလမ်းကိုမျှော်
ရွှေလည်တိုင် ပျော့ပျော့ဖယောင်းမှာ
ယိုင်လုမတတ်နော်
နေ့စဉ်နေ့တိုင်း မှန်းလို့မျှော်
ငေးရင်းနဲ့ ညသန်းခေါင်ထက်ကျော်'
ဆိုတဲ့ ကျွန်တော့်ဖုန်းသံလေး မြည်လာတယ်။

စကားကို ဆုံးအောင်ပြောပြီး သူမရှေ့က လှည့်ထွက်ခဲ့တယ်။ ခြေတစ်လှမ်း လှမ်းလိုက်တိုင်း ကျကျလာတဲ့ မျက်ရည်စက်တွေက တံတားအိုပေါ်မှာ စွန်းထင်းပြီး တောင်သမန်ရေပြင်ပေါ် ကျကျန်ရစ်တယ်။ ပြီးဆုံးလက်စနဲ့ ပါတော်မူပါတော့ နှလုံးသားငယ်ငယ်။

*'အချစ်၏ မာနရောင်ပြန်'အဖြစ်*

*မန္တလေးချစ်စိတ် မန္တလေးပုံရိပ် စာပေအနုပညာမဂ္ဂဇင်း၊*

*အတွဲ ၁၊ အမှတ် ၅၊ မတ်လ၊ ၂၀၁၉။*

# အရိပ်မဲ့ လိပ်ပြာ

အခန်း ၁

မျက်လုံးအစုံ၏ ရှုရှုမှုအောက်တွင် အငွေ့ပျံသွားချင်မိသည်။ မျက်ဝန်း၏ ရှမ်းအားပြင်းသော ညှို့အားတစ်ခုသည် ကျွန်တော့်ရင်ဘတ်အတွင်းသို့ ဖောက်ဝင်၍ နှလုံးသားရှိ ခံစားချက်သို့ရောက်၏။ ကျွန်တော့်ဘေးတွင် ကျွန်တော်၏ ချစ်လှစွာသောချစ်သူ ပိုးလေးက သေသပ်စွာထိုင်နေသည်။

'လုံးဝသဘောမတူနိုင်ဘူး။ မင်း ပြန်လို့ရပြီ ကောင်လေး။ အန်တီ လိုချင်တာ သန့်စင်တဲ့ သားမက်။ ညစ်နွမ်းနေတဲ့ မင်းလိုလူ မဟုတ်ဘူး '

ထိုအမျိုးသမီး ဘာကိုဆိုလိုသည်ကို ကျွန်တော် သိသည်။ ပြောင်းလဲသွားသော အခြေအနေကြောင့် ပိုးလေး ကျွန်တော့်လက်ကို တင်းကျပ်စွာဆာကိုင်သည်။ ဒီအချိန်တွင် ကျွန်တော့်အတွက် ဖြေစရာစကားလုံး မရှိသလို အကြောင်းပြချက်လည်း ဖွင့်ဆိုမပြနိုင်။

အမှန်ဆို ပိုးလေးသည် မိဘမဲ့ဖြစ်ပြီး အဒေါ် မုဆိုးမတစ်ယောက်၏ ထိန်းကျောင်းမှုဖြင့် ကြီးပြင်းလာသူ ဖြစ်သည်။ မိုးသားအေးဆေးလွန်းပြီး သိမ်မွေ့နိုင်အောင် ထိန်းသိမ်းနိုင်သည်။ ထို့မျှ စည်းကမ်းကြီးပြီး မာနပြင်းသော ထိုအမျိုးသမီးသည် သူမ၏တူမအား ချစ်သောစိတ်ဖြင့် ကျွန်တော့်ကို လက်ခံ တွေ့ဆုံဖို့ အကြောင်းပြန်ခဲ့သည်။ ဒေါ်မှုယာဟုခေါ်သော ထိုအမျိုးသမီးက လွှဝင်ဆုံနိုင်သော ရုပ်ရည်၊ ငွေကြေးကို ပိုင်ဆိုင်ထားပြန်သည်။

သူမတွင် လက်ညှိုးထိုးမလွဲသော စီးပွားရေးရှိပြီး ခေတ်ဆန်လှသော အသိုင်းအဝိုင်း၏ ယဉ်ကျေးမှုတွင်လည်း သူမ၏မိတ်ဆွေများစွာနှင့် သိုင်းဝိုင်းစွာ

နေတတ်သည်။ ထိုသို့ ထက်မြက်မှုများက ကျွန်တော့်ဘဝ၏ အတိတ်အစိတ်အပိုင်း တချို့နှင့် တိုက်ရိုက်အချိုးကျနေ၏။ ပိုးလေးအဒေါ်၏ ငြင်းဆန်မှုက ကျွန်တော့်အတွက် ကြေကွဲမှုကို လက်ဆောင်ပေးသည်။ ပိုးလေးကို သေချာရှင်းပြလျှင်လည်း ကျွန်တော့်အတိတ်၏ ဘဝတစ်စိတ်တစ်ပိုင်းကို ဖော်မှချ ချပြရတော့မည်။

အတိတ်တစ်ချိန်က ကျွန်တော်သည် နယ်တစ်ခုမှ အလုပ်လာလုပ်သော လူငယ်သက်သက်သာ ဖြစ်သည်။ ကျွန်တော်၏ ချောမောသောရုပ်ရည်၊ ဖြူဖွေးသော အသားအရေက ကျွန်တော့်ကို လမ်းများတစ်ခုပေါ်ရောက်စေသော အဓိကအကြောင်းတရားပင် ဖြစ်သည်။ နယ်ရှိမိဘများကိုလည်း အပူမကပ်ချင်သဖြင့် ကျွန်တော့်သူငယ်ချင်းတစ်ယောက်၏ စိတ်ဝင်စားဖွယ် ဝင်ငွေကြမ်းမှုကို ရှိုးသားစွာ လေ့လာမိသည်။

အခြေခံဝန်ထမ်းလစာ တစ်လတစ်သိန်းကျော် ရသောအချိန်တွင် 'သူရ' သုံးစွဲနေသော ငွေကြေးများသည် ကျွန်တော့်အတွက် များစွာစိတ်ဝင်စားဖွယ် ဖြစ်နေ၏။ ထိုအကြောင်းအရာများကြောင့် ယနေ့ကိစ္စလိုအဖြစ်မျိုး ကြုံတွေ့နိုင်သည်ကို ကျွန်တော် ထိုအချိန်တုန်းက လုံးဝမစဉ်းစားမိခဲ့။

'သားကြီး ... မတွေ့တာကြာပြီ။ ငါနဲ့ ဘီယာသောက်ရအောင် ရွှေကျားကို လာခဲ့'

မက်ဆေ့ချ် မြင်လိုက်သည်နှင့် သူရထံမှဖြစ်ကြောင်းကို သိသည်။

'အေး ...၊ ညနေပိုင်း ၇ နာရီလောက် လာမယ်'

အကြောင်းပြန်ပြီးနောက် ရေချိုးလိုက်တော့ ရေတချို့က အေးမနေဘဲ တစ်မျိုးတစ်မည် ခံစားနေရသည်။

* * *

သူရ၏မျက်လုံးများက ကျွန်တော့်ထံသို့ စူးရှစွာရောက်လာသည်။

'ဟာ ... မတွေ့တဲ့အချိန်လေးမှာ မင်း တော်တော်သန့်လာတာပဲ။ အလုပ်အဆင်ပြေလား။ ဘာစားမလဲ၊ ဘာသောက်မလဲ'

ကျွန်တော်နှင့် မျက်နှာချင်းဆိုင်ရှိ သူရဆီသို့ ကြည့်လိုက်သည်။ စားပွဲတွင် တင်ထားသော ပိုက်ဆံအိတ်သည် အစိမ်းနုရောင်ဖြင့် တလက်လက်တောက်ပနေပြီး ထိုတောက်ပမှုအား ဂုဏ်ရှိန်တင်ပေးသော i Phone 5 ဆိုသော အရာတစ်ခုကိုလည်း တွေ့လိုက်သည်။

သာမန်ဘွဲ့ရ ဝန်ထမ်းတစ်ယောက်အနေဖြင့် မည်သို့မျှမဖြစ်နိုင်သော အနေအထား။ ထိုသို့ပြောရခြင်းကလည်း အကြောင်းရှိသည်။ တစ်နယ်တည်းနေ တစ်ရေတည်းသောက်သော ငယ်သူငယ်ချင်းများဖြစ်နေခြင်းကြောင့် ကျွန်တော် ပိုမိုအံ့ဩမိခြင်းလည်း ဖြစ်သည်။

'သားကြီး ...မင်းက အလုပ်အဆင်ပြေနေတယ်ပေါ့လေ၊ ရေလျှံလှ

ချည်လားဟ။ ABC တစ်ဂျား ညီလေး'

ဝိတ်တာကောင်လေးကို မှာရင်း သူရကို တစ်ဆက်တည်းမေးလိုက်သည်။

'အေးကွာ၊ အခု မင်းကိုတွေ့ချင်တဲ့ အကြောင်းအရာထဲမှာ အဲဒီကိစ္စလည်း ပါတယ်။ အေးအေးဆေးဆေး ပြောကြတာပေါ့'

ဘီယာ သုံးလေးခွက်လောက် ဝင်သောအချိန်တွင် လူက ပိုမှန်ပြီး စကားတွေက သွက်လာသည်။

'သားကြီး ... မင်း ငါ့ကို အံ့သြနေတယ်ထင်တယ်။ ဘဝဆိုတာ ဒီလိုပါပဲကွာ။ ငွေကို အသည်းအသန် လိုအပ်လာတဲ့အချိန်ဆို မျက်စိထဲမှာ သိက္ခာတွေ၊ သစ္စာတွေ၊ စောင့်ထိန်းရမယ့် တာဝန်တွေကို ငါတို့လူငယ်တွေ ပါးပါးလေး ထိပါးတတ်ကြတယ်'

ကျွန်တော့်သူငယ်ချင်း ဘာကိုဆိုလိုသည်ကို ကျွန်တော် မသိ။

'မင်းနားလည်အောင် ရှင်းပြမယ် သားကြီး။ မင်းလည်း သိပါတယ်။ ငါ့လစာက တစ်သိန်းကျော်ကျော်လောက်ပဲရတယ် ဆိုတာကို။ အမှန်တော့ ဒီလိုတွေ အဆင်ပြေတာ ခွင်ကောင်းကောင်းဖန်တီးနိုင်တဲ့ ဆော်ကြီးတစ်ပွေကြောင့်ဟ'

သူရစကားကြောင့် ကျွန်တော် နည်းနည်းစိတ်ဝင်စားသွားသည်။

'ဟုတ်လို့လားကွာ။ မင်းကို ဒီလောက် သိန်းချီတန်တဲ့ ပစ္စည်းတွေ ပေးပါ့မလား '

ကျွန်တော် အံ့သြစွာ ပြောလိုက်သည့်စကားကို သူရက ...

'ဟ ... မပေးဘဲ ငါ့လစာနဲ့ ဘယ်လိုလုပ် ဝယ်နိုင်မလဲ။ ကိုယ်ကလည်း အပီချုပ်ရတာပေါ့ကွာ '

သူရကပြောပြီး ဟတ်ခနဲ အသံထွက်အောင် လုပ်ရယ်၏။ ခုမှ ကျွန်တော် သေချာထပ်ပြီး ဂရုစိုက်ကြည့်မိသည်။ သူရ၏ အပြုအမူ၊ အပြောအဆို အားလုံးသည် စွဲဆောင်မှုပြင်းနေသည်။

ဟိုအရင်လို ရိုးသားသော ယုန်ငယ်တစ်ကောင်၏ အပြောအဆိုမျိုး မဟုတ်တော့။ မာယာသွယ်သွယ်ကြောင့် ပညာရည်ပြည့်ဝပြီး ပျိုမျစ်ငယ်ရွယ်သော ကျားငယ် ဖြစ်နေပြီ။ သူ၏ ခပ်လှောင်လှောင်အပြုံးအောက်တွင် သက်ဆင်းသွားသော အတောင်ကျိုးငှက်ငယ် ဘယ်လောက်များမည် မသိ။ ဒီလောက် ပြောလျှင် ကျွန်တော် သဘောပေါက်ပြီ။ ခုခေတ်တွင် ခေတ်စားနေသော sponser မမများနှင့် ထိပ်တိုက်ရင်ဆိုင်ခဲ့တာပဲ ဖြစ်ရမည်။

သူရသည် ပါးလုပ်သော ကိုယ်ခန္ဓာ၊ အသားအညိုဆင်းနှင့် စွဲဆောင်မှုရှိတာတော့ အမှန်။ ကျွန်တော့်အတွေးတချို့ကို အဓိပ္ပာယ်ဖော်ရင်း သောက်လိုက်သည်မှာ မှာထားသော အမြည်းနှင့် ဘီယာများ ကုန်သွားသည်။

'ဟေ့ကောင်လေး ... မှိုကိုက်လန်နဲ့ ဘီယာ နောက်တစ်ဂျားလောက်

ဒီနေ့လောက် ရင်ခုန်ရသောနေ့ ကျွန်တော့်ဘဝတွင် မရှိ။ အလုပ်မရှိသဖြင့် ဘာမှလည်း ထွေထွေထူးထူး စိတ်ပူစရာမရှိ။ အဆောင်လခ ပုံမှန်ပေးလျှင် စကားတောင် ဟအောင်မပြောသော အဆောင်တွင်နေသည်မို့ လွတ်လပ်မှုက လေပြည်အလားပင် ဖြစ်သည်။ ချိန်းဆိုထားရာ နေရာတစ်ခုသို့ တောက်ပြောင်နေသော ကားတစ်စီးလာရပ်သည်။ ပြေးကြည့်စရာမလို။ ဒီနေရာမှာ ဒီလိုစောင့်နေဖို့ သူရက သေချာမှာထားပြီးသား ဖြစ်သည်။ ကားပေါ်မှ တံခါးတစ်ချပ် ပွင့်လာပြီး အနီရဲရဲ ဒေါက်ဖိနပ်တစ်ဖက်ကို မြင်လိုက်ရသည်။

'ကလေးလေး ...၊ စောင့်နေတာ ကြာပြီလား။ မမ နည်းနည်းလေး နောက်ကျသွားတယ် '

အသက် လေးဆယ်အရွယ်လောက်ရှိ အမျိုးသမီးက မျက်စိတစ်ဖက်ကို မှိတ်ပြပြီး ပြောသည်။ သူမ၏ပုံသဏ္ဌာန်သည် များစွာ စတိုင်ကျသည်။ အင်္ကျီဆွဲသားအပျော့ကို ရင်ညွှန့်မရောက်တရောက်ထိအောင် ဟိုက်ထားပြီး စကပ်အကျပ်တစ်ထည်ကို ပုံစံကျစွာ ဝတ်ထားသည်။ ခြေတစ်လှမ်းကို မြေမှာ ချနင်းလိုက်တိုင်း တုန်ခါသွားသော ဝင်းအိအိ အလှတရားတို့က ဟာမိုနီကိုက်နေသည်။ ကားပေါ်မှဆင်းသည်နှင့် တန်ဖိုးကြီးမိတ်ကပ်နံ့က နှာခေါင်းထဲသို့ ဝေ့ခနဲ ဝင်လာ၏။

'မကြာသေးဘူးဗျ။ ခုနကမှ ကျွန်တော် ရောက်တာ'

ကျွန်တော့်စကားကို သူမက အလေးထားဟန်ဖြင့် နားထောင်ပြီး ...

'အိုကေ ...ကလေးလေး။ လာ ...ကားပေါ်တက်'

သူရပြောပြထားလို့ ကျွန်တော် ကောင်းကောင်းသိသည်။ ပုံမှန်ဆိုလျှင် သူမ အောက်သို့ဆင်းလာမည်မဟုတ်။ ဘယ်တုန်းကမှလည်း သူ မဆင်း။ သူမ သိအိုရီတွင် ထိုထုံးစံလည်း မရှိ။

ကျွန်တော်က လူသစ်တစ်ယောက်မို့ ရင်းနှီးမှုကို ရယူလိုက်ပုံရသည်။ စကားကိုပြောပြီး စူးစူးစိုက်စိုက်ကြည့်လာသော မျက်ဝန်းများသည် ကျွန်တော့်တစ်ကိုယ်လုံးကို လွှမ်းထိုးနေသောကြောင့် ကြက်သီးတစ်ချက်ပင် ဖြန်းခနဲ ထသွားမိသည်။ ဘဝအတွက် အချို့သောအရာများကို ရင်းရခြင်းသည် ဝေခွဲမရနိုင်သော စိတ်၏တုန်လှုပ်ခြင်းများရှိကြောင်း ကျွန်တော် သဘောပေါက်ပြီ။

ကားတံခါးကိုဖွင့်ပြီး ထိုင်လိုက်လျှင် ကားတွင်းမှ အေးစက်စက်ရနံ့တစ်ခုက ထပ်မံဆီးကြိုသည်။ ဩော် ...မိမိ မရင်းနှီး ကျွမ်းဝင်မှုမရှိသေးသော ကိုယ်သင်းရနံ့ပါလား။ ခြေဖျားလက်ဖျားတွေ အေးစက်လာသည်။ အေးစက်နေသည့် လက်တစ်ဖက်ပေါ်သို့ နွေးထွေးလက်လေးတစ်ဖက် ကျရောက်လာသည်။

'ကလေးလေး ...ကြောက်နေလား။ မင်းပုံကိုကြည့်နေရတာ တကယ့်ချာတိတ်လေးပဲကွာ'

ဒီနေ့လောက် ရင်ခုန်ရသောနေ့ ကျွန်တော့်ဘဝတွင် မရှိ။ အလုပ်မရှိသဖြင့် ဘာမှလည်း ထွေထွေထူးထူး စိတ်ပူစရာမရှိ။ အဆောင်လခ ပုံမှန်ပေးလျှင် စကားတောင် ဟအောင်မပြောသော အဆောင်တွင်နေသည်မို့ လွတ်လပ်မှုက လေပြည်အလားပင် ဖြစ်သည်။ ချိန်းဆိုထားရာ နေရာတစ်ခုသို့ တောက်ပြောင်နေသော ကားတစ်စီးလာရပ်သည်။ ပြေးကြည့်စရာမလို။ ဒီနေရာမှာ ဒီလိုစောင့်နေဖို့ သူရက သေချာမှာထားပြီးသား ဖြစ်သည်။ ကားပေါ်မှ တံခါးတစ်ချပ် ပွင့်လာပြီး အနီရဲရဲ ဒေါက်ဖိနပ်တစ်ဖက်ကို မြင်လိုက်ရသည်။

'ကလေးလေး ...၊ စောင့်နေတာ ကြာပြီလား။ မမ နည်းနည်းလေး နောက်ကျသွားတယ် '

အသက် လေးဆယ်အရွယ်လောက်ရှိ အမျိုးသမီးက မျက်စိတစ်ဖက်ကို မှိတ်ပြပြီး ပြောသည်။ သူမ၏ပုံသဏ္ဌာန်သည် များစွာ စတိုင်ကျသည်။ အင်္ကျီဆွဲသားအပျော့ကို ရင်ညွှန့်မရောက်တရောက်ထိအောင် ဟိုက်ထားပြီး စကပ်အကျပ်တစ်ထည်ကို ပုံစံကျစွာ ဝတ်ထားသည်။ ခြေတစ်လှမ်းကို မြေမှာ ချနင်းလိုက်တိုင်း တုန်ခါသွားသော ဝင်းအိအိ အလှတရားတို့က ဟာမိုနီကိုက်နေသည်။ ကားပေါ်မှဆင်းသည်နှင့် တန်ဖိုးကြီးမိတ်ကပ်နံ့က နှာခေါင်းထဲသို့ ဝေ့ခနဲ ဝင်လာ၏။

'မကြာသေးဘူးဗျ။ ခုနကမှ ကျွန်တော် ရောက်တာ'

ကျွန်တော့်စကားကို သူမက အလေးထားဟန်ဖြင့် နားထောင်ပြီး ...

'အိုကေ ... ကလေးလေး။ လာ ... ကားပေါ်တက်'

သူရပြောပြထားလို့ ကျွန်တော် ကောင်းကောင်းသိသည်။ ပုံမှန်ဆိုလျှင် သူမ အောက်သို့ဆင်းလာမည်မဟုတ်။ ဘယ်တုန်းကမှလည်း သူ မဆင်း။ သူမ သိအိုရီတွင် ထိုထုံးစံလည်း မရှိ။

ကျွန်တော်က လူသစ်တစ်ယောက်မို့ ရင်းနှီးမှုကို ရယူလိုက်ပုံရသည်။ စကားကိုပြောပြီး စူးစူးစိုက်စိုက်ကြည့်လာသော မျက်ဝန်းများသည် ကျွန်တော့်တစ်ကိုယ်လုံးကို လွှန်းထိုးနေသောကြောင့် ကြက်သီးတစ်ချက်ပင် ဖြန်းခနဲထသွားမိသည်။ ဘဝအတွက် အချို့သောအရာများကို ရင်းရခြင်းသည် ဝေခွဲမရနိုင်သော စိတ်၏တုန်လှုပ်ခြင်းများရှိကြောင်း ကျွန်တော် သဘောပေါက်ပြီ။

ကားတံခါးကိုဖွင့်ပြီး ထိုင်လိုက်လျှင် ကားတွင်းမှ အေးစက်စက်ရနံ့တစ်ခုက ထပ်မံဆီးကြိုသည်။ ပြော် ... မိမိ မရင်းနှီး ကျွမ်းဝင်မှုမရှိသေးသော ကိုယ်သင်းရနံ့ပါလား။ ခြေဖျားလက်ဖျားတွေ အေးစက်လာသည်။ အေးစက်နေသည့် လက်တစ်ဖက်ပေါ်သို့ နွေးထွေးထွေးလက်လေးတစ်ဖက် ကျရောက်လာသည်။

'ကလေးလေး ... ကြောက်နေလား။ မင်းပုံကိုကြည့်နေရတာ တကယ့်ချာတိတ်လေးပဲကွာ'

သူမက ထိုသို့ တစ်ချက်ပြောပြီး ရယ်သည်။ ကျွန်တော် ဘာပြန်ပြောရမည်သေချာမသိ။ ကြောက်ရွံ့ရမည်လား။ ထိုသို့မဟုတ်ဘဲ သာယာပျော်ရွှင်လိုက်ရမည်လား ကျွန်တော် သေချာမသိသေး။

လမ်းတစ်ဝက်လောက် ရောက်သောအချိန်တွင် သူမက သူငယ်ချင်းတစ်ယောက်ကို ဝင်ခေါ်မည်ဟုဆိုကာ ခြံဝင်းကျယ်တစ်ခု၏ ဆင်ဝင်အောက်တွင် ကျွန်တော့်ကိုထားခဲ့သည်။ ဆယ့်ငါးမိနစ်လောက်ကြာမှ သူမ၏သူငယ်ချင်းဆိုသူနှင့် ပြန်ထွက်လာသည်။ မြန်မာဆန်ဆန် ကြိုးကြီးချိတ်နှင့် ဆံပင်ကို နောက်တွင် သေသေသပ်သပ် ထုံးထားသည်ကိုသာ ကျွန်တော် သတိထားမိပြီး မျက်နှာကို သေချာစွာ မမြင်လိုက်ပေ။

ထိုအမျိုးသမီးတစ်ယောက် ထပ်တက်လာသောအချိန်တွင် ခပ်ယဉ်ယဉ်ရနံ့တစ်ခုက ကျွန်တော့်နှာခေါင်းထဲသို့ တိုးဝင်လာပြန်သည်။ ထိုသို့ဖြင့် ကျွန်တော်သည် သူမနှင့် သူမ၏ အပေါင်းအဖော်များအတွက် တစ်ခဏတာ ပျော်တော်ဆက်အဖြစ် နေထိုင်ပေးရန် အမင်္ဂလာအချိန်က ခမ်းနားစွာ အချိန်ကျရောက်လာပါတော့သည်။

ခမ်းနားကြီးကျယ်လှသော အိမ်ကြီး၏ တိတ်ဆိတ်သော အခန်းတစ်ခုတွင် သူမနှင့် နောက်ထပ်ရွယ်တူသုံးယောက် ထပ်တွေ့ရသည်။ အားလုံးငါးယောက်။ သူမနှင့် သူမ၏ သူငယ်ချင်းများအားလုံး၏ဘေးတွင် ကျွန်တော်တို့အရွယ် ကောင်လေးများနှင့်ပင် ဖြစ်သည်။ ကျွန်တော် အခန်းထဲဝင်လိုက်သည်နှင့် သူတို့မျက်ဝန်းများက ကျွန်တော့်ထံသို့ ဝဲပျံလာသည်။

'ဟယ် ... အဘွားကြီး။ ရှင်က အသစ်လေးခေါ်လာတယ်ပေါ့။ ဘယ်ကမ,လာတာတုန်း'

အပိုင်း ၂

သူမကို ဦးတည်ပြောခြင်းကို သူမက ဂရုမစိုက်ဟန်ဖြင့် ...

'ကလေး ... လာ'ဆိုပြီး ကျွန်တော့်ခါးကို လာဖက်သည်။

အခန်းထဲရှိ ယောက်ျား၊ မိန်းမ အားလုံးသည် အချိုးညီညီ ဟန်ချက်မပျက် သီချင်းများနှင့် စီးမျောနေကြသည်။ နေသားမကျခြင်းက ကျွန်တော်တစ်ဦးတည်းအတွက် ဖြစ်နေလိမ့်မည်။ စိတ်ကျဉ်းကျပ်ပြီး ပြန်ချင်နေသည်။ ထိုသို့ဖြစ်နေခြင်းကိုလည်း ထိုအမျိုးသမီးက ရိပ်မိပုံပေါ်နေပြန်သည်။ တန်ဖိုးကြီးအရက်တစ်ခွက်ကို ခပ်ရွရွ ကမ်းပေးသည်။ ကျွန်တော် ဘယ်သူ့ကိုမှ ဂရုမစိုက်ဘဲ နေနိုင်အောင် မူးသွားမှဖြစ်မည်။ ထိုနည်းတူ အခြားအခြားသော မမများ ကမ်းပေးသော ခွက်များအားလုံးကို သောက်လိုက်သည်။

သီချင်းသံနှင့် လိုက်ပြီးကနေကြသည့် ခန္ဓာကိုယ် အချိုးအဆစ်များကို

အရက်တန်းနိုးဖြင့် ကြည့်ရှုခံစားမိသည်။ သောက်ထားသည့်အရှိန်ဖြင့် ရွှေများက အနည်းငယ်စို့လာသည်။ အမျိုးသမီး မမက ...

'ကလေးလေး ... အဆင်ပြေသလား။ ငါ့ကလေးလေးကို အတင်းတိုက်နေကြတယ်။ လူအသစ်လေးပါလို့ ပြောထားရဲ့သားနဲ့ ...'

သူမတို့စကားကြောင့် ကျွန်တော် ရင်တော်တော်ပူလာပြီး အပေါ်ဝတ်အင်္ကျီကို ဆိုဖာပေါ်ချွတ်လိုက်သည်။

'အိုး ... မိုင်ဂေါ့။ တက်တူးတွေ ဘာတွေလည်း မရှိပါလား '

ကျွန်တော့်ရွတ်ကျယ် ကိုယ်ကြပ်အဖြူလေးကို တို့ထိပြီး သူမ အလန့်တကြား ရွတ်သည်။

'တကယ်လူရိုးလေးလား။ ကလေးလေးက ...'

ကျွန်တော့်အသိဉာဏ်တချို့သည် သောက်ထားသော အရက်အရှိန်ဖြင့် ပျောက်ဆုံးနေသည်။ ထိုသို့ဖြင့် အချိန်၏ရွေ့လျားတတ်သော ညသည် နက်သည်ထက် နက်လာလေပြီ။ လမ်းပျောက်နေသော ပိုးစုန်းကြူးတစ်ကောင်သည် မာယာများသော တောတောင်ထဲတွင် ပြန်စရာလမ်းက နဂ္ဂီ။

* * *

စူးရှသော အလင်းရောင်ကြောင့် မျက်စိကို အသာဖွင့်ကြည့်သည်။ ပထမဆုံး မျက်လုံးဖွင့်ဖွင့်ချင်း သတိထားမိသည်က ကျွန်တော့်ကျောအောက်မှ ရည့်သောအိပ်ရာ၏ အထိအတွေ့။

'အိုး ... မိုင်ဂေါ့'

ကျွန်တော် ထိတ်လန့်စွာရေရွတ်မိသော အချိန်တစ်ခဏတွင် တံခါးတစ်ချပ် ပွင့်လာသည်။

'ကလေးလေး ... နိုးပြီလား'

ပြုံးပြုံးနှုတ်ဆက်လာသော ထိုအမျိုးသမီးကို တွေ့လိုက်သည်။ သွားပြီ —— ကျွန်တော်၏ ဖြူစင်သောလိပ်ပြာ တောင်ပံနှစ်ဖက် အညိုရောင်အဆိုးခံလိုက်ရပြီ ထင်သည်။

အပြန်လမ်း၏ တက္ကစီပေါ်တွင် ထိုမမ ထည့်ပေးလိုက်သော အထုပ်ကို ဖွင့်ကြည့်သည်။ ဆော့ဖ်ပင်ဖြင့် ခပ်သော့သော့ရေးထားသော စာတစ်ရွက်နှင့်အတူ တစ်ထောင်တန်တစ်အုပ်။ ကျွန်တော် သိလိုက်ပြီ။ ကျွန်တော့်ကို သူမတို့ဆိုးအတိုင်း တန်ဖိုးသတ်မှတ်လိုက်ကြပြီ။

'လိုအပ်ရင် မမကို ဆက်သွယ်လို့ရအောင် ဖုန်းတစ်လုံး ထည့်ပေးလိုက်တယ် ကလေးလေး ...'

မည်သို့ သတ်မှတ်လိုက်မှန်းမသိသော အတိုင်းအတာတစ်ခုတွင် ကျွန်တော်သည် သူတို့သတ်မှတ်သော အတန်းအစားတစ်ခု၏ ဆော့ကစားခံရသော

လိပ်ပြာတစ်ကောင်အဖြစ် သမိုင်းဝင်သွားပြီ။ အဆောင်ရောက်တော့ သူရထံ ဖုန်းဆက်ပြီး ရင်ဖွင့်မိသည်။

'ဟာ ...မင်းကို ညက ပြန်ပို့မပေးဘူးလား'

သူရက စိုးရိမ်စွာ မေးလာသည်။

'အေးကွာ၊ ပြန်ပို့မပေးဘူး။ ငါ ဘယ်လိုဖြစ်သွားမှန်း မသိဘူးကွာ။ စိတ်အရမ်းညစ်နေတယ် သားကြီးရာ'

'မညစ်ပါနဲ့ကွာ။ ဘာရှော့မှ မရှိဘူး။ သူ သဘောကျလို့ မင်းကို ချုပ်လိုက်တာ။ ဒါပဲလား သားကြီး။ သူ မင်းကို ဘာတွေပေးလိုက်သေးတုန်း'

'အေးကွာ ...ဖုန်းတစ်လုံးနဲ့ ငွေတစ်သိန်း ပေးလိုက်တယ်။ သူလိုရင် ဆက်သွယ်လို့ရအောင်တဲ့'

'ဟာ ...မင်း ကံကောင်းတယ်ကွ။ အဲဒီဘွားတော်က တော်ရုံလူကို မကျဘူး။ မင်းမို့လို့နေမှာ။ ငါတောင်မှ အဲဒီလို မရဖူးဘူး'

စိတ်အားထက်သန်စွာပြောပြီး ချသွားသော သူရ၏ဖုန်းကို အဓိပ္ပာယ်မဲ့စွာ ကြည့်နေမိသည်။ သန့်စင်စွာမွေးမြူခဲ့သော မိဘနှစ်ပါး၏ ကြည်လင်သော မျက်နှာကိုပင် မျက်စိထဲတွင် ရဲရဲမတွေးရဲ။ ပြုပြင်မရသော အမှားတစ်ခုသည် ဘဝ၏တစ်စိတ်တစ်ပိုင်းအား ခမ်းနားစွာ စိတ်ဒုက္ခပေးလေပြီ။ ထိုသို့ဖြင့် မြောက်မြားစွာသော ငွေတို့သည် ကျွန်တော့်ထံသို့ အတိုင်းအဆမရှိစွာ ဝင်ရောက်လာသည်။ သူမတို့ အသိုင်းအဝိုင်းထက်တွင် နာမည်ကျော်ကြားလာခြင်းနှင့်အတူ အပျင်းတော်ဖြေ လိပ်ပြာလေးတစ်ကောင် ဖြစ်မှန်းမသိ ဖြစ်လာတော့သည်။

ငွေကြေးကို လိုချင်တပ်မက်ပြီး စိတ်ဆန္ဒအား ထိန်းချုပ်နိုင်စွမ်းနည်းပါးသော ဒီအသက်အရွယ်တွင် ကျွန်တော် ဘဝတစ်ခုကိုရင်းပြီး ငွေနောက်သို့ တကောက်ကောက်လိုက်မိသည်။ တိုးပွားလာသော အဆောင်ယောင် အဆင့်အတန်းများကြားတွင် ယောကျ်ားတစ်ယောက်၏ ဂုဏ်သိက္ခာသည် တဖြည်းဖြည်း လျော့ပါးလာနေသည်။ တစ်ခါတစ်ရံ မိဘနှစ်ပါးအား ငွေပို့ပေးလျှင်ပင် လိပ်ပြာမလုံတော့။ ကျွန်တော့်မေမေ၊ ဖေဖေ မျိုးရိုးများ ခက်နေမည်လားမသိ။

ကလေးလေး၊ မောင်လေး၊ သားလေး စသည့် ခေါ်သံပေါင်းစုံ၏အောက်တွင် အရက်မဲ့သော အပြုံးတုဖြင့် ရှင်သန်နေရခြင်းက များစွာစိတ်ပင်ပန်းသည်။ ထိုအတွက် ရုန်းထွက်ရန် အခါခါ ကြိုးပမ်းသော်လည်း ငွေကြေး၏ ကြီးမားသော စွမ်းအားကို မလွန်ဆန်နိုင်။ လွယ်လင့်တကူဝင်နေသော တစ်ရက်တာ၏ သိန်းဂဏန်း ငွေကြေးများအပေါ် ကျွန်တော် တွယ်တာလာ၏။

အချစ် မလို၊ အကြင်နာ မလိုဘဲ ဖွေးခနဲ ဖြန့်ကြဲလာသည့် ငွေကြေးအပေါ် တပ်မက်သော စိတ်ရိုင်းများကို ချွန်းအုပ်နိုင်စွမ်းကလည်း မရှိတော့။ ခေတ်ပေါ်အဝတ်မျိုးစုံကြောင့် လက်တစ်ထောက်အရေပြားက ဂုဏ်တက်လာ

ခြင်းနှင့်အတူ ယောကျ်ားတစ်ယောက်၏ မာန်များ၊ဟန်များ ကိုယ်ရွှင်ကိုယ်စ များကလည်း တစ်ပြိုင်နက် ကျဆင်းလာနေသည်ကို သိခွင့်ရသောအချိန်တွင် ကျွန်တော့်အတွက် များစွာနောက်ကျသွားသည်။

ငွေအတွက် ယောကျ်ား၊ မိန်းမ၊ အပျို၊ အအို မရွေးဘဲ သိက္ခာမရှိသော ငွေကြေးနောက် ကျွန်တော် တကောက်ကောက်လိုက်နေမိသည်ကို နောင်တ ရမိသည်။ နောက်ပိုင်း ထိုအသိုင်းအဝိုင်း၏ နယ်ရုပ်တစ်ခုမျှ ဖြစ်မှန်းမသိ ဖြစ် လာမှန်း မိမိကိုယ်မိမိ သိသည်။ ကျွန်တော်၏အချိန်များကို ရောင်းကြသည်၊ ဝယ်ကြသည်။ ကျွန်တော့်ကိုခေါ်ပြီး တခြားသူများအား ပျော်တော်ဆက်ပေးရန် အကျိုးဆောင်ကြ၏။ ထိုသို့ဖြင့် ကျွန်တော်သည် ညပျော်သော ညဥ့်ငှက်ဆိုးလေး တစ်ကောင်အဖြစ် ရေပေါ်ဆီအသိုင်းအဝိုင်းတွင် တဖြည်းဖြည်း ကျော်ကြားလာ လေတော့သည်။

ထိုသို့ ကျော်ကြားလာမှုနှင့်အတူ ဈေးကွက်တင် ကစားထားသော ကျွန် တော်၏ တန်ဖိုးဖြတ်ခံရသည့် ရင်ခွင်တစ်ခု၏ ငွေကြေးကလည်း တရိပ်ရိပ် များ လာသည်။ ကျွန်တော်နှင့် ပထမဆုံးတွေ့ဆုံခဲ့သော အမျိုးသမီးသည် တခြား သူများအား အကျိုးဆောင်ပေးခြင်းဖြင့် ကျွန်တော်က သူတို့အမြင်တွင် အဖိုးတန် သော လိပ်ပြာညိုလေးတစ်ကောင် ဖြစ်နေပြီ။ ပြောင်းလဲသော ဈေးကွက်၊ တိုး တက်သော အတွေးများကြောင့် ကျွန်တော့်ကိုယ်ခန္ဓာတွင် အရောင်စုံသော တက်တူးလေးများကလည်း ရုပ်လုံးပေါ်လာသည်။

'ကလေးကို မမက ချစ်လွန်းလို့ ပြောတာ။ တက်တူးလေး ထိုးလိုက်ပါ။ အဲဒါမှ ပိုမိုက်သွားမှာ'

အကျိုးမျှော်သော စကာလုံးလှလှလေးများဖြင့် ကျွန်တော်၏စိတ်အား သိမ်းသွင်းနိုင်ခဲ့သည်။ ထိုသို့ဖြင့် ကျွန်တော်သည် ငယ်ရွယ်သော sexy ကျသော၊ ချစ်စရာ cute ဖြစ်သောကောင်လေး ဖြစ်လာ၏။ ထိုအမျိုးသမီး၏ အကွက်ရွှေ့မှု အောက်တွင် တတိယလိင်စိတ်ပိုင်ရှင် အမျိုးသားများနှင့် ပတ်သက်စေခြင်းက လည်း တစ်မျိုးတစ်ဖုံ ပါဝင်လာသည်။ ငွေကြေးဖြင့် ကျွန်တော်၏စိတ်အား ကောင်းစွာထိန်းချုပ် ကစားနိုင်သော ထိုအမျိုးသမီး၏ ကကွက်ဆန်းများ၌ ကျွန် တော် ကကြိုးမျိုးစုံကို ခုန်နေမိသည်။

ထိုလောက၏ မာယာကစားကွင်းထက်တွင် ဆင်းသက်လာသည်မှာ သုံး ရာသီပင် ပြောင်းလာသည်။ ကိုယ့်ထက် ဆန်းသော၊ ချောသော၊ ဖြောင့်သော အမျိုးကောင်းသားလေးများကို သူတို့ ထပ်မံသိမ်းသွင်းနေကြပြန်သည်။ အခြား ညီသူ့ကိုမှ ထိုသူတို့၏ ဒုတိယသားကောင် အဖြစ်မခံစေခြင်းသည် ကျွန်တော် ၏ စေတနာအမှန်ပင် ဖြစ်သည်။

'ညီတို့ ဒီအလုပ်ကို မလုပ်ကြပါနဲ့။ ကိုယ်တောင် ရုန်းထွက်လို့မရလို့

နေနေရတာ။ တခြားအလုပ်ကို ရိုးရိုးသားသား လုပ်ကြပါကွာ'

ကျွန်တော်ပြောသော စကားများကို ကောင်ငယ်လေးများက ငွေမျက်နှာဖြင့် မမများထံ ရှေ့နားတော်သွင်းသောအခါ များစွာသော ပြဿနာများသည် ကျွန်တော့်ထံသို့ ဦးတည်လာကြပြန်သည်။

'ဒီမှာ မိုးသက်၊ မင်းကို ငါတို့က ပြုစုပျိုးထောင်လာလို့ ဒီလောကမှာ သုံးနှစ်သုံးမိုး လိပ်ပြာတစ်ကောင်လို ပျံသန်းနိုင်ခဲ့တာ။ မင်း ငါတို့ကျေးဇူးကန်းမယ့် အမြောမျိုးတွေ မလုပ်ပါနဲ့။ မင်းဘဝက ငါတို့လက်ထဲမှာနော်။ မင်းပုံတွေ၊ မင်းအပြောတွေ၊ မင်းအပြုအမူတွေအားလုံး ငါတို့ဆီမှာရှိတယ်။ ရှုတ်ရှုတ် ရှုတ်ရှုတ် မလုပ်နဲ့။ မင်းဘဝတစ်ခုလုံး မြောင်းထဲရောက်သွားမယ်'

အရင်လို ကလေးလေးဆိုပြီး ချစ်ခင်ယုယသော စကားများသည် သုံးနှစ်အတွင်း ပြောင်းလဲစိမ်းသက်သွားသည်။ အမျိုးမျိုးပြောင်းနေသော လူ့လောက၊ လူ့သဘာဝတွင် အတ္တစိတ်တစ်ခုအား ကိုယ်ကျိုးတစ်ခုအတွက် အသုံးချသောလူတစ်စုကို မျက်ဝါးထင်ထင် မြင်ခွင့်ရသောခဏသည် လောက၏ပူလောင်လှသော ရဲပေင်ဖြစ်သည်။

နယ်ပျိုစဉ် လူပျိုရိုင်းဘဝတုန်းက ပစား တောက်ပခွင့်ကို သူတို့ပေးကြပြီး အသစ်အသစ်သော အကွက်ဆန်းများ ပေါ်ပေါက်လာတော့မှ ပုဆိုးကြမ်းကို လွှင့်ပစ်ချင်နေကြပြီ။ ငွေနောက်ကိုလိုက်ပြီး လောဘတက်မိသော စိတ်၏ပူလောင်ခြင်းကို အားပေးဖြေသိမ့်ပေးနိုင်သောအရာ ကျွန်တော့်ထံတွင် မရှိ။

ရရသုံးသုံး ဖြုန်းခဲ့မိသော ငွေကြေးများကြောင့် စုမိဆောင်းမိလည်း မဖြစ်။ ဘဝသည် အညိုရောင်မှ အနက်ဘက်သို့ နည်းနည်းယွန်းလာနေသည်။ ယခုဘဝထက် အနည်းငယ် တစ်ဆင့်နိမ့်လျှင် ကျွန်တော့်ဘဝသည် စင်တင်တေးဂီတ၏ နောက်ကွယ်မှ အမျိုးသမီးငယ်များ၏ဘဝနှင့် ကွာခြားမည် မထင်တော့။ အခြားသောအလုပ်များကို လုပ်မည်ဆိုလျှင်လည်း ငွေကို ဖောသီစွာရခဲ့သော အလုပ်ကို စွန့်လွှတ်နိုင်ရန် ခက်ခဲလွန်းလှသည်။ ကျွန်တော့်နှလုံးသားက ငွေကြေးအဆိပ်သင့်နေပြီ။

စိတ်ညစ်ညစ်ဖြင့် အရက်ကို နေ့စဉ်ရက်ဆက် သောက်ဖြစ်လာသည်။ ဘဝအား သုညမှစသောအချိန်တွင် မည်သည့်လုပ်ငန်းကိုဖြစ်စေ လုပ်လိုစိတ်ရှိသော်လည်း အခြားအဆင့်တစ်နေရာမှ အနည်းငယ်နိမ့်ပါးသောနေရာသို့ ဆင်းသက်ရမည်ကိုမူ လူ့အတ္တအရ ကြောက်သည်။ ယခင်က စိမ်းသက်ခဲ့သော အကောင်းစား မိတ်ကပ်နံ့များကို ရှူရှိုက်မှုသည် ယခုအခါ တစ်ပမက်မှုအဖြစ် ပြောင်းနေပြီ။

ဒီနေ့ဟာ ကျွန်တော့်ဘဝအတွက် အရေးကြီးဆုံးနေ့ ဖြစ်မယ်ဆိုတာကို ကျွန်တော် မသိခဲ့။ ကျွန်တော့်ကို တွေ့ချင်တယ်၊ လာတွေ့ပါဆိုသော မမ၏

ဆင့်ခေါ်စကားကြောင့် အနည်းငယ်သောက်စားပြီး သွားတွေ့ဖြစ်သည်။ ချေ ထောက်ကို ခပ်ရင့်ရင့်ချိတ်ပြီး ဘေးနားတွင် လူငယ်များနှင့်ထိုင်နေသော မမ သည် ...

'ဒီနေ့ မင်းကိုခေါ်တာ နောက်ဆုံးပဲ ကောင်လေး။ နောက်ရက်ကစပြီး မင်းနဲ့ တို့ ဘာပတ်သက်မှုမှ မရှိတော့ဘူး'

အခန်း ၃

'ဒါကြောင့် မင်းကို နောက်ဆုံးအနေနဲ့ ခေါ်သတိပေးတာ။ မင်းကို ဒီ နှစ်ပိုင်းအတွင်း ထောက်ပံ့ပေးခဲ့တာတွေ အားလုံးကို စေတနာကြေးလို့ပဲ သတ် မှတ်တယ်။ နောက်ဆို တို့ကို လမ်းမှာတွေ့ရင်တောင် ပြုံးမပြပါနဲ့'

တစ်နေ့နေ့တွင် ထိုသို့ဖြစ်လာမည်ကို ကြိုတွက်ထားသော်လည်း တရား ခင် ထုတ်ပြောလာသောနေ့တွင် လူငယ်ဝီဝီ စိတ်က ထောင်းခနဲ။

'ခင်ဗျား ပြန်ပြောလိုက်စမ်းပါ။ စေတနာကြေး ဟုတ်လား။ သမီးပေးလို့ သားမက်ရတာပါဗျာ။ ခင်ဗျားတို့ သွေးသားလိုအပ်ချက်တွေကို ကျွန်တော် ဖြည့်ဆည်းပေးလို့ ခင်ဗျားတို့ ပိုလျှံနေတဲ့ ငွေကြေးတွေကို သိက္ခာရှိရှိ ပေးလိုက် တယ်လို့ ပြောစမ်းပါဗျာ'

ကျွန်တော့်စကားကြောင့် မမ တော်တော်ဒေါသထွက်သွားသည်။ နီရဲ လာသော မမမျက်နှာကို မိတ်ကပ်များပေါ်မှ အထင်းသားမြင်နေရ၏။ လူကလည်း မူးနေသဖြင့် စကားလုံးများကို တရစပ်ပြောရင်း သူမနား တိုးကပ်သွားသည်။ အနားသို့မရောက်မီ သူမဘေးမှ လူငယ်များကလည်း အဆင်သင့်ဖြစ်အောင် နေရာယူလိုက်တာ တွေ့လိုက်သည်။ အေးမြမြ ညပိုင်းတွင် ပူလောင်သော ငွေကြေးအတွက် သားကောင်လေးများနှင့် တိုက်ပွဲက စတော့မည်။

'ညီလေး .... မင်းတို့နဲ့ မဆိုင်ဘူး။ အသာနေပါ။ ဒါ ကိုယ့်ကိစ္စ'

ပါးစပ်ကပြောရင်း အမျိုးသမီးရှေ့တွင် ရပ်လိုက်သည်။

'ကလေးလေး ... ရှေ့ဆက်တိုးမလာနဲ့နော်။ တို့ ရဲကိုဖုန်းဆက်လိုက်ရင် မင်း ဘာဖြစ်သွားမယ်ထင်လဲ။ ပိုင်နက်ကျူးလွန်မှု၊ အသရေဖျက်မှု၊ ခေါင်းစဉ် ရှာမရတဲ့ အမှုတွေကြားမှာ မင်း ဘဝပျက်သွားမယ်'

'ဟုတ် ... ဘဝ၊ ဟုတ်လား။ ကျွန်တော် ခင်ဗျားတို့အသိုင်းဝိုင်းက သူငယ်ချင်းကို ကူညီမိလို့ ရောက်ကတည်းက ဘဝကပျက်ပြီးသားပါဗျာ။ ငွေကုဋေ ရှိတဲ့ ခင်ဗျားတို့လုပ်ရပ်တွေကြောင့် လူငယ်လေးတွေကို မပျက်စီးပါစေနဲ့'

ကျွန်တော့်စကားပင် အဆုံးထိအပြောမခံဘဲ ...

'ဒီမှာ ကောင်လေး ...၊ သူတို့ကို မမက ဘာတွေများ မြူဆွယ်နေလို့ လဲကွယ်။ မမ လိုအပ်တာကို ပြောတယ်။ သူတို့ ပေးနိုင်ရင်ပေး။ မပေးနိုင်ရင်

မပေးနဲ့လေ။ အဲ ...တစ်ခုတော့ရှိတယ်။ သူတို့လိုချင်တာလေးတွေက မမ အတွက် အသေးအဖွဲလေးတွေဖြစ်နေလို့ စွန့်ကြတာပါ ကလေးရယ်'

အမျိုးသမီးက ပြောပြီး အမြင်ကပ်လောက်အောင် ပြုံးသည်။ သူတို့ အလုပ်ကို ငြင်းဆန်လျှင် ဘဝပျက်ပြီး အောက်ခြေသို့ ရောက်သွားနိုင်သည်ဟု ထိုအမျိုးသမီး ထင်နေပုံရသည်။ ငွေကိုခင်တွယ်မိခြင်းကြောင့် ဂုဏ်ကို ခြေဖဝါး အောက်သို့ ချနင်းခဲ့ဖူးသည်။ ရွှေကိုမျှော်လို့ မာနကို အစွယ်ကျိုးသော မြွေ တစ်ကောင်ကို နေထိုင်ခဲ့ဖူးသည်။ မိမိကိုမလိုအပ်သော ထိုဌာနေမှာ နေထိုင်ရန် လိုအပ်မည်မထင်တော့။ ယောကျ်ားတစ်ယောက်၏ လက်ဖဝါးအစုံသည် မည် သည့်အရာကိုဖြစ်စေ ရိုးသားစွာ ပျိုးထောင်နိုင်သည်ဆိုတာကို ပြရတော့မည်။ ခုဘဝလို ငွေကို ရေလိုမသုံးစွဲနိုင်လျှင်ကော မနေနိုင်ဘူးလား။

ကျွန်တော် ပြန်သုံးသပ်သည်။ လောကတွင် မြောက်မြားစွာသော လူသား တို့ ရှိသည်။ အားလုံးသည် လောကကြီးမှပေးသော အမှန်တရားများအတိုင်း ရှင်သန်နေထိုင်ကြသည်။ အောင်မြင်သည်လည်းရှိ၏။ ကျရှုံးသည်လည်း ရှိ၏။ အသေချာဆုံးသောအရာမှာ ဘဝတွင် သိက္ခာရှိသော အသက်မွေးဝမ်းကျောင်းဖြင့် နေရခြင်းဖြစ်ကြောင်း ကျွန်တော် ကောင်းစွာသဘောပေါက်ပြီ။

'သားကြီး ...ဘွားတော်က ငါ့ကိုကန်နေပြီ။ ငါလည်း ဒီအလုပ်ကို ဆက်မလုပ်ချင်တော့ဘူး'

သူရက ကျွန်တော့်ကိုကြည့်ပြီး ...'မင်း ဒီလောက်ဝင်နေတဲ့ ငွေကြေး ကို စွန့်လွှတ်နိုင်လို့လား'ဟု မေးလာသည်။

'ဝင်နေတဲ့ ငွေကြေး ...ဟုတ်လား သားကြီး။ မင်း ပြန်တွက်ကြည့်။ ငွေမရဘူး မဟုတ်ဘူး။ ရတယ်။ ဒါပေမဲ့ ပူလောင်တဲ့ ငွေကြေးတွေ။ မင်း ဘယ်လောက်စုမိလဲ။ တစ်ခါတလေ အိမ်ကို နည်းနည်းပါးပါးပေးနိုင်တာလေးပဲ ရှိတာ။ နောက် ဒီလိုနေနိုင်ဖို့ ဝယ်ရခြမ်းရနဲ့ လက်ထဲမှာမှမတင်တာ။ ဒီအတိုင်း ဆက်သွားရင် ငါတို့တွေ အမှောင်လမ်းမှာ လမ်းပျောက်တော့မယ်'

'ကြိုးစားကြည့်ပေါ့ သားကြီးရာ။ ငါကတော့ ဒီမှာ နေသားကျနေပြီ။ မင်းက ခုမှ သုံးနှစ်လောက်ရှိသေးတာ။ ပြီးတော့ တခြားပင်ပန်းတာတွေကိုလည်း ငါ မလုပ်ချင်တော့ဘူး'

သူရက ပေါ်တင်ပြောလာသည်။ ရှက်ရွံ့ရအောင်ကလည်း အရာအားလုံး က အကြောင်းသိတွေ။

'အေးပါကွာ။ ငါက မင်းကို လုပ်ဖို့ မလုပ်ဖို့ ကန့်ကွက်တာမဟုတ်ပါဘူး။ ငါ ရုန်းထွက်တော့မယ်။ ပူလောင်စွာ အသက်ရှင်နေခြင်းထက် အေးစက်စွာ တစ် ရက် အသက်ရှင်ရခြင်းက ပိုကောင်းမယ်ထင်တယ်။ ခံယူချက်တွေ၊ ယုံကြည် ချက်တွေအတွက် မင်းနဲ့ ငါ သွေးမကွဲပါဘူး။ မင်းက ငါ့ရဲ့သူငယ်ချင်းပဲကိုး။

ကိုယ်ယုံကြည်ရာ ကိုယ်ဆက်လုပ်ပါ။ အနက်တွေ၊ အဖြူတွေ၊ အဝါတွေကို ခွဲမကြည့်တော့ပါဘူး။ မိခင် အဖြူကနေ ဆင်းသက်လာတာမို့ ငါတို့တွေက ဆစ်အူထုံ့ဆင်းတွေပါ'

ကျွန်တော့်ဆုံးဖြတ်ချက်ကြောင့် သူ့ရ ကျွန်တော့်ကို မျက်ရည်ဝဲစွာ ကြည့်သည်။ သူ၏ ဆို့နင့်သောမျက်ရည်များသည် ကျွန်တော့်အတွက်လား။ သူ့ဘဝအတွက် မှန်ကန်သောဆုံးဖြတ်ချက်ဖြင့် လျှောက်လမ်းမှုမပြုခြင်းကို ကိုယ်စားပြုသလားကိုတော့ ကျွန်တော် သေချာစွာမသိ။ လုပ်နိုင်စွမ်း၊ ဆုံးဖြတ်နိုင်စွမ်းရှိအောင် မိဘနှစ်ပါးက ပညာတွေသင်ပေးထားကြသည်။ ကိုယ်တို့ လူငယ်တွေက ငွေကို အထင်ကြီးပြီး နည်းမှားလမ်းမှားတွေနဲ့ ငွေကြေးတွေ ရှာဖွေနေတာ မှားယွင်းမှန်း သိပြီ။ ပြုပြင်ရမည်မှန်းကိုလည်း သိသည်။ လောဘကို အဆုံးသတ်ပြီး ဘဝတစ်ခုမှာ တန်ဖိုးရှိ၍ မိုးသားသော အသက်မွေးဝမ်းကျောင်းပြုသူအဖြစ် အသိမှတ်ပြုခံရသူ ဖြစ်လိုသည်။ ထိုသို့ဖြင့် ကျွန်တော်သည် နုပျိုသော အသွေးအသားများကို သနားစိတ်မရှိစွာ ဝါးမျိုတတ်သော အသိုင်းအဝိုင်းတစ်ခုနှင့် ဝေးရာသို့ ထွက်လာ၏။

* * *

ကျွန်တော် နယ်မြို့လေးကို ရောက်နေသည်မှာ တစ်လဝန်းကျင်ခန့် ရှိပြီ။ အရင်မြို့ကြီးမှာ လူရာဝင်အောင်သင်ခဲ့သော ကွန်ပျူတာပညာလေးဖြင့် တစ်စာရိုက်၊ မိတ္တူနှင့် ဓာတ်ပုံဆိုင်သေးသေးလေး ဖွင့်ဖြစ်သည်။ လိုအပ်သော ငွေကြေးအချို့ကို နယ်ရှိမိဘများထံမှ တောင်းခဲ့သည်ဆိုလျှင်လည်း မမှားပါ။ နောင်တတွေ တစ်ပွေ့တစ်ပိုက်ဖြင့် ကိုယ်ထူကိုယ်ထ စီးပွားရေးလုပ်ရခြင်းသည် အနည်းငယ် စိတ်ပင်ပန်းမှုကို ဖြစ်စေသည်။ ကံဆိုးနေသည့်အချိန်မှ နှလုံးသားကို ကိုင်လှုပ်သော အမျိုးသမီးတစ်ယောက်နှင့် ထပ်မံတွေ့ဆုံရပြန်သည်။ အတိတ်သမိုင်းမလှပသော ကျွန်တော်သည် သူမအား ချစ်ခင်တွယ်တာမိသော်လည်း မိမိလိပ်ပြာကို မလုံ။

'ပတ်စ်ပို့ပုံ ရိုက်ချင်လို့ပါ'

သူမ၏ ခပ်ဟဟ နှုတ်ခမ်းရဲလေးမှ ထွက်လာသောအသံသည် နှလုံးသားတစ်ခုလုံးအား လွှမ်းမိုးနေသည်။ သေချာကြည့်မိတော့ အင်္ကျီအဖြူ၊ လုံချည်အစိမ်းရောင်ကို သေသပ်စွာဝတ်ထားပြီး ဆံ့ခြင်းလေးနှင့်။ သေချာသည်မှာ ကျောင်းဆရာမလေး ဖြစ်ပေမည်။ ပုံမှန်ဆိုလျှင် မြန်မြန်ရိုက်ပေးမိမည် ဖြစ်သော်လည်း သူမနှင့်တွေ့ဆုံရသည့် အချိန်ခဏ ကုန်ဆုံးသွားမည်ကို ကြောက်သည်။ ထို့ကြောင့် သူမ မသိသော အခြားရှုထောင့်များဖြင့် ခလုတ်များကို တစ်ချက်ချင်း နှိပ်နေမိသည်။ စိတ်လှုပ်ရှားမှုကြောင့် ရင်ခုန်သံများက ဆူညံလာသည်။ စူးစမ်းလိုသောစိတ်ဖြင့် နာမည်၊ လိပ်စာ၊ ဆက်သွယ်ရန် ဖုန်းနံပါတ်

များကို မေးထားမိသည်။ ဆယ်မိနစ်လောက် အချိန်ပေးလျှင် ရနိုင်သောပုံကို မပေးဘဲ နောက်ရက်မှလာယူရန် ချိန်းလိုက်သည်။ သူမ၏ မျက်ဝန်းထဲတွင် သက်ဘမကင်းသော စူးစမ်းအကြည့်များက ကျွန်တော့်ထံ ဝေ့ခနဲရောက်လာ၏။

သူမ လှည့်ထွက်သွားသောအချိန်တွင် သူမ၏ခေါင်းမှ အမျိုးမည်မသိသော ပန်းပွင့်လေးတစ်ပွင့် ကျကျန်နေသည်။ အသာကောက်ယူ၍ နမ်းရှိုက်မိလျှင် ပန်း၏ရနံ့သည် နှလုံးသားသို့တိုင် မွှေးပျံ့လွှမ်းလှသည်။ ထိုသို့ဖြင့် ကျွန်တော်သည် သူမထံ ရှိုးသားသော မာယာမျိုးစုံသုံးပြီး ချဉ်းကပ်သည်။ သူမ၏ အမြင်တွင် ရိုးသားသော ရုပ်ရည်သန့်ပြန့်သည့် ပညာတတ်တစ်ဦးဟု ယူဆပြီး ကျွန်တော်၏ ကြိုးစားမှုကို အသိမှတ်ပြုသည်။

'ကျွန်တော် ပိုးလေးကို ချစ်တယ်။ ကျွန်တော့်အချစ်ကို လက်ခံပေးပါ'

ကျွန်တော် ချစ်ခွင့်ပန်လိုက်သည်နှင့် ပိုးသစ္စာဟုခေါ်သော ဆရာမလေးသည် ကျွန်တော့်အား ထူးခြားစွာ စိုက်ကြည့်သည်။

'ကျွန်မကို ချစ်တယ်၊ ဟုတ်လား။ ချစ်လို့ရပါတယ်။ မချစ်နဲ့လို့ မတိုက်တွန်းပါဘူး။ ကျွန်မတို့အသက်ရွယ်က အချစ်ကို ကိုးကွယ်ရမယ့်အရွယ် မဟုတ်ဘူးဆိုတာလည်း ရှင် သိပါတယ်။ ဒါကြောင့် ချစ်တယ်လို့ပြောမယ်ဆိုရင် လက်ထပ်ဖို့အထိပါ ထည့်စဉ်းစားထားရမယ်။ လက်ထပ်မယ်ဆိုရင် ယောကျ်ားတစ်ယောက်ရဲ့ မျိုးရိုးနဲ့ သမိုင်းကိုတော့ ကျွန်မ သိဖို့ လိုအပ်မယ်ထင်တယ်'

ပိုးသစ္စာက စကားလုံးများဖြင့် ကျွန်တော့်မျက်နှာအား ဖြတ်ရိုက်လိုက်သည်နှင့် တူသည်။ ထိုစကားကို သူမ ပြောသောအချိန်တွင် 'ရှင့်သမိုင်းအားလုံး ကျွန်မ သိနေတယ်'ဆိုသော မျက်နှာထားမျိုးနှင့် ဖြစ်သည်။

'မင်း ဘာကိုဆိုလိုတာလဲ ပိုးလေး။ ကိုယ့်ကို ပွင့်ပွင့်လင်းလင်းပြောပါ။ ကိုယ် မင်းပြောတာ ဘာမှနားမလည်ဘူး'

ကျွန်တော့်စကား အဆုံးတွင် ပိုးလေးက ...

'အင်း ... ဒါဆို ကျွန်မ ပြောမယ်နော်'

စကားသံ ဆက်ထွက်မလာသော သူမ၏ တိတ်ဆိတ်ခြင်းက ကျွန်တော့်အတွက် များစွာရင်ပူစေသည်။ ကျွန်တော်၏ အတိတ်တစ်ပိုင်းတစ်စအား သူမ သိနေသည်လား မသိ။

'ကျွန်မလည်း ရှင့်ကို သံယောဇဉ်ရှိတယ်'

သူမက စကားကို ထိုမျှသာပြောပြီး လှည့်ထွက်သွားသည်။ ကျွန်တော် မည်သို့နေရမည် မသိ။ သေချာသည့်အဖြေတစ်ခု မဟုတ်သော်လည်း ကျွန်တော့်အချစ်အား သူမ လက်ခံလေပြီ။ ကျွန်တော် သတိထားမိသောအချိန်တွင် သူမသည် ကျွန်တော့်မြင်ကွင်းမှ ပျောက်ကွယ်သွားပြီ ဖြစ်သည်။ ထိုရက်များ၏ နောက်ပိုင်းတွင် သူမအကြောင်းကို ရင်ဖွင့်သည်။ ကျွန်တော့်အား တရားဝင်

ချစ်ပါသည်ဟု မပြောသည်မှလွဲပြီး ချစ်သူတစ်ဦးနှင့်မခြား သဘောထားသေ သည်။ ကျောင်းဆရာမတစ်ဦးဖြစ်ပြီး ပတ်ဝန်းကျင်သိက္ခာကို ငဲ့ကွက်သော အားဖြင့် ကျွန်တော် သူမအား လက်ထပ်မည်ဟုပြောတိုင်း စောပါသေးတယ်ဟု ပြောပြီး အမြဲငြင်းသည်။ ထိုသို့ပြောတိုင်း မျက်နှာပျက်ယွင်းနေခြင်းကိုလည်း ကျွန်တော် စိတ်မကောင်းဖြစ်မိသည်။ လိပ်ပြာမသန့်သော လူတစ်ယောက် အတွက် အချစ်အားဖန်းပြုပြီး တစ်ဖွတ်ထိုးဆန်သော သိမ်းပိုက်ခြင်းအမှုကိုလည်း ကျွန်တော် မပြုလို။ သူမတွင်လည်း သေချာနိုင်မာသော အကြောင်းပြချက် ကောင်းကောင်းရှိလိမ့်မည်။

ကျွန်တော် အရမ်းပျော်နေသည်။ ဒီနေ့သည် ကျွန်တော့်ကို ပိုးသစ္စာက 'မောင်'ဟု ပထမဆုံးခေါ်သောနေ့ ဖြစ်သောကြောင့် ဖြစ်သည်။

'မောင့်ကို ကျွန်မ ချစ်တယ်။ ဒါကြောင့်လည်း ဘာအကြောင်းကိုပဲဖြစ် ဖြစ် လက်ခံနိုင်ဖို့ ကြိုးစားထားတယ်။ ကျွန်မ မောင့်နောက်ကြောင်းတွေကို လည်း ထဲထဲဝင်ဝင်မသိချင်ဘူး။ မောင် ကျွန်မကို ချစ်နေတယ်ဆိုရင်ပဲ ကျွန်မ ကျေနပ်တယ်'

ပတ်ဝန်းကျင်အမြင်တွင် သိပ်ကိုလိုက်ဖက်နေသည့် ဇနီးမောင်နှံလောင်း ဟု ထင်ပေမည်။ ကိုယ့် စိတ်အပူရှပ်အား သရုပ်ဆောင်နေရသော အချစ်သည် ချို၍ အဆိပ်ပြင်းမှုန်း ကျွန်တော် ကောင်းစွာသိ၏။ ကျွန်တော်တို့ ချစ်သူနှစ်ဦး တွင် ဘာမှန်းမသိနိုင်သော ခံစားချက်ကိုယ်စီ ရှိကြသည်။ ပိုးသစ္စာကလည်း ထုတ်ဖော်မပြောသလို ကျွန်တော့်ကိုလည်း သူ မသိချင်သောအကြောင်းအရာ ကို တိုက်ရိုက်မမေး။ အချစ်ဖြင့် ရစ်ပတ်တွယ်နှောင်ထားသော်လည်း ဝန်ခံမှုမရှိ သော အမှန်တရားတချို့သည် ရင်ခုန်ခြင်းအား ပြက်ရယ်ပြုနေသည်။ တစ် ဦးနှင့်တစ်ဦး ပွင့်လင်းစွာချမပြသော အမှန်တရားများကို ထုတ်ဖော်ချင်သော် လည်း သူမ စိတ်ဆိုးသွားမည်ကို ကြောက်သည်။

'မောင် ... ဒီနေ့ ဆေးခန်းသွားရအောင်'

အဆက်စပ်မရှိသော ပိုးသစ္စာ၏စကားကြောင့် ကျွန်တော် ကြောင်သွား သည်။

'ဟင် ... ဘာလို့လဲ ပိုးလေး၊ ကိုယ်လည်း ဘာမှမဖြစ် ...'

ကျွန်တော့်စကားကို အဆုံးထိအပြောမခံဘဲ အတင်းခေါ်သည်။

'လာပါ မောင်ရယ် ... ဘာမှမေးမနေနဲ့၊ ကျွန်မနဲ့ လိုက်ခဲ့'

သူမက မနက်အစောကြီး ဆိုင်ကိုလာပြီး ထိုသို့ပြောလာသည်။ ဘာမှန်း လဲ မသိ။ ဘာကိစ္စမှန်းလဲ မသိ။ စောလည်းအစောကြီး။ ဆိုင်လည်း မဖွင့်သေး သဖြင့် သူမခေါ်ရာနောက်သို့ လိုက်သွားသည်။

'ဟယ် ... ပိုးသစ္စာ၊ နင်ကလည်း အစောကြီးပါလား။ ငါက နေ့လယ်

မှ လာမယ်ထင်နေတာ'

ကျွန်တော်တို့နှစ်ယောက်ကို ပိုးသစ္စာ၏သူငယ်ချင်းက အံ့ဩစွာ နှုတ်ဆက်၏။

'အေးဟယ်၊ ကျောင်းပိတ်ရက်လည်းဖြစ်တော့ နေ့လယ်ကို မောင့်ဆိုင်မှာ နေချင်လို့လေ'

'အမယ် ... ချစ်နေကြတယ်ပေါ့လေ။ ပြောကို မပြောချင်ဘူး'

ဆရာဝန်မလေးနှင့် ပိုးလေးတို့ အပြန်အလှန် နှုတ်ဆက်နေသည်ကို ကြည့်ပြီး အံ့ဩမိသည်။

'မောင် ... သူက ဒေါက်တာနွယ်နွယ်လင်း။ ပိုးလေးနဲ့ ငယ်သူငယ်ချင်းပေါ့'

'ကဲ ... မောင်ဆိုတဲ့ ဟိုတစ်ယောက် ခုတင်ပေါ်တက်'

ကျွန်တော်က ဆရာဝန်မ ပြောတဲ့အတိုင်း တက်အိပ်လိုက်သည်။

'လက်သီးကို ဆုပ်ထားနော်။ မနာပါဘူး ပိုးသစ္စာရယ်။ နင်ကလည်း အဲဒီလောက်ကြီး စိတ်ပူနေတယ်။ အိုကေ ...'

ဆရာဝန်မလေးက ပြောလည်း ပြော၊ အလုပ်ကိုလည်း တစ်ဆက်တည်း လုပ်သည်။ စူးခနဲဝင်လာသော အထိအတွေ့ကြောင့် မျက်ဝန်းကို အသာမှိတ်ထားလိုက်သည်။

'ရပြီ ... ပြီးပြီ'

5 CC စလင်းထဲမှ သွေးအနည်းငယ်ကို ပုလင်းပုလေးတစ်ခုထဲသို့ ထည့်ရင်း ပြောသည်။

'နာလား မောင် ...'

ပိုးလေးက ဆရာမ ဖိသွားသော ဂွမ်းကိုကိုင်ရင်း လာမေးသည်။

'ဒါနဲ့ ပိုးလေး ... အဲဒါ ဘာလုပ်တာလဲ'

'ဆေးစစ်တာလေ မောင်။ စိတ်မပူပါနဲ့ မောင်။ မောင် ဘယ်လိုအခြေနေပဲဖြစ်ဖြစ် ပိုးလေး မောင်နဲ့အတူတူ ရှိနေမှာပါ'

သူမစကားကြောင့် ဦးခေါင်းအစုံက မိုက်ခနဲ။

## အခန်း ၄

သူမစကားကြောင့် ဦးခေါင်းအစုံက မိုက်ခနဲဖြစ်သွားပြီး ကျွန်တော် သူမကို ဘာမှထပ်မပြောနိုင်တော့။ အရာအားလုံးကို သူ စီစဉ်သည်။ ပိုးလေး ခြယ်လှယ်သည်။ ဆေးခန်းမှပြန်လာပြီးသည့်အချိန် နောက်ပိုင်းတွင် ပိုးလေး ကျွန်တော့်ကို ပိုမိုပြီး ဂရုစိုက်လာသည်။ သူမ၏အဒေါ်ဆိုသူနှင့် ကျွန်တော့်ကို တွေ့ပေးသည်။ ငြင်းလိုက်သည့်မှ ခါးခါးသီးသီး။

'လုံးဝသဘောမတူနိုင်ဘူး။ မင်း ပြန်လို့ရပြီ ကောင်လေး။ အနိုင်ကို လိုချင်တာ သန့်စင်တဲ့ သားမက်။ ညစ်နွမ်းနေတဲ့ မင်းလိုလူ မဟုတ်ဘူး'

ထိုအမျိုးသမီး ဘာကိုဆိုလိုသည်ကို ကျွန်တော် သိသည်။ ပြောင်းလဲသွားသော အခြေအနေကြောင့် ပိုးလေး ကျွန်တော့်လက်ကို တင်းကျပ်စွာလာကိုင်သည်။ ဒီအချိန်တွင် ကျွန်တော့်အတွက် ဖြေစရာစကားလုံးမရှိသလို အကြောင်းပြချက်လည်း ဖွင့်ဆိုမပြနိုင်။ နောက်ဆုံး ရာဇဝင်တစ်ခုပါ ထုတ်လာသည်။ ကျွန်တော်နှင့် လက်ထပ်လျှင် ပိုးလေးအား အမွေပြတ်စွန့်လွှတ်မည်တဲ့။

ကျွန်တော် များစွာစိတ်မကောင်း ဖြစ်မိသည်။ ကျွန်တော်လို လူတစ်ယောက်အား ချစ်မြတ်နိုးမိသည့်အတွက် ပိုးလေးပေးဆပ်ရသော ဒုက္ခသည် အဆပေါင်းများစွာ ဖြစ်သည်။ သူမ၏ ခံယူချက်၊ အယူအဆများကို ကျွန်တော်လို အမျိုးသားတစ်ယောက် လိုက်မမီနိုင်။

'အမှန်တော့ မောင်ရယ် ...ကျွန်မ မောင့်ကိုသိတာ လွန်ခဲ့တဲ့သုံးနှစ်ကျော်ကတည်းကပါ။ မောင့်သူငယ်ချင်းကို ကူညီပေးရင်း ပြန်လမ်းမရှိတဲ့ ဒီလမ်းပေါ် လျှောက်ခဲ့တယ်ဆိုတာလည်း သိတယ်။ နောက်ဆုံး မောင့်ကို အရုပ်တစ်ရုပ်လို ရောင်းဝယ်ဖောက်ကားနေကြတာတွေကိုလည်း ပိုးအဒေါ်ပြောပြလို့ အားလုံး သိခွင့်ရတယ် မောင်။ ဒါကြောင့်လည်း ပိုးအဒေါ်က မောင်နဲ့လက်ထပ်ရင် အမွေပြတ်လို့ ပြောခဲ့တာ။ အမှန်တော့ သူတို့တွေက ငွေရှိတယ်ဆိုပြီး လူသားတွေရဲ့ ဘဝတွေကို သိမ်းပိုက်ချင်ကြတာ။ ငွေဆိုတာ ဘဝအတွက် တန်ဖိုးမရှိဘူး မဟုတ်ဘူး။ ရှိတယ်။ ဒါပေမဲ့ လူသားတွေဘဝလောက် တန်ဖိုးမမြင့်ဘူး။ သူတို့တွေအုပ်စုကြောင့် ကြယ်ပွင့်လေးတွေ ကြွေလွင့်သွားကြတာ ခုနဲ့ဒေး မောင်။ မောင့်ကို ဓာတ်ပုံဆိုင်မှာ စတွေ့ကတည်းက ပိုး သိတယ်။ ဒါကြောင့်လည်း မောင် ကြိုးစားလာတာကို ပိုး လွယ်ကူစွာ လက်ခံခဲ့တာပေါ့ မောင်ရယ်'

လက်မှတ်ထိုးသည့်ည၏ ညဦးယံတွင် ပိုးလေးက ကျွန်တော့်ကိုဖက်၍ ရှိုက်သံတစ်ဝက်ဖြင့် ပြောနေ၏။ ထိုနေ့၊ ထိုည၏ နွေးထွေးသော ပိုးလေးရင်ခွင်ကို ကျွန်တော့်ဒီတစ်သက် မေ့နိုင်မည်မထင်။ ဒီကိစ္စတွေ ဖြစ်ပျက်ခဲ့သည်မှာ ယခုဆိုလျှင် ဆယ်နှစ်ကျော်ပြီ ဖြစ်သည်။ ကျွန်တော်ပင် မေတ္တာရေကြည် လူမှုစောင့်ရှောက်ရေး၏ ဒုတိယအတွင်းရေးမှူး ဖြစ်နေသည်။ ဆေးစစ်သည့်နေ့ နောက်ပိုင်းတွင် ကျွန်တော်က ပိုးသစ္စာ၏သူငယ်ချင်း ဆရာဝန်မလေးကို ပိုးလေး မသိအောင် သွားတွေ့သည်။ HIV positive ဖြစ်ကြောင်း ဆရာဝန်မလေးက နှစ်သိမ့်စွာ ပြောပြသည်။

'သတ်မှတ်ထားတဲ့ ဆေးတွေသောက်ရင် လူတန်းစေ့နေနိုင်မယ်။ ဦးတော့ ပိုးသစ္စာကလည်း မည်သည့်အဖြေ ထွက်လာသည်ဖြစ်စေ ရှင့်ကို လက်ထပ်မှာလေ။ ဒါကြောင့် ရှင့်ကျန်းမာရေးစောင့်ရှောက်မှု အားလုံးကို ကျွန်မက တာဝန်

ယူမှာ။ နောက် ART သောက်ဖို့ကိုလည်း ပရဟိတအဖွဲ့တစ်ခုနဲ့ ကျွန်မ ချိတ်ထားပေးမယ်'

ဆရာဝန်မ၏ စကားအဆုံးတွင် ကျွန်တော့်မျက်ဝန်းမှ မျက်ရည်များက အတားအဆီးမရှိစွာ ကျဆင်းလာသည်။ အံကို တင်းတင်းကြိတ်ပြီး ရှိုက်သံတွေ ပတ်ဝန်းကျင်မထွက်အောင် ထိန်းနေရ၏။ ဆရာမလေးက ...

'စိတ်ကိုလျှော့ပါ ရှင်ရယ်။ ဒီအကြောင်းတွေအားလုံးကို ပိုးသစ္စာ သိရဲ့ သားနဲ့ ရှင့်ကို လက်ထပ်မယ်လို့ဆုံးဖြတ်တဲ့ စိတ်ကူးကို ကျွန်မ အရမ်းအံ့သြတယ်။ သူ ဘာကြောင့် ဒီလိုဆုံးဖြတ်ဆုံးဖြတ်၊ ပိုးသစ္စာကိုချစ်ရင် ရှင်ဒီရောဂါကို ပိုးသစ္စာကို မကူးအောင်နဲ့ သားသမီးမယူဖြစ်အောင် ရှင် ဖျောင်းဖျ ထိန်းသိမ်းပေးပါ။ ဒါမှ ရှင်လည်း ဆေးဝါးနဲ့အသက်ဆက်ရှင်နိုင်ပြီး ပိုးသစ္စာလည်း သူ မျှော်လင့်ထားတဲ့ ရှင့်ရဲ့အချစ်တွေကို ရေရှည်ရရှိမှာ။ ပိုးသစ္စာကိုချစ်ရင် ဒါလေး တစ်ခုတော့ ကျွန်မကို ကတိပေးပါ'

ကျွန်တော်ကိုယ်တိုင် သွားမေးလို့ အရာအားလုံးကို သိရှိခဲ့သော်လည်း အိမ်ထောင်သက် ဆယ်နှစ်ကျော်အထိ ပိုးလေးသည် ကျွန်တော့်အား HIV ရှိသည်ဟု ယနေ့ထိ ထုတ်မပြောပေ။ ထိုကိစ္စအား ဖွင့်ပြောရန် လမ်းကြောင်းပေးလျှင် 'ကျွန်မ အတိတ်တွေကို စိတ်မဝင်စားဘူး မောင်။ အခုအခြေအနေမှာ အကောင်းဆုံးဖြစ်အောင် နေကြမယ်'ဟုပြောပြီး သူမစကားကို သိမ်းသွားတတ်သည်။ ထို့သို့ဖြင့် ကျွန်တော်နှင့် ပိုးလေးတို့သည် လူမှုကယ်ဆယ်စောင့်ရှောက်ရေး လုပ်ငန်းများလုပ်ရင်း နေရာတစ်ခုစီ ရရှိခဲ့ကြသည်။

မိဘမဲ့ကလေးငယ်များကို ပညာသင်ပေးပြီး ပိုးလေးက ပျော်ရွှင်နေသလို ကျွန်တော်သည်လည်း HIV ဝေဒနာရှင်များကို ဆေးဝါးများရအောင် ကူညီပေးရင်းဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများတွင် ပျော်ဝင်နေကြသည်။ တစ်ခါတစ်ရံ စိတ်အခန့်မသင့်သည့် အချိန်များမှအပ ကျွန်တော်တို့လင်မယား၏ အိမ်ထောင်ရေးသည် ပျော်ရွှင်ရသည်။ ကျွန်တော့်လို ရောဂါသည်တစ်ယောက်ကို သတ္တိရှိရှိ လက်တွဲပေးခဲ့သော ပိုးလေး၏ ချစ်ခြင်းမေတ္တာသည် ကျွန်တော်အတွက်တော့ အကြီးမားဆုံးဆုပင် ဖြစ်သည်။ သားသမီးမယူသည်မှလွဲပြီး ကျန်သော အိမ်ထောင်သည်ဘဝ၏ သာယာပျော်ရွှင်မှုများ အားလုံးကို ကျွန်တော် ကြိုးစား ဖြည့်ဆည်းပေးသည်။

တိုတောင်းလှသော ဘဝတွင် လောဘ၊ ဒေါသ၊ မောဟများနှင့် ငွေကြေးကို ရှာဖွေခဲ့သည့်အချိန်များကို စဉ်းစားမိတိုင်း ကျွန်တော် သံဝေဂရရှိသည်။ စောင့်ရှောက်ရေးဂေဟာတွင် ကြီးကြီးငယ်ငယ် လူအသွယ်သွယ်တို့ သံသရာ ရထားပေါ်သို့ တက်ကာ၊ ဆင်းကာဖြင့် စုန်ဆန်ပြေးနေကြသည်။ ယနေ့မှ လူ့လောကသို့ ဝင်ရောက်သော ကလေးငယ်များသည်လည်း နောက်တစ်နေ့တွင်

ဖြစ်ပျက်သဘောဖြင့် လောကကြီးမှ ချို့တဲ့စွာ ထွက်သွားတတ်သည်။ ကျွန်တော်တို့ လင်မယားအား ကောင်းမွန်သောစိတ်စေတနာဖြင့် ကူညီပေးခဲ့သော ပိုးသစ္စာ၏ သူငယ်ချင်း ဆရာဝန်မလေး၏ သူငယ်ချင်းအပေါ်ထားသော စိတ်ထားသည်လည်း များစွာမွန်မြတ်လှသည်။ အမြဲလိုအပ်သော ဆေးဝါးများနှင့် အခြားသော အရာများကို အဆင့်အတန်းမခွဲခြားဘဲ ဂေဟာလေးသို့ လာရောက်တတ်သည်။ သူမသည်ပင်လျှင် အချိန်၏တိုက်စားမှုကြောင့် ပညာရည်ပြည့်ဝသော အထူးကု ဆရာဝန်မကြီး ဖြစ်နေပြီ။

'ပိုးသစ္စာရယ် နင်တို့လင်မယားကိုတွေ့ရင် ငါ ယောကျ်ားမယူမိတာကို နောက်တရသလိုပဲ'ဟု စကားနာထိုးတတ်သည်။

'ဟဲ့ ... ဒါနဲ့ ပိုးသစ္စာ၊ နင့်ယောကျ်ားက ဒီမှာလုပ်တော့ နယ်က သူ့မိဘတွေကို ဘယ်လိုလုပ်လဲ'

'အင်း ...၊ ငါ့အဒေါ်က အမွေဖြတ်လိုက်ပေမဲ့ ငါ့မိဘတွေ မသေခင်က ပစ္စည်းတွေအားလုံး ပေးသွားတယ်။ အဲဒီပစ္စည်းလေးတွေကို ငါ မောင့်မေမေနဲ့ ဖေဖေကို အားလုံး ပေးလိုက်တယ်။ သူတို့လင်မယားနှစ်ယောက် ဒီတစ်သက်တော့ အေးအေးဆေးဆေး စားနိုင်လောက်ပါတယ်။ ငါတို့ဆီကို တစ်နှစ်ကို တစ်ခေါက် လာတယ်။ ဒါပေမဲ့ ဒီရောဂါအကြောင်းကိုတော့ မောင့်မိဘတွေကို ငါ အသိမပေးနိုင်းဘူး'

ဆရာဝန်မလေးသည် သူ့သူငယ်ချင်းကို လေးစားစွာကြည့်ပြီး 'ခြော်' တစ်ခွန်းသာ ပြောနိုင်သည်ကို မြင်လိုက်သဖြင့် ကျွန်တော် ပိုးလေးအား မျက်စပစ်ပြလိုက်သည်။ ထိုသို့ဖြင့် ဘဝ၏ရိုးသားမှုတွင် ပျော်၏။ သို့သော် ကံတရား၏ အဆုံးမသတ်နိုင်သော ဘဝကြမ္မာက ကျွန်တော်တို့ထံသို့ တည့်တည့်ဝင်လာပြန်သည်။

* * *

မိုးတွင်းဖြစ်သဖြင့် ရာသီဥတုက အုံ့တုံ့တုံ့ မှိုင်းတိုင်းတိုင်း။ ဂေဟာရှေ့သို့ ကားတစ်စီး ညင်သာစွာဆိုက်လာသည်ကို ကျွန်တော်ထိုင်နေသည့် ပြတင်းပေါက်မှ ကျွန်တော် တွေ့လိုက်သည်။ ကျွန်တော့်စိတ်ထဲတွင် အလှူရှင်တွေ လာပြီထင်ပြီး ဖော်ရွေသောမျက်နှာထားဖြင့် ကြိုဆိုမိသည်။ နောက်မှ ရောဂါသည် တစ်ယောက်ဖြစ်မှန်း သိသည်။

ကားအကောင်းစားကြီးနှင့် စောင့်ရှောက်ရေးသို့ လာအပ်သော လူနာ မမြင်ဖူးသဖြင့် အနည်းငယ် အံ့ဩသွားသည်။ စာရေးမလေးတစ်ယောက်က ...

'အစ်ကို ... လူနာတဲ့။ ART လိုချင်လို့။ ပြီးတော့ သူငွေတွေဆိုတော့ လူသိလည်း မခံချင်ဘူး။ ရောဂါဖြစ်နေတာကိုလည်း မသိစေချင်ဘူးတဲ့ အစ်ကို'

'အင်း ... ခေါ်လိုက်လေ။ အစ်ကို စကားပြောကြည့်လိုက်ဦးမယ်'

ကျွန်တော့်ခုံရှေ့သို့ ရောဂါသည်အမျိုးသမီးကြီး လာထိုင်သည်။ ပုံစံကြည့်ရသည်မှာ ရောဂါကို လူသိမခံချင်သဖြင့် ကြိတ်ကုနေသည့်ပုံစံမျိုး။ ကျွန်တော် စာရင်းသွင်းပြီးလျှင် ရောဂါကိုကုပေးမည့်ဆရာမများ ခေါ်စားတော့မည်။

'အစ်မနာမည်လေး ပြောပါဦးဗျ'

ထိုအမျိုးသမီး၏အမည် ပြောသောအသံကို ကြားလိုက်သည်နှင့် ကျွန်တော်၏ လွန်ခဲ့သောနှစ်ပေါင်း ဆယ်နှစ်ကျော်က ကလေးလေးဆိုသောအသံကို ပြန်ကြားလိုက်ရသည်။

'ကလေးလေး ... မင်းက ဒီမှာကို။ မမကို မှတ်မိသေးလား'

သူမ ထိုသို့ပြောနေသောအချိန်တွင် ပိုးလေးနှင့် အခြားအမျိုးသမီးတစ်ဦး အခန်းထဲဝင်လာသည်။ ကျွန်တော် ခေါင်းကိုငုံ့ကြည့်တော့ ထိုအမျိုးသမီးက ပြုံးပြသည်။

'မောင် ပိုးအဒေါ်လေ၊ မှတ်မိလား။ မောင်နဲ့ သဘောမတူဘူး ပြောခဲ့တာ သူပဲလေ'

ပိုးလေးက စသည့်ဟန်ဖြင့် ပြောလာသည်။ ယခင်က မမဆိုသည် ကျွန်တော့်ဘဝကို ဖျက်ဆီးခဲ့သည့် အမျိုးသမီးကြီးကို ပညာပေးမည်ဟု တွေးထားမိသော စိတ်တို့သည် ပိုးလေးနှင့် သူ့အဒေါ်တို့ ပျော်ရွှင်နေသည့်ပုံစံအား တွေ့မြင်လိုက်လျှင် စိတ်အတွေးတို့က မိုးရေစက်များနှင့်အတူ လွင့်ပါးသွားသည်။ ပိုးလေးက ကျွန်တော့်ဘေးတွင် ဝင်ထိုင်ပြီး ပိုး အဒေါ်က သူမ၏ သူငယ်ချင်းဖြစ်သော ကျွန်တော့်ဘဝ၏ ပျော်တော်ဆက်ဘဝကို မော်သွင်းပေးခဲ့သည့် အမျိုးသမီးနား သွားထိုင်သည်။ ပိုး အဒေါ်က ကျွန်တော့်ကို ...

'အန်တီ တောင်းပန်ပါတယ် သားရယ်။ တကယ်တော့ လူတစ်ယောက်ရဲ့ ကောင်းခြင်း၊ ဆိုးခြင်းကို ဓလေတာအမြင်နဲ့ ဆုံးဖြတ်လို့မရနိုင်မှန်း အန်တီ သိပါပြီ။ ပြီးတော့ ပိုးလေးကိုလည်း ဒီလောက် အနစ်နာခံနိုင်လိမ့်မယ် မထင်ခဲ့ဘူးလေ။ အန်တီ ပိုးလေးကို အမွေဖြတ်တယ်လို့ပြောပြီး နိုင်ငံခြားကို ထွက်သွားတယ်။ ခုပြန်လာတော့ ပိုးလေးနဲ့ သားက ကျန်းမာပျော်ရွှင်စွာ နေနိုင်ကြပေမဲ့ အန်တီ့သူငယ်ချင်း အမိုက်မကြီးက သားတို့ မြင်တဲ့အတိုင်းပဲလေ။ ဘဝမှာ မေတ္တာ၊ သစ္စာမထားဘဲ အပျော်အပါးကို ငွေနဲ့မြှုပြီး ပျော်ရွှင်ခဲ့တဲ့ အန်တီ့သူငယ်ချင်း အမိုက်မကြီးကတော့ ...'

သူတို့သူငယ်ချင်းနှစ်ဦး ဖက်ပြီး ရှိုက်ကြီးတငင် ငိုနေကြလေပြီ။ ကျွန်တော့်ဘေးမှ ပိုးလေးက ကျွန်တော့်ဆုံးဖြတ်ချက်ကို စိတ်ဝင်စားနေသည်။ လူနာများကို ထောက်ပံ့ခွင့် ပေးသင့်၊ မပေးသင့်ကို ဆုံးဖြတ်နိုင်စွမ်း ကျွန်တော့်တွင် ရှိမှန်း ပိုးလေး သိသည်။ သူ့အဒေါ်၏အသိ ဖြစ်လင့်ကစား ကျွန်တော်အား မည်သည့်ဖိအားမျှ ပိုးလေး မပေး။ ကျွန်တော့်အတိတ်ဘဝ၏ ရင်နာစွာ ဖြတ်

သန်မာရခဲ့ခြင်းကို ပိုးလေး သဘောပေါက်သောကြောင့် ဖြစ်မည်ထင်သည်။ ကျွန်တော် ပိုးလေး၏လက်ကို ခပ်ဖွဖွဆုပ်ကိုင်ပြီး စိတ်မပူနဲ့ဆိုသည့်သဘောဖြင့် ပြုံးပြလိုက်သည်။

'စိတ်ပူကြပါနဲ့။ အန်တီတို့နှစ်ယောက်စလုံး အဆင်ပြေအောင် ကျွန်တော် အားလုံး စီစဉ်ပေးပါမယ်။ အန်တီ မမကိုလည်း ဘယ်သူမှမသိဘဲ နောက်ဆုံးနေ့ရက်တွေကို ဂုဏ်ရှိစွာ ဖြတ်သန်းနိုင်ဖို့ ပိုးလေးသူငယ်ချင်း ဆရာဝန်မနဲ့ ပြောပေးပါမယ်။ ပြီးတော့ ART ကို ရအောင်လည်း အဆင်ပြေအောင် ကျွန်တော် ညှိနှိုင်းပေးပါ့မယ်။ ဆေးသောက်နေရတဲ့ ရောဂါသည်အချင်းချင်း ကျွန်တော် ကိုယ်ချင်းစာပါတယ်'

'ကလေးလေးကော ဒီရောဂါ ရနေတာလား'

ကျွန်တော့်ကို မမက ထပ်ပြီးမေးခွန်းထုတ်သည်။

'ဟုတ်ပါတယ် အန်တီ။ ပိုးသစ္စာနဲ့ လက်မထပ်ခင် ကျွန်တော် လွန်ခဲ့တဲ့ ဆယ်နှစ်ကတည်းက ရှိနေတာပါ။ ကျွန်တော်တို့နှစ်ယောက် ဆေးဝါးကို ဂရုစိုက်သောက်ပြီး ဘဝကို ရိုးသားစွာ ဖြတ်သန်းခဲ့ကြတယ်။ သေရင် ကိုယ့်နောက်ပါမယ့် ဘဝနောကို တစ်ဖက်တစ်လမ်းက အတူတူလုပ်ရင်း တန်ဖိုးရှိတဲ့ အချိန်တွေကို ကျွန်တော်တို့ ပိုးသစ္စာနဲ့အတူတူ စတေးခဲ့ကြတယ်။ လောကမှာ အတ္တ၊ မာနတွေနဲ့ ရှင်သန်နေထိုင်တာထက် ရိုးရှင်းစွာနဲ့ ကိုယ်တတ်နိုင်တဲ့ အရာတွေနဲ့ လိုအပ်နေသူတွေကို ထွေးပွေ့ခြင်းက မှန်မြတ်ပါတယ်'

ကျွန်တော့်စကားဆုံးလျှင် အန်တီမမသည် ဒုတိယမ္ဘိ ငိုပြန်သည်။

'မမကို ခွင့်လွှတ်ပါ ကလေးလေးရယ်'

'ခွင့်လွှတ်ပါတယ်။ လောကဓံဆိုတာ ရုပ်ချောတယ်၊ ကြီးတယ်၊ ငယ်တယ် ခွဲခြားမထားပါဘူး။ ဖြစ်ချိန်တန်ရင် ဖြစ်ကြရမှာပေါ့။ မဟုတ်ဘူးလား'

စာရင်းသွင်းပြီး ဒီဘက်မှချိတ်ဆက်သော အခြေအနေအားလုံးပြီးလျှင် အကြောင်းကြားပေးမယ်ဟု ပြောလိုက်တော့ ကျေးဇူးတင်ကြောင်း အကြိမ်ကြိမ် ပြောပြီး ပိုးလေး အဒေါ်နှင့် အန်တီမမတို့ ပြန်သွားကြသည်။ သူတို့ ပြန်သွားလျှင် ကျွန်တော် ပိုးလေး၏ပါးပြင်နုနုကို မြတ်နိုးစွာ နမ်းရှိုက်မိသည်။

'ဟာ ... မောင်ကလည်း ကလေးတွေမြင်သွားမှ ...'

ထိုသို့ပြောပေမဲ့ သူမက မရုန်း။

'ဟင် ... ရှက်တယ်လည်း ပြောသေးတယ်။ ရုန်းလည်း မရုန်းပါလား။ ဘယ်လိုကြီးလဲဟ'

ကျွန်တော် စလိုက်တော့ ကျွန်တော့်ဗိုက်ခေါက်အား မနာအောင်ဆွဲပြီး အခန်းအပြင်သို့ ထွက်သွားသည်။

နောက် ရက်အနည်းငယ်တွင် လူတိုင်းအတွက် ငွေကိုဗဟိုပြုပြီး မျော်

တော်ဆက်ခဲ့ဖူးသည့် ကျွန်တော်၏ဦးဆောင်မှုနှင့် မကောင်းသော လူမှုကယ်ဆယ် ပြုစုပျိုးထောင်ရေး စခန်းလေးတွင် သမိုင်းဝင်အဖြစ်အပျက်ခဲ့များ ဖြစ်ခဲ့ဖူးသော လူသားများ အကြောင်းစွာ တွေ့ဆုံကြရတော့မည်။ သေလျှင် မည်သည့်ပစ္စည်း ကိုမှ ယူဆောင်မရနိုင်ခြင်းကို သိသော်လည်း လူ့သဘော လူ့မနောအရ ငွေရှိလျှင် ငွေဂုဏ်၊ အာဏာရှိလျှင် အာဏာဂုဏ်ဖြင့် သိမ်းသွင်းဖြားယောင်းတတ်ခြင်းများ ကို ရှောင်ကြဉ်နိုင်တော့မည်။

မေတ္တာသက်သက်ဖြင့် ရောဂါသည် ယောက်ျားတစ်ယောက်၏ ဘဝ တစ်ခုလုံးကို ကောင်းမွန်စွာသိမ်းသွင်း ပျိုးထောင်ပေးခဲ့သော ချစ်ဇနီးလေး ပိုးသစ္စာ၏ သန့်ရှင်းသော ဂုဏ်ကျေးဇူးကို ထာဝရဦးညွှတ်မိပါတော့သည်။

ကန်ချေပြင်ဆိုတာ ဂယက်ထမှာပဲ
ကြမ္မာဆိုတာက အတက်အကျရှိတာပေါ့
ဘဝဆိုတာ အလိုလို ခါးပြီးသားမို့
အလိုက်သင့်စီးမျောတတ်ဖို့ သင်ယူကြိုးစားရင်း
နစ်မြုပ်သွား ဆိုက်ရောက်သွားတဲ့
လှေပေါင်းကလည်း များခဲ့ပေါ့
ဖြူစင်စိတ်ထား သစ္စာများနဲ့
လောကဓံတရားကို
ရိုးသားစွာ
လှော်ခတ်ကြပါလို့ တိုက်တွန်းရင်း ...။

*မန္တလေးချစ်စိတ် မန္တလေးပုံရိပ် စာပေအနုပညာမဂ္ဂဇင်း*
*အတွဲ ၁၊ အမှတ် ၃၊ ဇန်နဝါရီလ၊ ၂၀၁၅။*

## ကျားမာယာ

အခန်း ၁

'ဘာ ...ကာမဆန္ဒမပါဘဲ သုံးယောက်အတူတူနေမယ်၊ ဟုတ်လား မောင်။ မောင့်စိတ်ဆန္ဒတွေ ခေတ်မဆန်လွန်းဘူးလား'

ကျွန်မ မည်မျှအံ့ဩစိတ်ဖြင့် စိတ်ဆိုးနေစေကာမူ မောင်ဆိုသည့် စကားလုံးကို သုံးမိနေသေးသည်။ ကျွန်မ မောင့်အား အသည်းနှင့်အောင် ချစ်သဖြင့် အချို့သောကိစ္စများကို ထိုက်သင့်သလောက် သဘောထားကြီးပေးခဲ့သည်။ နောက်ဆုံး ကျွန်မ မဟုတ်သည့် တစ်ပါးသောမိန်းမဖြင့် ကွယ်ရာတွင် ဖောက်ပြန်နေခြင်းကိုပင် မောင့်အား ယုံကြည်စိတ်ဖြင့် ခွင့်လွှတ်ပေးခဲ့ဖူးသည်။ ယခုကာ လိုသည်ထက်ပိုသော အတင့်ရဲမှုဖြင့် ကျွန်မ၏ သည်းခံနိုင်မှုအား မောင်နှင့် သူ့မယားတို့ သွေးတိုးစမ်းလေပြီ။

မောင်နှင့် လက်မထပ်မီက မောင့်အချစ်တွေကို ကျွန်မ ရခဲ့သည်။ ပိုင်ဆိုင်ခဲ့သည်။ အိမ်ထောင်၏ ပထမနေ့ရက်များသည် ကျွန်မဘဝအတွက် သုခဘုံတစ်ခုအဖြစ် မောင့်အချစ်တွင် ပျော်ဝင်ခဲ့သည်။ နှောင်းပိုင်း အိမ်ထောင်သက်ရက်မှလ၊ လမှနှစ်သို့ အလီလီပြောင်းသွားသောအချိန်တွင် ယောက်ျားဟူသော အမျိုးအနွယ်၏ ဖောက်ပြားတတ်သောသဘောကို လောကကြီးက ကျွန်မအား သင်ခန်းစာပေး၏။ ထိုအကြောင်းအရာ၏ အဓိကတရားခံက သားသမီးမရခြင်းဟူသော စကားလုံးက ကျွန်မနှင့် တိုက်ရိုက်ပတ်သက်လာခြင်းကြောင့်ပင် ဖြစ်သည်။

'ရှေ့ကြာ ...နှင့်ယောက်ျားကို တခြားကောင်မလေးနဲ့ တွေ့လိုက်တယ်'

သူငယ်ချင်း အရင်းခေါက်ခေါက်နှင့် ပတ်ဝန်းကျင်မှ စကားများကို ကြိမ်ဖန်များစွာ ကြားနေရစေကာမူ ကျွန်မ မောင့်ကို သံသယအနည်းငယ်မှ မဖြစ်မိ။ မောင့်အချစ်၊ မောင့်အကြင်နာ၊ မောင့်အယုအယတွင် ကျွန်မ ပျော်ဝင်ရှင်သန်နေမိဆဲပင် ဖြစ်သည်။ မောင်က ကျွန်မကို အရမ်းချစ်တာ၊ အရမ်းကြင်နာတာ၊ အရမ်းမြတ်နိုးတာ စသည်ဖြင့် မောင့်ဘက်မှ ကာကွယ်ခဲ့သော စကားလုံးများက မောင့်အပြုအမူ၏ မာယာများဖြစ်နေခြင်းကို ကျွန်မ ရိပ်မိသိရှိခြင်း မရှိခဲ့။

ကျွန်မအား မောင် အလွန်အကျွံ ယုယနေလျက်ကပင် ဖောက်ပြန်ခြင်းအမှုကို မောင် ပြုသည်။ ထိုအခါမှ ကျားတို့၏မာယာသည် အလွန်ကြောက်ရွံ့ဖွယ်ကောင်းမှန်း ကျွန်မ သိခွင့်ရသည်။

'မောင် ... သူများတွေ ပြောနေကြတယ်'

ဘာဘာညာညာဖြင့် ကျွန်မ မေးလေသည့်အခါတိုင်း မောင်သည် ဘယ်သောအခါမှ ဝန်မခံဘဲ သူ၏ကျွမ်းကျင်လှသော အပြုအမူတချို့ဖြင့် ကျွန်မ၏ စကားလုံးများကို ပျောက်ကွယ်သွားအောင် စွမ်းဆောင်တတ်သည်။ ထိုအရာသည် ကား မိန်းမတစ်ယောက်၏ ယုံကြည်တတ်လွန်းသော အချစ်စိတ်၏ အပြစ်ပင် ဖြစ်သည်။ ကျွန်မ၏ သားသမီးရတနာ မရရှိနိုင်ခြင်းအပေါ် မည်သည့်သဘောထား မှတ်ချက်မှမပေးဘဲ တိုက်ခိုက်ခြင်းမပြုခြင်းက ကျွန်မအတွက် စစ်မြေပြင်တစ်ခု ဖြစ်မှန်းမသိ ဖြစ်နေ၏။

မောင်က သူ၏တိုက်ကွက်ကို ထိုးစစ်အဖြစ်အသုံးချရန် နောက်သို့ တစ်လှမ်း ဆုတ်ထားခဲ့သည်။ ပတ်ဝန်းကျင်အသိုင်းအဝိုင်းတွင် လူပြောသူပြောများ လာမှ ကျွန်မ စုံစမ်းမိသောအချိန်တွင် ကျွန်မ ပိုင်ဆိုင်ထားသော အကြင်နာတရားများကို စုပ်ယူအသုံးချနေသော အမျိုးသမီးတစ်ယောက်ရှိမှန်း သိခွင့်ရသည်။ ထိုအရာသည် ပူလောင်လွန်းလှသည်။ ထိုသို့သောခံစားချက်ဖြင့် နှလုံးအိမ်အား လောင်မြိုက်ခြင်းသည် လောကငရဲပင် ဖြစ်သည်။

'ညည်းနှယ်အေ ... ရုပ်ကလေးမှ အားမနာ။ သူများလင်ကို ကြောင်တောင်နှိုက်တာ ကောင်းတဲ့အလုပ် မဟုတ်ပါဘူး'

ကျွန်မက မျက်နှာကိုသေချာပြုံးပြီး ပြောလိုက်သည်နှင့် သူမက ကျွန်မကို အံ့သြစွာကြည့်သည်။ ကျွန်မနှုတ်ဖျားမှ မိန်းမချင်း ကိုယ်ချင်းမစာနာသော စကားလုံးများက မစာမနာ ထွက်လာသည်။ ထိုသို့သောစကားများသည် မောင့်အချစ်အပေါ် သဝန်တိုတတ်သောစိတ်ကြောင့် ဖြစ်ခြင်းကိုမှ ရှင်းပြရန် မလိုလောက်ပေ။ မိမိ၏အပူမီးကြောင့် မည်သူ့ကိုမှ ကိုယ်ချင်းစာချင်စိတ်မရှိ။ ကျွန်မကို မောင် ယုယသလို၊ ကျွန်မကို မောင် မြတ်နိုးခဲ့သလို၊ ကျွန်မကို မောင် ... ... ... စသည့် အတွေးပေါင်းစုံက စိတ်၏အတွင်းသို့ ဝင်ရောက်လာသောအခါ အသံစုံသော ဘီလူးဆိုင်းတို့သည် ကျွန်မအတွက် ကကွက်ဆန်းကို ကစေ

တော့သည်။

'ကြောင်တောင်နိုက်တာ မဟုတ်ပါဘူး ရှင်ရယ်။ ဘယ့်နှယ် ... သူများ သားသမီးကို အိမ်ပေါ်ထိတက်ပြီး စော်ကားနေရတာလဲ။ ရှင်လို အမြိုမ တစ်ယောက်ကို ပိုင်ဆိုင်ထားတဲ့ မောင့်ဘဝကိုစာနာလို့ ကျွန်မ မောင့်အချစ်ကို လက်ခံလိုက်တာ'

သူမထံမှ အမြိုမဆိုသည့်စကားသံကို ကြားလိုက်ရသည်နှင့် မောင်နှင့် သူမ၏ ပတ်သက်မှုကို ကျွန်မ သေချာသိလိုက်ပြီ ဖြစ်သည်။

'ရှင် မပေးနိုင်တဲ့ သာယာခြင်းတွေ၊ ပျော်ရွှင်ခြင်းတွေ ဘဝရဲ့အနှစ်သာရ ပြည့်ဝတဲ့ သားသမီးတွေ ကျွန်မ ဖန်တီးပေးနိုင်တယ်လေ။ အိမ်ထောင်ရှိတဲ့ ယောကျ်ားတစ်ယောက်နဲ့ ပုန်းလျှိုးကွယ်လျှိုး ဖောက်ပြန်နေတာမှ မဟုတ်တာ။ စောင့်ထိန်းသင့်တာကို နားလည်ပေမဲ့ ကျွန်မလည်း မောင့်ကိုချစ်လို့ ကိုယ့်ဘဝ တစ်ခုလုံးကို မောင်ပျော်ရွှင်မှုအတွက် လေ့ကားတစ်ခုလို အသုံးချခံလိုက်တာ'

သက်သေခိုင်ခိုင်မာမာဖြင့် သူမက မောင့်ကို ချစ်ကြောင်းကို ဖော်ထုတ်ပြနေလေပြီ။

'အမှန်ဆို ရှင်က ကျွန်မကို ဂုဏ်ပြုရဦးမှာ။ မကြာ ...'

ကျွန်မ သူမ၏စကားကြောင့် အသားများ တဆတ်ဆတ်တုန်သည်အထိ စိတ်တိုမိသည်။ စော်ကားလိုက်တာ။ ကာမပိုင်ရှိသော လင်ယောကျ်ားကို ကြောင်တောင်နိုက်ရုံ အားမရဘဲ ကျွန်မကတောင် သူမကို ဂုဏ်ပြုရဦးမယ် ဆိုပါလား။

'ဘာတဲ့ ... ငါက မင်းကို ကျေးဇူးတင်ပြီး ဂုဏ်ပြုရဦးမယ်၊ ဟုတ်လား။ လင်ခိုးမရဲ့'

ကျွန်မ၏ 'လင်ခိုးမ'ဆိုသည့် အသုံးအနှုန်းကြောင့် သူမ စိတ်ဆိုးသွားပုံရသည်။ ကျွန်မကို စားမတတ် ဝါးမတတ် မျက်လုံးများဖြင့် ကြည့်သည်။ အခုချိန်တွင် မောင့်ကိုချစ်သည့်စိတ်ကြောင့် မည်သည့်ကိစ္စကိုဖြစ်စေ ပြုမူရန် ဝန်မလေးသော စိတ်နှင့် ခန္ဓာကိုယ် ပိုင်ဆိုင်နေသည်။ အချစ်သည် စွမ်းအားကြီးပြီး အချစ်ကို တပ်မက်တတ်သော နှလုံးသားသည် စိတ်၏စေရာအတိုင်း ဆုံးဖြတ်ချက်ချရန် အဆင်သင့်ဖြစ်နေပြန်သည်။

အမှန်တော့ ကျွန်မသည် ကျွန်မသူငယ်ချင်းတချို့၏ ကူညီပေးမှုဖြင့် သူမအတွက် မောင်ဝယ်ပေးထားသောတိုက်ခန်းသို့ ပြေလည်ခြင်းအလို့ငှာ ရောက်လာခြင်း ဖြစ်သည်။ သို့သော် တိုက်ခန်းတွင် အလှချိတ်ထားသော မောင်နှင့် သူမ၏ မင်္ဂလာဆောင်ပုံဘွာ်က် တတ်ပုံသည် ကျွန်မအတွက် သည်းခံနိုင်စွမ်းတို့အား လုံးဝနစ္စတ္တိဖြစ်အောင် ယူဆောင်သွားသည်။ တစ်ပါးသူစကားတွင် ကျွန်မ သည်းခံနိုင်မည်ထင်သော အရာများသည် လက်တွေ့နှင့် ကွာခြားလွန်း

လှသည်။ တိုက်ခန်းသို့ဝင်စဉ်က ပြေလည်စွာ အသံမကြားအောင် စာနာစွာ ပြောမည်ဟု တွေးပြီး တံခါးဂျက်ကိုပင် ကျွန်မ သေချာစွာ ပိတ်ထားခဲ့သည်။

ခုတော့ ထိုသို့ဂျက်ထိုးထားသော တိုက်ခန်းသည် ကျွန်မနှင့် မောင်၏ ချစ်သူတို့အတွက် လင်လုခြင်းစစ်ပွဲအတွက် သလင်းစစ်စစ် ဖြစ်လေပြီ။ ကျွန်မ ဆံပင်ကို သေသပ်စွာ ပြန်ထုံးလိုက်သည်။ ပြီးနောက် လုံချည်ကို အနည်းငယ် တင်းရင်းအောင် ပြန်ပြင်ဝတ်သည်။ ကျွန်မကို မင်္ဂလာဦးအမှတ်တရအဖြစ် မောင် ဝယ်ပေးထားသော ရွှေထည်လက်ကောက်နှစ်ကွင်းကို အသာချွတ်ပြီး အိတ်ထဲသို့ ထည့်လိုက်သည်။ မည်သည့်ကိစ္စကြောင့်ဖြစ်စေ မောင် ဝယ်ပေးသောပစ္စည်းများ ပွန်းပဲ့တွန့်လိမ်သွားခြင်း မဖြစ်စေလို။

ကျွန်မ၏ လှုပ်ရှားမှုအားလုံးကို သူမကလည်း မျက်တောင်မခတ်ဘဲ ကြည့်သည်။ မည်သို့ပင်ဆိုစေကာမူ မြွေမြွေချင်း ခြေမြင်လေပြီ။ သူမသည်လည်း တံတွေးတစ်ချက်ကို ခပ်တင်းတင်းမျိုချပြီး ကျွန်မ၏မျက်လုံးများသို့ ပြူးမြဲမြဲဖြင့် စိန်ခေါ်လေသည်။ သူမနှင့် ကျွန်မ မကြာမီအချိန်အတွင်း လုံးထွေးသတ်ပုတ်ရန်အတွက် အခြေနေအားလုံးက အဆင်သင့်ဖြစ်နေ၏။ ကျွန်မ သူမ၏ အနားသို့ တဖြည်းဖြည်း အပြုံးလေးဖြင့် ကပ်သွားသည်။

ကျွန်မ၏ခြေလှမ်းများကိုလည်း သူမက အသင့်အနေထားဖြင့် စောင့်ကြို နေသည်။ မိန်းမနှစ်ယောက်၏ရန်ပွဲတွင် ဆံပင်သည် အရေးဖြစ်မှန်း ကျွန်မ သိသည်။ ဆံပင်ကို ထိန်းချုပ်ခံလိုက်ရလျှင် ထိုရန်ပွဲ၌ ထိန်းချုပ်ခံအမျိုးသမီး သည် ရှုံးရန် သေချာနေသည်။ ထိုကြောင့် ကျွန်မ ဆံထုံးကို သေချာပြင်လိုက်ခြင်း ဖြစ်သည်။ သူမရှေ့ရောက်သည်နှင့် ကျွန်မ ဖြန်းဆို သူမကို ဆောင့်တွန်း လိုက်သည်။ ကျွန်မ ထင်သည့်အတိုင်းပင် သူမက ကျွန်မဆံပင်ကို လှမ်းကိုင် သည်။ သေချာပေါက် ဒါမျိုးလုပ်လာနိုင်သည်ဟု တွေးမိသဖြင့် ရှောင်လိုက်နိုင်၍ တော်သေးသည်။

ဧည့်ခန်းတစ်ခုလုံးသည် ကျွန်မတို့နှစ်ယောက် လုံးထွေးသတ်ပုတ်ခြင်းဖြင့် ပွစိခတ်ကုန်ပြီ။ နှစ်ယောက်စလုံးကလည်း အရွယ်တူ၊ ဆိုက်တူကိုက်တူ၊ အားတူ မာန်တူ ဖြစ်သည့်အတွက် သူမသာ ကိုယ်မသာပင် ဖြစ်နေသည်။

ကျွန်မ၏လက်ချက်ကြောင့် သူမ၏ တချို့တစ်ဝက်သော အင်္ကျီအဝတ် အစားများ ဆုတ်ပြဲခြင်းကိုရောက်သကဲ့သို့ သူမ၏လုပ်ဆောင်ချက်ဖြင့်လည်း ကျွန်မသည် လုံချည်ဖြင့်ကင်းကွာခြင်းအဖြစ်သို့ ရောက်သည်။ နှစ်ဦးစလုံးသည် မောရကောင်းမှန်းလည်း မသိသလို ပန်းရမည်မှန်းလည်း မသိ။ အချစ်တဏှာ ကိလေသာ၏ လောင်မြိုက်တတ်ခြင်းသည် အမုန်းပွားခြင်းကို ကြီးထွားစေသည်။ ခုချိန်တွင် အရှက်ဆိုခြင်းကလည်း နတ္ထိ။ ကျွန်မမျက်လုံးထဲတွင် ခုလိုပွဲမျိုးလေးမှ မနိုင်လျှင် ဆိုသောအသိနှင့် ငါက မယားကြီးဟူသည့် မာနတရားက လွှမ်းမိုးနေ

သည်။

တစ်စတစ်စဖြင့် ကျွန်မ၏နှုတ်ဖျားမှ ကြမ်းတမ်းသောစကားလုံးများက အဆက်မပြတ် ထွက်လာသည်။ အပြုအမူကြမ်း၊ အပြောကြမ်းဖြင့် ဖြစ်ပွားသော ရန်ပွဲသည် မောင်၏အချစ်အတွက် တိုက်ပွဲဖြစ်ကြောင်းကို သိလေလေ ဝိုမို ဆိုးရွားကြမ်းတမ်းလာလေလေ ဖြစ်နေသည်။ ကျွန်မစကားများနှင့်ထပ်တူ သူမ သည်လည်း အပုပ်နံ့သင်းသော စကားလုံးရှုရှုလေးများကို ကျွန်မနှင့် လုံးထွေး ရင်း အဆက်မပြတ် ပြောနေသည်။

မယားကြီးက အငယ်ကို အနိုင်ပေးပြီး ပြန်ရမည်ဆိုလျှင် ခေတ်အဆက် ဆက်မှ အကြီးတို့၏ရာဇဝင် ရိုင်းလိမ့်မည်။ ကံကောင်းစေမည်လား။ ကံဆိုး စေမည်လား မသိသော ကံကြမ္မာက ကျွန်မအတွက် ဖြစ်လာသည်။ တစ်ယောက် တစ်ပြန်စီ လုံးနေသောအချိန်မှ ကျွန်မ သူမကို အနိုင်ရလာသည်။ နောက်ဆုံး သူမ မည်သို့မှမလုပ်နိုင်အောင် အပေါ်မှ ချုပ်ကိုင်လိုက်သောအချိန်တွင် မောင့် မျက်နှာ၊ မောင့်အပြုံးများအား အပိုင်သိမ်းမည့်ကောင်မ ဟူသော အတွေးဆိုး များက တဖွားဖွားပေါ်လာသည်။

ထိုနောက် မောင်နှင့် သူမ၏ ပျော်ရွှင်ကြည်နူးနေမည့် အိမ်ထောင်ရေး မြင်ကွင်းများ မျက်စိထဲသို့ ဝင်ရောက်လာသောအချိန်တွင် ကျွန်မနှလုံးသားသည် ကြင်နာမှုကင်းမဲ့စွာ စားပွဲပေါ်မှကျနေသော ပန်းအိုးအကွဲကို ကိုင်မိလျက်သား ဖြစ်နေသည်။ မောင်နှင့် ကြည်စယ်နေသော နီးနီးခစ်ခစ်အသံများကို တွေးမိ လိုက်သောအခါတွင် နှလုံးသားမှ သဝန်တိုမှုအား နာကျင်ခြင်းအဖြစ်သို့ပြောင်း၍ သူမ၏ဦးခေါင်းသို့ အားထည့်ပြီး လွှဲရိုက်လိုက်သည့်အချိန်တွင် နီရဲပူနွေးသော သွေးတို့က ကျွန်မ၏မျက်နှာသို့ လာရောက်မိတ်ဆက်သွားသည်။

## အခန်း ၂

'ကြာ . . . မထသေးဘူးလား။ မနက်မိုးတော်တော်လင်းနေပြီ'

နားထဲသို့တိုးဝင်လာသော အသံနှင့် မောင့်အနမ်း မွှမွှလေးက ကျွန်မပါးကို သာထိသည်။

'ဘုရား . . . ဘုရား . . . အိပ်မက်မက်နေတာပါလား'

ကျွန်မ မည်မျှစိတ်စွဲလမ်းနေသည် မသိ။ ကျွန်မ သိထားသည့် မောင်နှင့် နှင်းခရေတို့၏ ဇာတ်လမ်းသည် ကျွန်မအတွက် အမြဲပင် စိတ်ချောက်ချားစေ သော အိမ်မက်ကို ပေး၏။ မောင်က ကျွန်မကို သေချာကြည့်ပြီး . . .

'ဒီအချိန်ထိ မထမှတော့ အိပ်မက်မက်နေပြန်ပြီလား ကြာ။ ထတော့။ မောင် မနက်စာပြင်ထားပြီးပြီ'

မောင်ကပြောပြီး အကျီဝတ်ရန် အဝတ်ဗီရိုသို့ သွားလေသည်။ ကျွန်မ

သွေးနှင့်တူသော ပူနွေးခြင်းတို့က မောင်၏ ရေချိုးထားသော ကိုယ်ခန္ဓာအပူရှိန်ဖြင့် မောင့်နှုတ်ခမ်းမှ အသက်ဝင်လာကြောင်းကိုသိလျှင် ရင်အနည်းငယ် ရှိုက်ဖိုလာပြန်သည်။

ကျွန်မ ထိုသို့ အိပ်မက်ညများနှင့် ဖြတ်သန်းနေရခြင်းသည် မောင်၏ ခွဲမက်ဖွယ်ကောင်းသော အပြုအမူလေးများနှင့် သာယာဖွယ်ကောင်းသော အသံလေးများကို စွဲလမ်းပိုင်စိုးလိုစိတ်ကြောင့်ပင် ဖြစ်လိမ့်မည်။

'ကျွန်မ မောင့်ကို အရမ်းချစ်တယ်'ဟု စိတ်ထဲတွင် အော်လိုက်ပြီး အဝတ်ရွေးနေသော မောင့်ကျောပြင်သို့ ပြေးဖက်လိုက်သည်။

'မောင် ...'ကြာ့ကို ချစ်လားဟင် ...'

ကျွန်မစကားကို မောင်က အံ့ဩဟန်ဖြင့် ...

'ချစ်လို့ လက်ထပ်ထားတာပေါ့။ ဘာလို့ ခုမှ ဒါတွေလာမေးနေတာလဲ'ဟု မေးပြီး ဒုတိယပွဲ နမ်းရှိုက်ပြန်သည်။ မောင်၏ ကြင်နာတတ်သော အနမ်းများက ကျွန်မအတွက် နှစ်သိမ့်မှုများဖြစ်နေစေသည်။

'ဘာကိစ္စပဲဖြစ်ဖြစ်၊ ဘယ်အချိန်ပဲဖြစ်ဖြစ်၊ ဘာတွေပဲဖြစ်ဖြစ် ကြာက မောင့်ရဲ့ ထာဝရအိမ်သူပါ။ ပြီးတော့ ကြာက သဘောထားကြီးပြီး စိတ်ရင်းကောင်းလို့ မောင် ပိုမြတ်နိုးတာပေါ့'

ကျွန်မအား နမ်းရှိုက်ရင်း ပြောလာသည့် မောင့်စကားသံများကို ကြားမိလျှင် ကျွန်မက ...

'ပြောဆို နှစ်သိမ့်တတ်လိုက်တာ မောင်ရယ် ...'

ကျွန်မ ဒီစကားသံချိုချိုလေးတွေကြောင့် စိတ်လျှော့လိုက်ရပေါင်းကလည်း များပေါ့မောင်ရယ်။ မောင်သည် စကားဖြင့် ညို့၏။ အပြုအမူဖြင့် ထိန်းချုပ်၏။ ထိုသို့ဖြင့် မောင်၏ ဒုတိယမြောက်မယားလေး ကိစ္စသည် ကျွန်မနှုတ်မှ မဖွင့်ပြောရက်အောင် မောင့်အပြောလေးများမှာ သာယာမိ၏။ မောင်သည် ကျွန်မကို ပညာရှိဆန်သော စကားလုံးများဖြင့် ပြောပြီး ...

'ကြာ ... မောင် မနက်စာပြင်ထားတယ်။ မျက်နှာမြန်မြန်သစ်ပြီး ဆင်းခဲ့တော့'ဟုဆိုကာ အောက်သို့ဆင်းသွားသည်။

အောက်က စောင့်မယ်ဆိုသည့် စကားလုံးသည် သဘောတရားအားဖြင့် အဓိပ္ပါယ်ဆန်သည်။ သို့သော် ထိုစကားကို ကျွန်မ မြတ်နိုးနေပြန်သည်။ ထို့ကြောင့် မျက်နှာကို မြန်မြန်သစ်ပြီး မောင် စောင့်နေမည့် မနက်စာဝိုင်းသို့ ကျွန်မ အပြေးကလေး ဆင်းသွားမိသည်။ ကျွန်မတွင် အရင်အချိန်ကလို တည်ငြိမ်ခြင်း။ အေးဆေးခြင်းနှင့် တချို့သောမာနတရားသည် မောင်နှင့် နှင်းခရေတို့ဇာတ်လမ်းကို သိပြီးသည့်နောက်ပိုင်း ရှိုးသားစွာ ပျောက်ကွယ်သွားသည်။ မောင့်တွင် ကျွန်မ မဟုတ်သော အခြားမိန်းကလေးရှိသည်ဟု တွေးမိလေလေ ကျွန်မသည် အချစ်

ရှုးပြီး ပုံစံလုံးလုံးပြောင်းသွားတော့သည်။ ထိုအရာကာ လင်ယောက်ျားအား မစွန့်လွှတ်နိုင်သော အချစ်စိတ်တည်း။

မောင် ငှဲ့ပေးသော လက်ဖက်ရည်နှင့် မောင် ဖဲ့ပေးသော ကိတ်မုန့်လေး များကို စားသုံးနေရခြင်းသည်ပင် ကျွန်မအတွက် လောကကြီးမှပေးနေသော အခွင့်အရေးပင် ဖြစ်လိမ့်မည်။ မောင့်တွင် တခြားသူ ရှိနေသလားဟူသည့် စကား ကိုမူ ကျွန်မနှုတ်ဖျားမှ ဘယ်တော့မှထွက်မည်မဟုတ်။ ကျွန်မကြောင့် မောင့်ကို စိတ်အနှောင့်အယှက် လုံးဝမဖြစ်စေလို။ မောင်၏ မာယာစကားလုံးများကို သိ လျက်နှင့်ပင် အလိမ်ခံချင်နေမိသည်။ မနက်စာစားပြီးသည့်နောက် မောင်သည် ကုမ္ပဏီသို့ အလုပ်သွားတော့သည်။

ပြောသာပြောရသည်။ မောင် အမှန်တကယ် အလုပ်သို့သွားသေးမည် မဟုတ်။ ကျွန်မနှင့်အပြိုင် နှင်းခရေထံသို့ လင်ယောက်ျားတစ်ယောက်၏ ဝတ္တရား များကို မောင် သွားဖြည့်ဆည်းပေးပေဦးမည်။ မည်သို့ပင် ဆိုစေကာမူ ကျွန်မအား အကြီးနေရာမှာ ဆက်လက်ရှင်သန်နေထိုင်ခွင့်ပြုပြီး လင့်ဝတ္တရားများ ကျေပွန် နေခြင်းမှု ဟုတ်ဟုတ်၊ မဟုတ်ဟုတ် ကျေးဇူးတင်နေရမည် ဖြစ်သည်။ ဤအရာ ကား အိမ်ထောင်ရှင်မတစ်ဦး၏ လင်ယောက်ျားအပေါ်ထားသော မေတ္တာပင် ဖြစ်သည်။

မောင် ထွက်သွားပြီးမှ ကျွန်မ၏ ညတာရှည်အိပ်မက်ကို ပြန်စဉ်းစားမိ သည်။ ကျွန်မ၏ မသိစိတ်တွင် နှင်းခရေအပေါ် ကျွန်မနှင့်အပြိုင်တစ်ယောက် အနေဖြင့် နာကျည်းစိတ် မြစ်ဖျားခံနေသည်။ အိပ်မက်ထဲကအတိုင်း သွားတွေ့ပြီး ထိုသို့ပြုမူမိလျှင် မောင် စိတ်ဆိုးစိတ်ပျက်ပြီး ကျွန်မအား ဥပေက္ခာပြုသွားမည် ကိုမူ ကျွန်မ သေမလောက် ကြောက်သည်။ မောင် စိတ်ကုန်ပြီး ကျွန်မအား ထားသွားလျှင် ကျွန်မသည် လောကအလယ်တွင် မေတ္တာတရားချို့တဲ့စွာ ရှင် သန်သွားရနိုင်သည်။ အချစ်အား တမ်းတတတ်ခြင်းသည် စိတ်၏ဒုက္ခအား မှု ပန်စွာ ပေးလေသည်။

မောင့်အား သစ္စာမရှိသောသူအဖြစ် ကျွန်မ မသတ်မှတ်နိုင်။ ဖောက် ပြန်တတ်ခြင်းကိုက သစ္စာတရားဟုတ်လား မောင် ...ဟု မေးပြီး ...

'ကျွန်မမှာ မောင်နဲ့ပတ်သက်ပြီး တာဝန်မကျေခဲ့တာ ရှိသလား။ စီးပွားရေး လူမှုရေး၊ အိမ်ထောင်ရေး အားလုံးအားလုံးက မောင် ကြိုးဆွဲရာအတိုင်း ကခဲ့ တာပါ။ ဖောက်ပြန်တတ်တဲ့ သဘောတရားကို ဆင်ခြင်နိုင်ပေမဲ့ ဖောက်ပြန်သွား တဲ့ ရှင့်ကိုတော့ ကျွန်မ ...'လို့ တွေးမိရင်လည်း အဆုံးသတ်သည် ချစ်တယ် ဆိုသည့်စကားပင် ဖြစ်လိမ့်မည်။ မောင်နှင့် နှင်းခရေတို့၏ ဇာတ်လမ်းကို ကျွန်မ သိချိန်တွင် စိတ်ရိုင်းများစွာ ဝင်ဖူးသည်။ ထိုမိန်းမကိုလည်း နာမည်ကို ပင် မတွေးချင်လောက်အောင် ရွံရှာဖူးသည်။ သို့သော် ထိုမိန်းမနှင့်ပတ်သက်

သော မောင့်ကိုမူ လုံးဝအပြစ်မမြင်မိ။

ထိုအရာအား အချစ်ဟု မသုံးနှုန်းလျှင် မည်သည့်အရာသည် သိက္ခာကြီးမားသော အချစ်ဟု ခေါ်မည်နည်း။ ကျွန်မအတွက် မောင် အလုပ်နှင့် အပြင်တွင် အိပ်မည်ပြောသော နေ့ရက်များသည် လောက၏တကယ့်ငရဲပင် ဖြစ်သည်။ ထိုနေ့များတွင် ကျွန်မ၏ မက်လေ့မက်ထရှိသော ပန်းအိုးအိပ်မက်သည် ပိုမိုပြင်းထန်စွာ မက်တတ်သည်။ ထိုအရာကိုတော့ မောင် သိမည်မဟုတ်။ ထိုနေ့ရက်များတွင် မောင်သည် နှင်းခရေဟူသော မိန်းမ၏ ရင်ခွင်ချိုမြမြတွင် ပျော်ရွှင်စွာ နိုးနားနေလိမ့်မည်။

ညသန်းခေါင် လရောင်စမ်းသော လေပြည်သံလေးတွေနှင့် နှင်းခရေ ရင်ခွင်တွင် ခေါင်းမှီပြီး ကြယ်လေးတွေကို ရေတွက်နေလောက်သည်။ မောင်သည်လည်း စိတ်ပျော်ရွှင်ဖွယ် အချစ်သီချင်း တချို့တစ်ဝက်ကို ဆိုညည်းနေပေလိမ့်မည်။ ထိုသို့တွေးမိလေတိုင်း လက်အစုံက ပူပင်မှုများကို ကျွန်မအား သက်သာစေမည့် အိပ်ဆေးပုလင်းကိုအသာ လှမ်းမိလေသည်။

မောင့်အား ချစ်သည်။ ခင်သည်။ မြတ်နိုးသည်။ တန်ဖိုးထားသည်။ထို့အတွက် မောင် မြတ်နိုးခုံမင်နေသော နှင်းခရေကို တန်ဖိုးထားနိုင်ရန် ကြိုးစားထားသည်။

* * *

မိုးသားတိမ်တိုက်တို့သည် မည်းမှောင်ညို့နေသည်။ တိမ်ဖြူညိုပြာတို့ကို အနက်ရောင် ဖဲသားတို့က လွှမ်းမိုးထားသည်။ ဪ ...မိုးအေးသောနေ့ ပါလား။ အခန်းတံခါးက အနည်းငယ်ဟနေသည်။ ဒီတိုက်ခန်းလေးကိုလာဖို့ ကျွန်မ အကြိမ်ကြိမ် ကြိုးစားဖူးသည်။ နောက်ပိုင်းတွင် မောင့်အား ချစ်စိတ်ဖြင့် အရာအားလုံးကို သည်းခံတော့မည်ဟု ဆုံးဖြတ်ပြီး မောင့်သတင်း မှန်သမျှကို လျစ်လျူရှုလိုက်သည်။

မောင် ပေးလာမည့် အကြင်နာများကို မောင် မစွန့်ခွာသွားမီ အကုန်ရအောင် နေထိုင်မိသည်။ တွယ်တာတတ်သော မိန်းမတစ်ယောက်၏ အကြင်နာ ချစ်ခြင်းတို့သည် ကြည်ဖြူတတ်သော ယောကျ်ားမာယာတွင် ထူးခြားစွာ ပျော်ဝင်သွားသည်ကတော့ အမှန်။ တစ်ချိန်ချိန် ကျွန်မအား ထားသွားသော အချိန်တွင် တစ်သက်စာ မောင့်အချစ်များရရှိနေဖို့ ကျွန်မ အရာအားလုံးထက် သဘောထားကြီးပေးထားသည်။

အချစ်သည် ပေးဆပ်ခြင်းမဟုတ်သော်လည်း ထားရှိအပ်သော မေတ္တာတရားသည် အသွားအပြန်ရှိမည်ဟု ကျွန်မ ယုံကြည်နေသေးသည်။ တံခါးကို အသာဖွင့်ပြီး ဝင်လိုက်သည်နှင့် ကျောပေးပြီးထိုင်နေသည့် အမျိုးသမီးကို တွေ့လိုက်ရသည်။ သူမသည် နှင်းခရေပင် ဖြစ်သည်။ ကျွန်မ ခြေသံဖွဖွကြောင့် သူမ

ကျွန်မဘက်သို့ လှည့်ကြည့်သည်။

သူမပုံစံသည် ကျွန်မ ရောက်လာခြင်းကို အံ့ဩဟန်မရှိ။ တစ်နေ့နေ့တွင် ရောက်လာမည်မှန်း မျှော်လင့်ထားပုံရသည်။ သူမ ခန္ဓာကိုယ်တစ်ခုလုံး ကျွန်မဘက် လှည့်လာသည့်အချိန်တွင် အံ့ဩပြီး မှင်တက်သွားသူက ကျွန်မ ဖြစ်သည်။ နှင်းခရေ လက်ထဲတွင် ကလေးငယ်လေးကိုထွေးပွေ့ပြီး နို့တိုက်နေသည်။ ကျွန်မ ကလေးငယ်မျက်နှာအား အသေအချာကြည့်လိုက်သည်။ မျက်လုံး။ မျက်ခုံး။ နှုတ်ခမ်း။ နဖူး ...

'အို ... ဘုရားသခင်။ အစိတ်အပိုင်းအားလုံးက မောင်မှ မောင်အငယ်စားလေးပါလား'

အခန်း ၃

ကျွန်မနှုတ်များမှ အသံတချို့ထွက်သွား၏။ နောက် ကလေးကို သေချာကြည့်မိပြန်တော့ ကလေးငယ်လေးက ကျွန်မကိုပြုံးပြကာ လက်ကိုလှုပ်ပြီး ခေါ်ဆိုသည့်ပုံစံ လုပ်နေသည်။ အပြုံးသွဲ့သွဲ့လေးမှာ ပါးချိုင့်လေးနှစ်ခုပင် ပါနေသေးသည်။ တစ်ခါတစ်ခါ ကျွန်မ မောင့်ကို စိတ်ကောက်သည့်အချိန်တိုင်း မောင်က ထိုသို့ ပုံစံတူသောအပြုံးမြမြဖြင့် ချော့မြူတတ်သည်။ ကျွန်မ မသိစိတ်တွင် မောင်သေးသေးလေးကို ပွေ့လိုက်ချင်သော်လည်း ကိုယ်ဟန်ရန်အတွက် မသိမသာပင် ဥပေက္ခာပြုလိုက်ရသည်။ နောက် နှင်းခရေက ...

'မမကြာ ... တစ်ယောက်တည်းလား။ သားကို နို့တိုက်ပြီး စနေလို့ မမကြာကို နှုတ်မဆက်လိုက်ရဘူး'

'အင်း ... အင်း ...၊ ရတယ် ညီမ'

ကျွန်မနှုတ်က မည်သည့်စကား ထွက်သွားသည်ကိုပင် ဂရုမပြုနိုင်။ ကုလားထိုင်တွင် ကျွန်မနှင့် စကားအေးအေးဆေးဆေးပြောရန် ပုခက်ပေါ် တင်လိုက်သော ကလေးလေးဆီသာ စိတ်ကရောက်နေမိသည်။ နှင်းခရေနှင့် စကားပြောမည်ဟူသော ကျွန်မ၏စိတ်များက မည်သည့်နေရာသို့ ပြေးထွက်သွားသည် မသိ။ ထိုသို့ကြည့်နေစဉ်မှာပင် လျှပ်စီးတွေလက်ပြီး မိုးက ဖွဲရာမှသဲလာနေသည်။ ပတ်ဝန်းကျင်တစ်ခုလုံး အနည်းငယ်မှောင်သွားသည်။ သို့သော် ကျွန်မစိတ်ထဲတွင် မောင်ပေါက်စလေး မျက်နှာလေးက ပိုပြီး အလင်းရောင်တောက်ပနေသည်ဟု ထင်နေပြန်သည်။ ကျွန်မကို နှင်းခရေက အံ့ဩစွာ ကြည့်နေသည်။ ရောက်သည့်အချိန်မှစပြီး ကျွန်မ သူမကို မည်သည့်စကားမှ မပြောခြင်းကြောင့် ဖြစ်မည်။ အမှန်ဆို ကျွန်မ ထိုသို့မဖြစ်သင့်။

ယောကျ်ားတစ်ယောက်လုံးကို ပိုင်နိုင်စွာ ယူဆောင်သွားသော မိန်းမနှင့် ဗန်းပြနိုင်စွမ်းရှိသော ကလေးငယ်ကို မုန်းတီးသင့်သည်။ သို့သော် ကျွန်မ

မောင်ပေါက်စလေးကိုမူ ထူးခြားစွာ ချစ်ခင်မိနေပြန်သည်။ နူးညံ့တတ်သော နှလုံးသားက အခြေအနေမမှန်သော ပတ်ဝန်းကျင်အသစ်ကို ယဉ်ကျေးမှုနှင့် ဆန့်ကျင်စွာ လက်ခံရန် အဆင်သင့်ဖြစ်နေသည်လား မသိ။ ထိုအရာက ကျွန်မ အတွက် မောင်ပေါက်စလေးနှင့်ပတ်သက်ပြီး ဒုတိယမွှ ကျဆုံးခြင်းဆိုလျှင်လည်း မှားမည်မထင်ပါ။ ကျွန်မ ပြောမည်ဟု အမြဲတစေ မာန်တင်းထားခဲ့သော 'လင် ခိုးမ၊ သိက္ခာမရှိတဲ့ မိန်းမ၊ ကြောင်တောင်နိုက်မ' ဟူသော စကားလုံးများသည် မောင်ပေါက်စလေး၏ ကြည်လင်လှသော အပြုံးထက်တွင် ပျောက်ဆုံးသွားခဲ့ပြီ။ ထိုအပြင် နှင်းခရေဟူသည့် မောင်၏ ချစ်မယားလေးသည်လည်း ကျွန်မ ထင် သလို ရိုင်းစိုင်းကြမ်းတမ်းစွာ ကျွန်မကို တုံ့ပြန်လာခြင်း မရှိ။ ထားရှိအပ်သော မေတ္တာတရားတို့သည် အသွားအပြန် စုန်ဆန်ပြေးနေလေပြီ။

'မမကြာ ... တစ်နေ့ ဒီနေရာကိုရောက်လာမယ်ဆိုတာ ညီမလေး မျှော် လင့်ထားပါတယ်။ ခံနိုင်ရည်ရှိအောင်လည်း ကြိုးစားထားပါတယ်။ အစ်မ ပေးချင် တဲ့ အပြစ်နဲ့ ပြောချင်တဲ့စကားတွေကို ပြောသွားပါ မမရယ် ...'

နှင်းခရေက ပွဲမစမီ ကျွန်မကို အလံဖြူပြထားသည့် စကားလုံးများဖြင့် စပြောလာသည်။

'သားလေးကို ကိုယ်ဝန်လွယ်ထားရမှ ကိုကို့မှာ အိမ်ထောင်ရှိမှန်း သိ ခွင့်ရတာမို့ပါ။ အဲဒီအချိန်ရောက်တော့ အခြေအနေတွေအားလုံးက လွန်ကုန်ပြီ မမကြာရယ်။ မမကြာကိုလည်း ကိုကိုက ချစ်တယ်။ ခွဲလည်း မခွဲနိုင်ဘူးဆိုလို့ ကိုကို့ကို ဘာဖိအားမှမပေးဘဲ ဒီလိုနဲ့ မမကြာ လာတွေ့မယ့်အချိန်ကို စောင့် နေတာပါ'

နှင်းခရေက ပြောပြီး မျက်လွှာကို အောက်သို့ချသွားသည်။ ကျွန်မသည် လည်း တစ်သက်တွင် တစ်ခါမှ မခံစားဖူးသည့် ခံစားချက်များက နှလုံးအိမ် အတွင်းသို့ ရိုက်ခတ်နေပေသည်။ မောင်က ဘာကြောင့်ပဲဖြစ်ဖြစ် ကျွန်မကို မစွန့်လွှတ်ဘူးလို့ ပြောခဲ့တာ အမှန်ပါပဲလားဟု တွေးမိပြန်သည်။

'ခရေ့ဘဝမှာ ဒီအမှားက အကြီးမားဆုံးပါ။ မိသားစုတစ်ခုလုံးလည်း သူ တစ်ပါး တံတွေးခွက်မှာ ပက်လက်မျောခဲ့ရတယ်။ ဒါပေမဲ့ ခရေ့ကိုချစ်တဲ့ ကိုကို နဲ့ သားလေးမျက်နှာကြောင့် ခရေ အသက်ရှင်နေတာပါ။ သားလေးကိုယ်ဝန်နဲ့ တုန်းကလည်း ဘယ်နေ့များ မမကြာ အရောက်လာခွဲမလဲ၊ ဘယ်နေ့များ ရန်တွေ့ ခံရမလဲ အမြဲ စိုးရွံ့စွာ နေထိုင်နေခဲ့ရတာပါ။ ကိုကို့ပယောဂကြောင့် ဒီလိုတွေ ဖြစ်လာမယ်မှန်း ခရေ အစက ကြိုမတွက်မိခဲ့ဘူး။ သာယာပျော်ရွှင်တဲ့ မိသားစု ဘဝလေး ပိုင်ဆိုင်ပြီဆိုပြီး ပျော်ရွှင်နေခဲ့တာ။ ကိုကို ခရေ့ကို မိန်းမကြီးရှိတယ် ဆိုတဲ့အကြောင်း ဝန်ခံတဲ့နေ့က ခရေ့အဖြစ်ကို မမကြာ မြင်စေချင်တယ် မမရယ်။ ခုချိန်မှာများ မမကြာသာ သဘောထားမကြီးတော့ဘူးဆိုရင် သားလေးတော့

ဖတာဆိုးလေး ဖြစ်ပြီ'

နှင်းခရေက ပြောနေရင်း မျက်ရည်များစီးကျလာပြီး ရှိုက်ငိုနေသည်။ ကျွန်မသည် နှင်းခရေ၏ဖြစ်အင်ကိုကြည့်ပြီး စိတ်မကောင်းနိုင်။ နှင်းခရေနှင့် ကျွန်မသည် မည်သို့ပင်ဆိုစေကာမူ ယောက်ျားတစ်ယောက်နှင့် ပတ်သက်ပြီး အရင်းနှီးဆုံးလူသားတွေ ဖြစ်နေသည်။ ထို့အပြင် သူမသည် ကျွန်မချစ်သော မောင်၏ ချစ်လှစွာသော ရင်သွေးငယ်လေးကို မွေးဖွားပေးသူလည်း ဖြစ်နေပြန်သည်။

ကလေးငယ်လေးက သူ့မိခင်၏မျက်ရည်များကို မသိနားမလည်စွာဖြင့် ပျော်မြူးနေသည်။ ကျွန်မ၏စိတ်ထဲတွင် ထို မောင်ပေါက်စလေးကို မြတ်နိုးနေသည်ဆိုလျှင် တခြားသူများက ရယ်မောလိမ့်မည်။ ကျွန်မ ထိုမျှလောက်ထိ မောင့်ကို မြတ်နိုးသည်။ နှင်းခရေဆိုသည့် အပြိုင်မယားငယ်လေးကို သနားသလိုတာလည်း တာနာသည်။ သို့သော် အချို့သော စကားလုံးများကိုမူ ပြောမှပင် ဖြစ်လိမ့်မည်။

'ဒီမှာ ညီမ ...၊ အမှန်ဆို မကြာ ဒီဇာတ်လမ်းကိုသိနေတာ ကြာပြီလို့ ပြောရင် အံ့ဩမလား။ သိပ်မအံ့ဩပါနဲ့ ညီမ။ မမတို့ မိန်းမသားတွေဆိုတာ စိတ်ပါတိုင်း လွှပ်ရှားမှုက မတင့်တယ်တတ်ကြဘူးလေ။ အထူးသဖြင့် အိမ်ထောင်ရေး ဖောက်ပြန်တတ်တဲ့ ယောက်ျားတွေကို ပိုင်ဆိုင်ထားတဲ့ မိန်းမတွေက ပိုဆိုးတယ်။ ဒါက လောကဓမ္မသက်သက်နော်။ အချစ်ဆိုတဲ့အပိုင်း မပါသေးဘူး။ သူတို့ကိုချစ်တဲ့စိတ်ကြောင့်သာ တချို့သောကိစ္စတွေကို မသိချင်ယောင်ဆောင်ပေးရင်း ပေးဆပ်သူသက်သက် ဖြစ်သွားကြတာ'

ကျွန်မ စကားလုံးတစ်လုံးချင်းစီ၏ အဓိပ္ပာယ်ကို နှင်းခရေ သဘောပေါက်သည်။ သို့သော် မည်သည့်မှတ်ချက်မှ ကျွန်မကိုမပေးဘဲ ပြောသမျှကိုသာ နားစိုက်ထောင်နေသည်။ ဘေးပတ်ဝန်းကျင်မှ ကျွန်မတို့နှစ်ယောက်၏စကားသံများကိုကြားလျှင် မယားကြီးနှင့် မယားငယ် စကားပြောနေသည်ဟု ထင်မည်မဟုတ်။ ထိုသို့တွေးမိသဖြင့် ကျွန်မ၏ တင်းထားသောမျက်နှာထားသည် အနည်းငယ် ပြုံးယောင်သမ်းသွားမိသည်။

'ပြီးတော့ ခရေက သားသမီးကို ဒီလောက်စောစောကြီး ယူမယ်လို့ မထင်တာလည်း ပါတာပေါ့လေ။ ခုတော့ မမကြာ ထင်ထားတဲ့ ဇာတ်သိမ်းပိုင်းက ဖြစ်မလာဘူး။ များသောအားဖြင့် အငယ်အနှောင်း အဖြစ်ခံတယ်ဆိုတာ ငွေရေးကြေးရေးကို အခြေခံတာ များတယ်လေ။ ခုတော့ ညီမလေး နှင်းခရေက ဒီလိုမဟုတ်ဘူး။ မမကြာနဲ့ အမျိုးအစားတူတဲ့ အချစ်ကို ကိုးကွယ်ခြင်းဆိုတဲ့ ဓာလုံးအောက်က အချစ်ရဲ့အစတေးခံ လူတန်းစားနဲ့တွေ့တော့ မမကြာစိတ်တွေ ကိုယ်ချင်းစာမိလာတာပါ။ ဒါပဲ ယောက်ျားတစ်ယောက်ကို မစွန့်လွှတ်နိုင်လောက်

အောင် ချစ်မိရင် အရာအားလုံးက သူ့အတွက် ပေးဆပ်ရတော့မယ့် အခြေအနေလေ။ မမကြာ အရမ်း အတ္တမကြီးချင်ဘူး။ မမကြာနဲ့ ညီမလေး နှင်းခရေတို့က မောင် သိုမဟုတ် ကိုကိုပေါ်မှာ ချစ်ဝင့်ကြွေးရှိနေခဲ့ကြပုံ ပေါ်တယ်လေ နော့ ...'

ကျွန်မ၏ ဒဿနကို ကြားသောအခါ နှင်းခရေ၏မျက်နှာသည်လည်း အနည်းငယ် ပြုံးလာလေသည်။ ကျွန်မတို့နှစ်ယောက်သည် ယောကျ်ားတစ်ယောက်၏ အချစ်အာနိသင်ကြောင့် ကျောချင်းကပ်မိနေပြန်ပြီ။ ဘေးပတ်ဝန်းကျင်မှ အထူးအဆန်းသဖွယ် ကြည့်ကောင်းကြည့်နိုင်သည်။ တစ်ခါတစ်ရံတွင် မိန်းမသားတို့၏ ခက်ခဲလှသော ဘဝ၏နေ့ရက်များသည် ဖြတ်သန်းရင်း ခက်ခဲလွန်းလှပေမည်။ ကျွန်မ မောင်နှင့် နှင်းခရေအပေါ် ထိုသို့သောမေတ္တာတရားဖြင့် မလွှမ်းမိုးနိုင်လျှင် ကျွန်မအတွက် ကာမနှင့် ပိုင်ဆိုင်လိုခြင်းဟူသော အပူမီးသည် တမြည့်မြည့် တောက်လောင်နေပေမည်။

မိမိ ထာဝရမသိမ်းပိုက်နိုင်သော ပစ္စည်းတစ်ခုကို ထာဝရပိုင်ဆိုင်နိုင်သည်ဟူသော အစွဲအလမ်းဖြင့် ရူးသွပ်စွာ စွဲလမ်းခြင်းသည် စိတ်၏ဒုက္ခအား အပူချိန် မြင့်မားစေမှန်း ကျွန်မ သိရှိထားသည်။ ထို့အတွက် အချစ်အား တစ်ခါတစ်ရံတွင် ဆုပ်ကိုင်ထားခြင်းမရှိဘဲ စိတ်ကစားလိုသည့် အခြားနေရာတချို့ကို သွားခွင့်ပြုလိုက်ခြင်းက မေတ္တာတရားကို အခြေခံသောအခါတွင် အေးမြခြင်းတချို့တစ်ဝက်ကို ကံကောင်းလျှင် ရနိုင်သေးသည်။

ကျွန်မတို့ မေတ္တာတိုက်ပွဲအဆုံးတွင် မောင်ပေါက်စလေးက အိပ်ပျော်နေသည်။ ကျွန်မ ထိုင်ခုံမှအသာထပြီး မောင်ပေါက်စလေးကို နမ်းရှိုက်ရန် ကိုယ်ကို ယို့လိုက်သည့်အချိန်တွင် တံခါးခေါက်သံပြင်းပြင်းနှစ်ချက် ထွက်ပေါ်လာသည်။ နှင်းခရေက တံခါးကိုဖွင့်ပေးလိုက်သောအချိန်တွင် ကိုကိုနှင့် မောင်ဆိုသည့် စကားနှစ်ခွန်းသည် အခန်းကျဉ်းလေးထက်တွင် တိုးလျလျ ပေါ်ထွက်လာတော့သည်။

## အခန်း ၄

'မေကြာ ... သား ပြန်လာပြီ'

သားလေးက ကျွန်မနာမည်ခေါ်ပြီး အိမ်ပေါ်ပြေးတက်လာသည်။ စိတ်ထဲတွင် လေ့ကားချော်ပြီး ပြုတ်ကျမည်ကို စိုးရိမ်မိသည်။ အသက်မည်မျှပင် ကြီးနေစေကာမူ ကလေးတစ်ယောက်ဟုပင် အခုချိန်ထိ မြင်မိနေသေးသည်။ သားလေးက လွန်ခဲ့သည့် ငါးနှစ်ကျော်ကလို ကလေးလေးမဟုတ်တော့။ အသားအရေ ဖြူဖွေးပြီး မောင်နှင့် တအားပင်တူလွန်းသည်။ သားငယ်လေး၏အပြုံးလေးကို မြင်ရလေတိုင်း တစ်ချိန်တစ်ခါက အခန်းကျဉ်းလေးတွင် ပြောဆိုခဲ့ကြသည့်

သုံးပွင့်ဆိုင် စကားလုံးများကို သတိရမိလေ၏။

သားက လေ့ကားတွေကို တစ်ဆင့်စီကျော်ပြီး ကျွန်မထံ ရောက်လာသည်။ နောက် ကျောပိုးအိတ်ကို ကျွန်မထံပစ်ပေးပြီး သူ့အခန်းထဲသို့ 'မေကြီးကို ချစ်တယ်'ဟုပြောပြီး ပြေးဝင်သွားသည်။

'မမရယ် ... ဒါသာ ကြည့်တော့။ ကြိုလာတဲ့သူကို လုံးဝဂရုမစိုက်ဘူး။ မေကြီးမှ မေကြီးလေ ...'

နောက်မှ ဆက်တိုက်ကပ်ပါလာသော နှင်းခရေက သားလေးကိုကြည့်ပြီး ကျွန်မကို ပြောသည်။ နှင်းခရေကို ကြည့်မိပြန်တော့ ဟိုအရင်လို လုပ်ပျိုမျက်ခြင်း နေရာမှာ ခံ့ညားတည်ငြိမ်သော အလှတရားများက အစားထိုး ဝင်ရောက်လာနေပြီ။ ခြေဘ် ... မထူးပါဘူးလေ။ ကျွန်မသည်လည်း သူမနှင့် သိပ်မကွာ။

ကျွန်မတို့ ဘဝနှစ်ခုလုံးကို သားလေးအတွက် ပေးဆပ်ရုံသက်သက်သာ ရှင်သန်နေထိုင်လိုက်သည်။ တစ်ခါတစ်ခါတွင် သားငယ်လေး မေးတတ်သော စကားလုံးများကို ဖြေစရာအဖြေ မရှိ။ ထိုသို့ဖြစ်အောင်လည်း မောင်သည် ကျွန်မနှင့် နှင်းခရေထံမှ အကြောင်းပြချက် တစ်စုံတစ်ရာမရှိဘဲ ရိုးသားစွာ ပြေးထွက်သွားခဲ့သည်။ မိုးသည်းည၏ တိတ်ဆိတ်ခြင်းသည် ကျွန်မတို့နှစ်ယောက်အတွက် မှောင်မိုက်ခြင်းကို ပေးခဲ့ဖူးသည်။ ထိုအတွက် ထိုက်တန်စွာရရှိခဲ့သည့် အကျိုးအမြတ်က ငွေကြေးသက်သက်ပင် ဖြစ်သည်။ မိုးသည်းညတွင် နောက်ဆုံးတွေ့လိုက်ရပြီး နောက်ရက်တွင် ကျွန်မနှင့် နှင်းခရေထံသို့ လွှဲစာတစ်စောင်ဖြင့် တရားလွှတ်တော် ရှေ့နေတစ်ယောက် ရောက်လာသည်။

'မကြီးလား မသိဘူးဗျ။ ကျွန်တော် တရားလွှတ်တော်ရှေ့နေ ဦးအောင်အောင်ပါ။ ကျွန်တော့်ကို လွှဲအပ်ထားတဲ့ကိစ္စလေး လာလုပ်ပေးတာပါ'

ရှေ့နေ ဦးအောင်အောင်ဆိုသူ၏ စကားကြောင့် ကျွန်မ အနည်းငယ် ကြောင်သွားသည်။ ကျွန်မသည် ဥပဒေနှင့်မလွတ်ကင်းသော မည်သည့်အလုပ်မျိုး တစ်ကြိမ်တစ်ခါမှ မထိတို့ခဲ့။

'ဟုတ်ကဲ့ရှင့်။ ကျွန်မ ကိုစိုင်းခမ်းထွန်းမင်းရဲ့ဇနီး မကြီးပါ။ ထိုင်ပါဦးရှင့်'

ကျွန်မက ဖော်ရွေစွာကြိုဆိုပြီး နေရာထိုင်ခင်းအတွက် ဧည့်ခံစကား ပြောလိုက်သည်။ ရှေ့နေက ကျွန်မကို တစ်ချက်ကြည့်ပြီး စာရွက်တစ်ခုကို လှမ်းပေးသည်။ အမွေခွဲဝေ လွှဲပြောင်းပေးအပ်ခြင်းဟူသော ခေါင်းစဉ်တစ်ခုအောက်တွင် အကြောင်းအရာတချို့ ရေးထားပြီး ဦးစိုင်းခမ်းထွန်းမင်းဟူသည့် မောင့်လက်မှတ်ကို သေသပ်စွာ တွေ့ရလေသည်။

ကျွန်မနှင့်အပြိုင်ဖြစ်သော နှင်းခရေနှင့် ကျွန်မကို ပိုင်ဆိုင်မှု၏ လေးပုံတစ်ပုံ ပိုင်ဆိုင်စေပြီး သားလေးကို ပိုင်ဆိုင်မှု၏ ကျန်နှစ်ပုံအား ခံစားစေသည်။ ကျွန်မတို့ မောင်နှင့် ကိုကိုဟု မြတ်နိုးစွာ ချစ်ခင်ခဲ့သော ပေးဆပ်ခြင်းသည်

မောင်၏ စာချုပ်တစ်စောင်ဖြင့် အဆုံးသတ်စေသည်။ စာချုပ်နောက်ဆုံးအကြောင်းရှိ ကိန်းဂဏာန်းများ၏တန်ဖိုးသည် များစွာအံ့ဩဖွယ်ကောင်းလွန်းသည်။ ကျွန်မမောင့်ကို ထိုမျှချမ်းသာသည်ဟု မထင်မိခဲ့။

'ဟုတ်ကဲ့။ သခင်လေး စိုင်းခမ်းထွန်းမင်း ဘယ်မှာရောက်နေတယ် ဆိုတာကိုတော့ မမေးပါနဲ့။ ကျွန်တော် ဖြေခွင့်လည်း မရှိသလို။ သိနေရင်လည်း မဖြေပါဘူး။ တကယ်လို့ သဘောတူတယ်ဆို လက်မှတ်ထိုးပေးပါ'

ဇိုရှနေက ပြောပြီး ဘောလ်ပင်ကို ကျွန်မထံသို့ ကမ်းပေးနေသည်။ ထိုအချိန်တွင် ကျွန်မ၏လက်ကိုင်ဖုန်းလေး အသံမြည်လာပြီ ...

'မမကြာလား။ ဒီမှာ ရှေ့နေတစ်ယောက် ရောက်နေတယ်။ ပြီးတော့ ပိုင်ဆိုင်မှုတွေကော မမကြာ ...'

ကျွန်မ ထပ်ပြီးမအံ့ဩတော့။ မောင် တစ်ခုခုကြောင့် သေသပ်သောဆုံးဖြတ်ချက်တစ်ခုကို ချသွားပြီဟု တွေးမိသည်။

'အင်း ... ညီမ၊ လက်မှတ်ထိုးပေးလိုက်ပါ။ ပြီးရင် သားကိုခေါ်ပြီး မမအိမ်ကိုသာ လာခဲ့တော့ ညီမ'

ဖုန်းကိုပြောနေလျက်ဖြင့် ကျွန်မက လက်မှတ်ကို မြန်မြန်ထိုးပေးလိုက်သည်။ ထိုသို့ဖြင့် ကျွန်မ၏ မောင့်အိမ်လေးသည် ကလေးငိုသံတချို့တစ်ဝက်ဖြင့် လွမ်းဆွေးစွာ အသက်ဝင်လာ၏။ ကျွန်မ၏ မောင့်အပေါ်ချစ်သော အလွမ်းများကို များစွာသိဝှက်ထားသလို နှင်းခရေသည်လည်း ထိုနည်းလည်းကောင်းပင် ဖြစ်သည်။ မောင်နှင့်ပတ်သက်သည့် အမှတ်တရဖြစ်ဖွယ်အားလုံးကို အိမ်အတွင်းခန်း တစ်ခုထဲသို့ပြောင်းပြီး သော့ကို အပြီးခတ်လိုက်သည်။ နှလုံးသားအတွင်းမှ အမှတ်တရများကို မေ့ပျောက်နိုင်ရန်မှ အသက်ခန္ဓာ သေဆုံးသွားမှပင် ဖြစ်လိမ့်မည်။

အချစ်သည် တစ်ခါတစ်ရံတွင် ခွန်အားကြီးမားသလို တစ်ခါတစ်ရံတွင်လည်း ထိန်းချုပ်မှု ခက်ခဲနိုင်လောက်သော အင်အားပျော့ခြင်းကို ဖန်တီးတတ်သည်။ ကျွန်မသည် မောင့်ချစ်ခြင်းကြောင့် သာယာပျော်ရွှင်ခြင်းကို ပိုင်ဆိုင်ခွင့်ရခဲ့သလို မောင် မရှိတော့သည့်အချိန်များတွင်လည်း မောင်၏ တစ်စုံတစ်ခုသောအစိတ်အပိုင်းမှ ဖြစ်တည်လာသောအရာဖြင့် ပျော်ရွှင်ခဲ့ရသည်။ ပေးဆပ်ခြင်း၏မြင့်မားသောတန်ဖိုးက ခံစားချက်အား ဥပေက္ခာပြုခြင်းဖြင့် ပိုင်ဆိုင်ရသော အကျိုးဆက်ဖြစ်ခြင်းကိုမူ ကျွန်မ ငြင်းမည်မဟုတ်။

ကျွန်မနည်းတူ ဒုတိယ အချစ်သားကောင်က နှင်းခရေပင် ဖြစ်သည်။ ညစဉ်ညတိုင်း ငိုရှိုက်ခြင်းဖြင့် သူ့ကိုကို၏ ခွဲခွာသွားခြင်းကို သတိရလေသည်။ အရာအားလုံးက သီအိုရီများများစွာဖြင့် ဆန်းကြယ်လွန်းလှသည်။ ပိုင်ဆိုင်ခြင်းကို အချစ်ဟု ဆုံးဖြတ်မည့် အမျိုးသမီးထု၏ အပြောစကားတွင်မူ ကျွန်မတို့ နှစ်

ယောက်သည် အဖြည့်ခံသက်သက်ပင် ဖြစ်နေလိမ့်မည်။ သို့သော် ကျွန်မ ကျေနပ်သလို နှင်းခရေသည်လည်း ကျေနပ်လိမ့်မည်။ ယောက်ျားတစ်ယောက်အား လွမ်းဆွေးခြင်းကို အဖော်ပြုနေရသော ခံစားချက်ကို သိကျွမ်းရှိရှိ ချစ်ခြင်းဟု ခံယူထားလိုက်တော့သည်။

ထိုသို့ဖြင့် အချစ်သည် နှလုံးသားနှစ်ခုနှင့် ပတ်သက်ပြီး နူးညံ့မှုမရှိသော အချစ်အသေးလေးအား ပေးထားခဲ့၏။ ထိုအရာက သားငယ်လေးတည်း။

ယောက်ျားတစ်ယောက်၏ အချစ်အား ယုံကြည်သက်ဝင်ပြီး လက်ထပ်ခြင်းတွင် ပထမလူသာလျှင် ပိုင်ဆိုင်ရမည်၊ မပိုင်ဆိုင်ရမည်ကို သေချာစွာမသိနိုင်ဘဲ အမြဲပြောင်းလဲတတ်သော သဘောတရားတွင် အချစ်က ပျော်ရွှင်နေတတ်သည်။ မိုးသည်းည ပုံပြင်တွင် ကျွန်မနှင့် နှင်းခရေတို့၏ ချစ်တတ်သော နှလုံးသားတို့သည် နောက်တစ်ရက်၏ လက်မှတ်တစ်ချက်တွင် ရွှေနေ ဦးအောင်အောင် ယူဆောင်သွားသော စာချုပ်က ကျွန်မတို့ကိုးကွယ်ခဲ့သော အချစ်တို့ ပျောက်ကွယ်ခဲ့သည်။

ညစဉ်ညတိုင်းသည် မောင့်အား လွမ်းဆွတ်ခြင်းကို ဖြစ်တည်တတ်သော ခံစားချက်ကို သားလေးဖြင့်အစားထိုးသည်။ ထိုသို့ဖြင့် သားလေးသည် ကျွန်မနှင့် နှင်းခရေ၏ ဒုတိယအချစ်စစ်စစ် ဖြစ်လာသည်။ မောင့်အား လွမ်းဆွတ်သည့်အခါတိုင်း သားလေးကို မြတ်နိုးစိတ်ဖြင့် ဖြေသာနိုင်ခဲ့သည်။ သားလေးမှ 'မေကြာ'ဟု တစ်ခါခေါ်လိုက်တိုင်း အပြုံးမြမြဖြင့် 'ကြာ'ဟုခေါ်ပြီး အနမ်းတစ်ဝက်ဖြင့် အိပ်စက်ခြင်းမှ နိုးထစေခဲ့သောသူကို သတိရသည်။

ပူလောင်ခြင်းများ၏ အမြင့်ဆုံးအချိန်သည် အေးစက်ခြင်းပင် ဖြစ်သည်။ မောင် ကျွန်မနှင့် လက်မထပ်မီကလည်း ခံ့ညားချောမောသော မောင့်ကို ပိုင်ဆိုင်လိုစိတ်ဖြင့် ပူလောင်သည်။ နောက် ပိုင်ဆိုင်ပြီးသည့်အချိန်တွင် အခြားသောသူများနှင့် ဖောက်ပြန်သွားမည်ကို စိတ်ပူဖူးသည်။ သို့သော် ကျွန်မ၏ ပူလောင်ခြင်းကို မောင်သာ မဟုတ်၊ မောင်နှင့် ပတ်သက်သောသူများကိုပင် မသိနိုင်အောင် ထိန်းချုပ် သဘောထားကြီးပေးနိုင်ခဲ့သည်။ ထိုအရာသည် မောင့်အားချစ်ပြီး မောင် စိတ်ချမ်းသာမှုကို အနှောင့်အယှက်ဖြစ်စေနိုင်သော တစ်စုံတစ်ရာကို မပေးလိုသော မြင့်မြတ်သောချစ်ခြင်းပင် ဖြစ်၏။

ကျွန်မနည်းတူ မောင့်ချစ်ခြင်းကို 'ကိုကို'ဟူသော စကားလုံးနှစ်လုံးဖြင့် ယုံကြည်သက်ဝင်ခဲ့သောသူကိုလည်း ကျွန်မ လေးစားမိပြန်သည်။ သူသည်လည်း မောင့်ကိုချစ်သည်ဟူသော ခံစားချက်ဖြင့် ကျွန်မ စီမံသောအရာတချို့ ရှိသေစွာ လက်ခံခဲ့သည်။ ထို့အတွက် ကျွန်မတို့နှစ်ဦးသည် မြန်မာ့ယဉ်ကျေးမှုနှင့် လိုက်လျောညီထွေ ဖြစ်လောက်မည်မဟုတ်။ သို့သော် ခံစားချက်ကို ဦးစားပေးတတ်သော မိန်းမသားဘဝတွင် ခံစားချက်ကို ဥပေက္ခာမပြုခြင်းသည်ပင် သိက္ခာ

တရား ဖြစ်ပေလိမ့်မည်။ အချစ်၏ မရိုးသားခြင်းကို ယောကျ်ားများ၏ မာယာနှင့် အသက်သွင်းလိုက်သောအခါ ခံစားချက်ကို လေကဲ့သို့ ပေါ့ပါးစေသော အရာဝတ္ထုများက နုနယ်သော နှလုံးသားကို လာရောက်ထိခတ်လေ၏။

ကျွန်မ၏ မောင် သို့မဟုတ် နှင်းခရေ၏ ကိုကိုဟု တွေးလိုက်မိလေတိုင်း အိမ်ထောင်သည်တစ်ယောက်၏ အချစ်သည် ပုံသေနည်းမဲ့သော မာယာများနှင့် အဖြေထုတ်နိုင်စွမ်း ရှိတတ်ခြင်းကို ... ... ...

ငှက်ကေသာကို ပယ်
ဆံနွယ်ကို စွန့်
ထိုအမှုကို ·
အပြုံးမြမြ
နှုတ်ခမ်းလှဖြင့်
နီရောင်လွှမ်းသော
သက်နုံးထက်ဝယ်
မြတ်နိုးသူ ရင်မောာ
အကြင်နာကျော့မှ
ချစ် ... ... ... အမုန်းကို
ငှက်ကျော်ကာဖြတ်လို့
သံသရာ တစ်ဖက်ကမ်းကို
လွမ်းသူချန်လို့
ကူးပါတော့။

မကြာ။

*အနော်မာ ရသစုံမဂ္ဂဇင်း*
*အမှတ် ၁၃၈၊ နိုဝင်ဘာလ၊ ၂၀၁၄။*

# ပန်းစီးချင်းတို့၏ သခင်

အခန်း ၁

'စံပယ့်ကိုချစ်ရင် နှင်းဆီကိုလက်ထပ်ပါ မောင် ...'

စံပယ်၏ အဆက်စပ်မရှိစွာ ပြောလာသည့်စကားကြောင့် ကျွန်တော် အံ့ဩမင်တက်သွားသည်။ အဘယ်အတွက်ကြောင့် ထိုသို့ပြောရသနည်း။ အမှန်ဆို နှင်းဆီက ကျွန်တော့်ကို တစ်ဖက်သက်ချစ်နေသော လုပ်ဖော်ကိုင်ဖက် ဆရာဝန်မတစ်ဦးပင် ဖြစ်သည်။ ကျွန်တော် ဒေါက်တာမင်းသခင်၊ ဒေါက်တာစံပယ်နှင့် ဒေါက်တာနှင်းဆီတို့သည် ဆေးရုံတစ်ခုရှိ လုပ်ဖော်ကိုင်ဖက် ဆရာဝန်များ ဖြစ်သည်။

ကျွန်တော်နှင့် စံပယ်တို့ ချစ်သက်တမ်းသည်ပင် ယခုဆိုလျှင် သုံးနှစ်ဝန်းကျင် ရှိပြီ။ အေးဆေးတည်ငြိမ်ပြီး သဘောထားကြီးလှသော စံပယ်သည် အဘယ်အတွက်ကြောင့် ယခုကဲ့သို့ ဆိုရသနည်း။ လက်ထပ်မင်္ဂလာပွဲ ပြုလုပ်ရန်ပင် အားလုံးစီစဉ်ထားသည်။ နှစ်ဖက်မိဘများကလည်း ကျွန်တော်တို့နှစ်ယောက်ကို သဘောတူ ကြည်ဖြူထားသည်။ ဆေးကျောင်းတက်စဉ်ကတည်းက စံပယ်ကို တိတ်တခိုးချစ်ခဲ့ပြီး နောက်ဆုံး ဆေးရုံတစ်ခုတွင်ပြန်ဆုံမှ ချစ်ခွင့်ပန်ခဲ့သည်။ သူမကလည်း ကျွန်တော့်အား အချိန်အနည်းငယ်ယူ စဉ်းစားပြီး လက်ခံအဖြေပေးခဲ့သည်။

ချစ်သူသက်တမ်းတစ်လျှောက်လုံးတွင် သဘောထားချင်း မတိုက်ဆိုင်သောအရာ တစ်ခုမှမရှိလောက်အောင် တူညီခဲ့သည်။ အပေးနှင့်အယူတို့ကလည်း လွန်စွာကြည်ဖြူခဲ့ကြပြန်သည်။ တစ်ခါတစ်ရံ စံပယ်နှင့် ဆေးရုံတွင် ညဂျူတီ အတူကျသည့်အချိန်များက ကျွန်တော်နှင့် စံပယ်အတွက် ပျော်ရွှင်ဖွယ် နေ့ရက်များ ဖြစ်လေသည်။ ward မတူလျှင်လည်း အချိန်ရသည်နှင့် ကျွန်တော်

က စံပယ့်ထံသွားသလို စံပယ်ကလည်း ကျွန်တော့်ထံသို့ ကူးကူးလာတတ်သည်။ ထို့အပြင် ကျွန်တော့်အား ချစ်သည်ဟု တရားဝင်ထုတ်ပြောထားသော ဒေါက်တာ နှင်းဆီကလည်း ကျွန်တော်တို့ ချစ်သူနှစ်ဦးကြားတွင် ပျော်ရွှင်စွာ စနောက်နေတတ်သည်။

'စံပယ် ... နှင်တို့တွဲလာတာ ကြာပြီ။ ယူတော့လေဟယ်။ နှင် မယူရင် နှင့်ချစ်ချစ်ကို ငါ ကြိုးစားလိုက်ရမလား'

နှင်းဆီ၏စကားကို စံပယ်က ...

'အမယ် ... နှင်က ကြားထဲက နှိုက်မြည်းချင်တယ်ပေါ့လေ။ မောင့်ကို ယုံတယ်။ နှင် ဘယ်လောက်ကြိုးစားကြိုးစား မောင်က စံပယ့်ဘက်ကဆိုတော့ သိပ်စိတ်ပူစရာမရှိပါဘူး။ ဟုတ်တယ်နော် ... မောင်'

စံပယ်က ပြောနေရင်းက ကျွန်တော့်လက်မောင်းတစ်ဖက်ကို လာတွဲသည်။ သုံးယောက်သည် ထိုမျှ ပွင့်လင်းသည်။ ကျွန်တော့်အား ချစ်သည့်အကြောင်းကို နှင်းဆီက သိဝှက်မထားသကဲ့သို့ စံပယ်ကလည်း သဝန်မတိုခဲ့။ ကိစ္စတစ်ခုခုကြောင့် ဂျူတီမအားလျှင်တောင် အနည်းငယ်အချိန်လွှဲပြီး စားအတူတူ သွားအတူတူ ဖြစ်ခဲ့သည်။ စံပယ်နှင့် နှင်းဆီသည် ဆေးရုံတစ်ခုတည်းတွင် ယောက်ျားတစ်ယောက်ကို အတူတူ ချစ်ကြသည်။ သို့သော် တစ်ယောက်အပေါ် တစ်ယောက် ခံယူချက်နှင့် ယုံကြည်ချက်က များစွာသစ္စာရှိသည်။ စံပယ် အလုပ်များသည့်အချိန်တွင် ကျွန်တော်၏ အချို့သောကိစ္စများကို နှင်းဆီနှင့်အတူတူ သွားလာစားသောက်ကြခြင်းကို စံပယ်က ခွင့်ပြုသလို နှင်းဆီကလည်း သုံးယောက်ဆုံလျှင် စနောက်သည်မှလွဲပြီး အခြားသော သီးခြားတွေ့သည့် အချိန်များတွင် ကျွန်တော့်ကို ချစ်သည်ဆိုသည့်အကြောင်းတရားကို သစ္စာကြီးစွာ ထိန်းသိမ်းသည်။ ဆေးရုံလေးတွင် ကျွန်တော်တို့သုံးယောက်၏ ဖတ်လမ်းသည် လူစိတ်ဝင်စားခြင်း များစွာခံရသည်။ စံပယ်နှင့် ကျွန်တော် လက်ထပ်ရန် နေ့ရက်သတ်မှတ်ပြီးသည့်အချိန်ထိ နှင်းဆီနှင့် တပူးတွဲတွဲပင် ဖြစ်သည်။ တစ်ခါတစ်ရံတွင် စံပယ်က နှင်းဆီကို ...

'နှင်းဆီ ... နှင်က မောင့်ကို ချစ်တယ်ဆိုတော့ ခုတော့ မရတော့ဘူးလေ။ ငါက ယူတော့မှာကိုး။ အဲဒီတော့ ဒီလိုလုပ်ဟာ။ ငါတို့မွေးတဲ့ သားဦးလေးကို နှင် မောင့်။ ခု နှင် မောင့်ကိုမရမှတော့ အပျိုကြီးလုပ်ပြီး မောင့်သားလေးကို ယူဟာ'

'ဟဲ့ ... အဖေကို ကြိုက်ပါတယ်ဆိုမှ သားကို ယူစရာလား။ ငါ့မှာယာတွေနဲ့ ကြိုးစားလိုက်ရင် နှင့်ဘဲ ငါ့ဘက်ကို ပါလာမယ်နော်'

နှင်းဆီကလည်း ခွန်းတုံ့မခံ ပြန်ပြောသည်။ စံပယ်နှင့် နှင်းဆီတို့ စကားလုပွဲတိုင်းကို ကျွန်တော်က ပရိသတ်အဖြစ်ပင် ကြည့်ရသည်။ အမြဲတမ်း ပြုံးရွှင်

နေကြသလို မနာလို ဝန်တိုတတ်ခြင်း ကင်းကြသည်က ကျွန်တော်တို့ချစ်သူ နှစ်ဦးနှင့် သူမအတွက် ပျော်ရွှင်ဖွယ်ကောင်းလေသည်။ ကျွန်တော်တို့သုံးယောက်၏ စကားများနှင့် အပြုအမူများကိုတွေ့လေတိုင်း အချို့သောသူများက စိတ်ပူပန်စွာ ပြောတတ်ပြန်သည်။

'ငါသာဆို ငါ့ချစ်သူကိုချစ်နေတဲ့ မိန်းမတစ်ယောက်နဲ့ သွားနေလာနေ စားနေသောက်နေတာကို လက်မခံနိုင်ဘူး'

'ငါသာဆို ငါတစ်ဖက်သတ်ချစ်နေတဲ့သူရဲ့ ချစ်သူကို ခုလိုမျိုး ပြုံးပြနေနိုင်မယ် မထင်ဘူး'

စသည့် စကားသံများကို ကြားရလေတိုင်း ကျွန်တော်၊ စံပယ်နှင့် နှင်းဆီတို့ သုံးယောက် ပြုံးမိသည်။ အဘယ်ကြောင့်ဆိုသော် သုံးယောက်၏ သစ္စာတရားများနှင့် ခံယူချက်များသည် အခြားသောသူများနှင့် လုံးဝဆန့်ကျင်သည်။ မာန်မာန မကြီးကြသော်လည်း အချစ်အတွက် သိက္ခာကြီးကြသည်။ ကျွန်တော်ကလည်း စံပယ်မဟုတ်သော နှင်းဆီနှင့်အတူ သွားလေတိုင်း စောင့်ထိန်းသင့်သော လူမှုရေးစည်းကမ်းများနှင့် ကျင့်ဝတ်များကို ထိန်းသိမ်းသည်။ နှင်းဆီသည်လည်း ထိုနည်းလည်းကောင်းပင်။

စံပယ်နှင့် ကျွန်တော် နှစ်ယောက်ဆုံသည့် အချိန်တွင်သာ နှင်းဆီက စနောက်နောက်ဖြင့် ကျွန်တော့်ကို သံယောဇဉ်ရှိသည့်အကြောင်း ထုတ်ပြောတတ်ပြီး စံပယ်က လုံးဝသဝန်မတိုခဲ့။ ကျွန်တော်တို့ချစ်သူနှစ်ဦး ဆုံသည့်အချိန် နှင်းဆီအကြောင်း ပြောမိလေတိုင်း စံပယ်က ...

'စံပယ် နားလည်တယ် မောင်။ မိန်းမတစ်ယောက်က သူမြတ်နိုးတဲ့ ယောကျ်ားတစ်ယောက်ကို ဟိုဘက်က တုံ့ပြန်သည်ဖြစ်စေ၊ မတုံ့ပြန်သည်ဖြစ်စေ ချစ်နေတယ်ဆိုတာကို ပြခွင့်ရှိနေတာပဲလေ။ စံပယ်ကော မောင့်အချစ်ကို ဘယ်လောက်ပိုင်ဆိုင်ရမယ် ထင်သလဲ။ ယောကျ်ားဆိုတာ ကျရာနေရာမှာ အချစ်သစ်တွေနဲ့ ပျော်တတ်တယ်လေ။ ခုချိန် စံပယ့်ကို ချစ်နေတယ်ဆိုပေမဲ့ အကြောင်းတစ်ခုခုကို မနှစ်မြို့တဲ့အချိန်မှာ မုန်းသွားနိုင်တာပဲကိုး။ ဒါကြောင့် မောင့်အချစ်ကို စံပယ် လောဘမကြီးဘူး'

'အမ် ... နောက် သုံးလနေရင်ဖြင့် လက်ထပ်တော့မယ်။ အခုချိန်ထိ မောင့်အချစ်ကို မယုံသေးဘူး။ ဟုတ်လား ဒေါက်တာစံပယ်။ တော်တော် ချစ်ဖို့ကောင်းတယ်။ ခင်ဗျားပဲ ကရုဏာရှင်ကြီး။ ခင်ဗျားပဲ မေတ္တာရှင်မကြီး။ ခင်ဗျားပဲ အချစ်သခင်မကြီး။ ပြောကို မပြောချင်တော့ဘူး'

ကျွန်တော်က စိတ်ဆိုးသည့်လေသံဖြင့် ဆိုလိုက်လျှင် စံပယ်က ...

'မောင်ရယ် ယောကျ်ားဖြစ်ပြီး စိတ်ကကောက်သေးတယ်။ ကိုယ့်ဘာသာကိုယ် ပြန်ကြည့်ဦး။ နောက်သိပ်မကြာခင် အထူးကုဖြစ်တော့မယ်။ အခုချိန်ထိ

ကလေးက ဆန်တုန်း'

စံပယ်က ပြောရင်း ကျွန်တော့်ရင်ခွင်ထဲကို တိုးဝင်လာသည်။

စံပယ်သည် သူလုပ်ချင်သော စိတ်ကူးတိုင်းကို တန်ဖိုးထားလုပ်သလို ကျွန်တော့်အတွက်လည်း အချစ်ချိုချိုတို့ကို မကြာခဏ ပေးတတ်သည်။ အမြဲ အလုပ်များနေတတ်သော ဆရာဝန်ဘဝမို့ လူနာများ၏ စိတ်သောကများက အမြဲကပ်နေတတ်သည်။ စိတ်ပင်ပန်းသည့် အချိန်များတွင်လည်း ...

'မောင် ... ကျွန်မ အရမ်းပင်ပန်းနေလို့ ညစာကို နှင်းဆီနဲ့ စားလိုက်'

စသည်ဖြင့် သူမ၏သူငယ်ချင်း နှင်းဆီကို နားလည်ပေးတတ်ပြန်သည်။ မေတ္တာကို အခြေခံသော ချစ်ခြင်းတရားများသည် ကျွန်တော်တို့သုံးယောက် အပေါ် တရားဝင် သက်ရောက်နေပြီ။ အချစ်၏ ပူလောင်ခြင်းကိုမူ အခုချိန်ထိ မခံစားရသေးပေ။ နှင်းဆီ၏ စိတ်ခံစားမှုကိုမူ ကျွန်တော် သေချာစွာမသိ။ ကျွန်တော့်အား တစ်ဖက်သတ်ချစ်နေသူအပေါ် မိန်းမ မဆန်စွာ အခွင့်ရေးပေးပြီး သာယာစေတတ်သော ချစ်သူ၏ သူငယ်ချင်းအပေါ်ထားသော ယုံကြည်မှုသည် ကြီးမားလွန်းလှသည်။

နှင်းဆီကလည်း စံပယ်၏ယုံကြည်မှုကို သစ္စာမဖောက်ဘဲ သူငယ်ချင်း မိန်းကလေးအပေါ် သဘောကြီးကြပြန်သည်။ ကျွန်တော်က သူတို့နှစ်ယောက်၏ ချစ်မေတ္တာအားပြိုင်မှုတွင် အရုပ်ကလေးတစ်ရုပ် ဖြစ်နေသည်ဟု တွေးမိ၏။ ထိုသို့ဖြင့် သုံးပင်လိမ်သော ဇာတ်လမ်းလေးသည် သွေးအေးဖို့ အကြောင်းဖြစ် လာသည်။ အချိန်ရသည့်တစ်နေ့တွင် ကျွန်တော် စံပယ်နှင့်လက်ထပ်ရန် ဆွေး နွေးဖြစ်သည်။ နောက်သုံးလနေလျှင် လက်ထပ်တော့မည်ဟု ဆုံးဖြတ်ခဲ့သည်။ အချိန်နှင့်အမျှ ပြောင်းလဲနေတတ်သော လောကတရားကြီးက ကျွန်တော့်ကို ရိုးရိုးလေး ပညာပေးခဲ့သည်။ လက်ထပ်ရန် တစ်ပတ်လောက်လိုသောအချိန်မှ ပြဿနာက ပေါ်လာသည်။

မည်သည့်အကြောင်းမှန်း သေချာစွာမသိဘဲ စံပယ်က ကျွန်တော်နှင့် လပ်ထပ်ခြင်းကို ငြင်းဆန်လေသည်။ ကျွန်တော်နှင့် စံပယ်ကြားတွင် ထိုသို့ ပြောင်းလဲသွားလောက်သည့် ခိုင်လုံသောအကြောင်းတရား မရှိ။ မည်သို့ ဖြစ် သနည်း။ စံပယ်က ... 'မောင့်ကို ပြောစရာစကား ရှိတယ်။ ဂျူတီထွက်ရင် တွေ့နေကျကန်ပေါင်ကို လာခဲ့' ဆိုလျှင် ကျွန်တော် အဝတ်ပင်မလဲဘဲ ထွက်လာ ခဲ့သည်။ တွေ့နေကျနေရာလေးတွင် စံပယ်က ကန်ပေါင်ကိုမျက်နှာမူပြီး ကျွန် တော် လာရာလမ်းကို ကျောပေးထားသည်။

ကချင်အင်္ကျီ ထက်အောက်ဖြင့် ဆံနွယ်လေးများကို အစတစ်ခုဖြင့် အရင်း မှ စည်းထားသည်။ စံပယ့်ကို တွေ့လိုက်ရသဖြင့် ပျော်ရွှင်သွားသော်လည်း စံပယ် ပြောမည့် အရေးကြီးစကားများကိုမူ ရင်ခုန်သည်။ ကျွန်တော်လာနေစဉ် စံပယ်

သည် သူမ၏ဆံပင်တွင် စည်းထားသောကြိုးလေးကို ဖြုတ်ပြီး ကန်ထဲသို့ ချ လိုက်သည်။ ကန်ဘက်မှတိုက်ခတ်သော လေများကြောင့် သူမ၏ဆံပင်များ လေထဲသို့ဝဲပျံနေသည်။ သူမနားရောက်သည့်အချိန်တွင် ကျွန်တော် သုံးသည့် ရေမွှေးနံ့ကြောင့် သူမ ကျွန်တော်ဘက်သို့ လှည့်လာခြင်းဖြစ်လိမ့်မည်။

စံပယ်သည် ကျွန်တော့်မျက်နှာကို သေချာမကြည့်ဘဲ ကျွန်တော့်ကို တင်း ကျပ်စွာ ဖက်သည်။ သူမ၏မျက်နှာကိုမူ ကျွန်တော့်အား မြင်ခွင့်မပေး။ တင်း ကျပ်စွာ ဖက်ထားခြင်းကြောင့် သူမ၏ရင်ခုန်သံကို ကျွန်တော် အတိုင်းသားကြားနေ ရသည်။ ထိုနောက် သူမထံမှ ရှိုက်သံတစ်ဝက်နှင့် ...

'စံပယ် မောင့်ကို အရမ်းချစ်တယ်။ စံပယ့်ကို ချစ်ရင် နှင်းဆီကို လက် ထပ်ပါ'

အခန်း ၂

ဒါပေမဲ့ အခွင့်အရေးတစ်ခုတော့ မောင့်ကို စံပယ်လိုက်လျှောပေးပါ့မယ်။ စံပယ့်ဘဝကို မောင့်ဆန္ဒအတိုင်း မောင့်စိတ်ကြိုက် စီရင်ပိုင်ခွင့်ရှိတယ်။ စံပယ့်ကို ချစ်လို့ နှင်းဆီကို လက်ထပ်ပေးပါလို့ တောင်းဆိုတဲ့ စံပယ်ရဲ့လျော်ကြေးပါ။ မောင့်အနေနဲ့ စံပယ် မောင့်ကို ရက်စက်လွန်းတယ်လို့ ထင်ကောင်းထင်လိမ့် မယ်။ နောင်တစ်ချိန်အတွက် ခုလိုဆုံးဖြတ်တာက အကောင်းဆုံးဖြစ်မှာပါ။ စံပယ့် ကို ဒီတစ်ခါတော့ အတ္တကြီးခွင့်ပေးပါ'

စံပယ့်အသံက တိုးတိုးလေးမှ တကယ့်ကို တိုးတိုးလေး။ နှလုံးသားမှ ခံစားချက်များကို ဖွင့်ဟပြောရလျှင် နားထောင်သူနှင့် ပြောကြားသူတို့ကြားတွင် ဆက်သွယ်ချက်တစ်ခုရှိမှန်း ခုမှ ပိုမိုသဘောပေါက်မိသည်။

'ဘာ ... မောင့် ဘယ်ဆန္ဒကိုဖြစ်ဖြစ် စံပယ် လိုက်လျှောမယ်၊ ဟုတ် လား။ ဒီမှာ စံပယ် ...၊ စံပယ် ဘာကိုဆိုလိုတယ်ဆိုတာ မောင် ကောင်းကောင်း သိတယ်။ မိန်းမတစ်ယောက်နဲ့ ကာမဆန္ဒကို အတူသောက်သုံးဖို့အတွက်ဆိုရင် စံပယ့်ကိုမှ မဟုတ်ဘူး တခြားသူတွေကိုဖြစ်ဖြစ် ဒေါက်တာမင်းသခင် ဆိုတဲ့ ကောင်က ကြိုးစားပမ်းစား ဆောင်ရွက်နေစရာမလိုဘူး။ ကိုယ်လိုချင်တယ် ဆိုရင် တန်းစီနေအောင် ဖန်တီးလိုက်လို့ရတယ်။ သိမ်းသွင်းလိုက်လို့ရတယ်။ မိန်းမတစ်ယောက်ကိုချစ်လို့ ခုလို သုံးနှစ်သုံးမိုး မြတ်မြတ်နိုးနိုး ချစ်ခွင့်ပန်ခဲ့တာ၊ လက်ထပ်ဖို့ကို စောင့်စားခဲ့တာ စံပယ်။ ကျေးဇူးပြုပြီး လူကိုစော်ကားပါ။ စံပယ့် ကို ချစ်တဲ့ အချစ်တွေကို မစော်ကားပါနဲ့'

ကျွန်တော့်ပါးစပ်မှ အနည်းငယ်မာသော စကားလုံးများက ပြေးထွက်သွား သည်။ စံပယ် ကျွန်တော့်ကို ထိုသို့ပြောလိုက်ခြင်းကို ကျွန်တော် လုံးဝမနှစ်မြို့။ ကျွန်တော့်စကား ဆုံးသည်နှင့် စံပယ်က ကျွန်တော့်ဘက်သို့လှည့်ပြီး မျက်ဝန်း

များကို သေချာစိုက်ကြည့်သည်။ စံပယ့်မျက်ဝန်းထဲမှ အရိပ်များသည် ကျွန်တော့် နှလုံးသားအား နာကျင်စေသည်။

'စံပယ့်ချစ်သူက ဘယ်လိုလူစားမျိုးလဲဆိုတာ စံပယ် ကောင်းကောင်းသိတာပေါ့။ အမှန်တော့ အချစ်ဆိုတာ ဘဝမှမဟုတ်ဘာ။ အချစ်မပါဘဲ ဘဝကို ဖန်တီးနိုင်တယ်လေ။ အဲဒီလိုပဲ ဘဝမပါဘဲလည်း အချစ်ကို ဖန်တီးလို့ရတယ်။ မောင်နဲ့ စံပယ်က အဲဒီစာနှစ်ကြောင်းထဲက တစ်ယောက်တစ်ကြောင်း ပိုင်ရင်ပေါ့။ မောင် ‌မေးချင်တဲ့ မေးခွန်းတစ်ခုရဲ့အဖြေကို စံပယ် ဘယ်တော့မှ မပြောဘူး။ ဒီလိုပဲ နှင်းဆီကလည်း ဘယ်တော့မှ ပြောမှာမဟုတ်ဘူး။ ပြီးတော့ မောင် နှင်းဆီကို လက်မထပ်ဘူးဆိုရင် စံပယ့်မျက်နှာကို မောင် ဒီတစ်သက် ဘယ်တော့မှ မြင်တွေ့ခွင့်ရမှာ မဟုတ်တော့ဘူး'

စံပယ်က သူမ ဆုံးဖြတ်ပြီးသား စကားများကို ပြောနေသည်။ ကျွန်တော့်တွင် ရွေးချယ်စရာလမ်းက နည်းသည်ထက် နည်းလာသည်။ စံပယ့်ကို ပိုင်ဆိုင်လိုစိတ်ရှိသော်လည်း ခုလို နှင်းဆီအား လက်ထပ်လိုက်လျှင် စံပယ် ကျွန်တော်နှင့် အနီးဆုံးမှာ ရှိနေနိုင်သေးသည်။ အသေချာဆုံးက စံပယ် ကျွန်တော့်အနီးမှာမရှိလျှင် ကျွန်တော့်ရှင်သန်မှုက အသက်မဲ့သွားနိုင်သည်။

'ဟုတ်ပါပြီ။ စံပယ့်ကိုချစ်ရင် နှင်းဆီကို လက်ထပ်ပါဆိုတာ မောင် အတတ်နိုင်ဆုံး ကြိုးစားမယ်။ ဒါပေမဲ့ ကတိတစ်ခုတော့ ပေးရမယ်။ ဘယ်သောအခါမှ မောင်နဲ့ နှင်းဆီအနားက ထွက်မသွားပါဘူးဆိုတဲ့ ကတိကိုပေး။ အရာအားလုံး စံပယ့်သဘောတိုင်း ဖြစ်စေရမယ်'

ကျွန်တော် စကားကို ချင့်ပြီးပြောသည်။ ထိုအခါ စံပယ်က ဟက်ဟက်ပက်ပက် ရယ်ပြီး ...

'အရာအားလုံး မောင့်သဘောတိုင်း ဖြစ်စေရမယ်။ စံပယ့်ဆန္ဒကို လိုက်လျောတယ် ဆိုရင်ပေါ့'

'အင်းပါ။ ဒီလောက်ထိ သဘောထားကြီးပြီး ကိုယ့်ချစ်သူကို သူများရင်ခွင်မှာ ပျော်မွေ့စေချင်တယ်ဆိုတော့လည်း စံပယ့်ကိုချစ်တဲ့ မောင်က ကြိုးစားပေးရမှာပေါ့။ မောင်က စံပယ့်ကို ချစ်တာကိုး'

စကားများက မာနမရှိစွာ ပြောထွက်သော်လည်း မာနကြီးသောနှလုံးသားကမူ မျက်ရည်များကို နာကျင်ခြင်းအဖြစ် စွန့်ထုတ်လာသည်။ မျက်ရည်များကို လက်ဖမိုးနှင့် အသာသုတ်လိုက်သည်။ ကျွန်တော်နှင့် စံပယ်၊ စံပယ်နှင့် နှင်းဆီကြားတွင် ကျွန်တော် မသိနိုင်သော လျှို့ဝှက်ချက်တစ်ခုခုတော့ ရှိနေပြီ။ ထိုအရာကို သူမတို့နှစ်ဦး သစ္စာကြီးကြီးထားပြီး ကျွန်တော် မသိအောင် စောင့်ထိန်းကြတော့မည်။

စံပယ်နှင့် ချစ်သူအဖြစ်တွေ့ဆုံသည့် နောက်ဆုံးနေ့၏ အပြန်လမ်းသည်

ရင်ခွင်တစ်ခုလုံးအား နာကျင်မှုကိုပေး၏။ သိပ်ချစ်၍ မြတ်နိုးစွာ လက်ထပ်ခြင်းကို သဘောတူပြီးမှ ယခုကဲ့သို့ ငြင်းဆန်ခြင်းကို စံပယ် အကြောင်းမဲ့ ပြုလုပ်ခြင်းတော့ မဟုတ်နိုင်ပေ။ ပညာတတ်ပီသစွာ သေချာသော အခြားအကြောင်းအရာများ ရှိနေလိမ့်မည်။ ထိုအရာက အဘယ်နည်း။

ထိုညတွင် ကျွန်တော် မူးအောင်သောက်သည်။ ဆေးရုံမှ ဂျူတီအော့ဖ် ရထားသဖြင့် တော်သေးသည်။ ထိုသို့မဟုတ်လျှင် ကျွန်တော် ပျော့ရှင်စွာ တာဝန်မထမ်းဆောင်နိုင်ခြင်းကို ဆေးရုံအသိုင်းအဝိုင်းမှ သိလိမ့်မည်။ ကျွန်တော်၏ ပျက်ယွင်းနေသော မျက်နှာများကို ဆေးရုံဝန်ထမ်းများသိလျှင် အပြောခံရနိုင်သည်။ ဆေးရုံအသိုင်းအဝိုင်းသည် အခြားနေရာများထက် လူမှုရေးပြဿနာများကို စိတ်ဝင်စားတတ်သည်။ ပညာတတ်များနှင့် ပညာရှင်များ နေထိုင်သည့် သီးခြားကမ္ဘာတစ်ခုဖြစ်သဖြင့် ပြဿနာများကို ပညာသားပါပါ ဖြေရှင်းတတ်ကြခြင်းကပင် ဆေးရုံအသိုင်းအဝိုင်းမှ လူမှုရေးကို ပိုမိုရှုပ်ထွေးစေသည်။

အချစ်သည် ကျွန်တော့်အား ရူးသွပ်မှုကို ဖြစ်စေသည်ကတော့ အမှန်ပင် ဖြစ်သည်။ စားတူတူ သွားတူတူ အမြဲ အရိပ်ပမာဖြစ်နေသော စံပယ်သည် ကျွန်တော့်ထံတော်ပါးမှ ပျောက်ကွယ်သလို ဖြစ်နေသည်။ ကျွန်တော်၊ စံပယ်နှင့် နှင်းဆီတို့ ဆေးရုံမှာ ward တစ်ခုတည်းတွင် အတူတူ အလုပ်ကြိုးစားခဲ့ခြင်းများက အတိတ်တွင် ကျန်နေရစ်ခဲ့လေပြီ။ လစ်ဟာလာသော စံပယ့်နေရာသို့ မသိမသာ တိုးဝင်လာသူမှာ နှင်းဆီပင် ဖြစ်သည်။ ခံစားချက်ကို မြိုသိပ်နိုင်စွမ်းမရှိသော တစ်နေ့တွင် ...

'နှင်းဆီ ... ကိုယ် မေးစရာလေးတွေရှိလို့ ကန်ပေါင်ကိုလာနိုင်မလား'

ကျွန်တော့်မက်ဆေ့ချ်ကို နှင်းဆီက လာမည်ဟု ချက်ချင်းအကြောင်းပြန်လာသည်။ ချိန်းထားသည့်နေရာ၌ အချိန်အနည်းငယ်စောင့်ပြီးချိန်တွင် အနက်ရောင်ဝတ်စုံဖြင့် နှင်းဆီက တည်ငြိမ်စွာ လှမ်းလာနေသည်။

'ဒေါက်တာ ရောက်နေတာ ကြာပြီလား။ နှင်းဆီ နည်းနည်းနောက်ကျသွားတယ်။ လူနာတစ်ချက်ကြည့်နေလို့'

သူ့စကားကို အသိမှတ်ပြုပြီး ...

'သိပ်မကြာသေးပါဘူး။ ခုနက ရောက်တာ'ဟု ဖြေလိုက်သည်။ နောက် စံပယ်က ထပ်ပြီး ...

'စံပယ့်ကိုချစ်ရင် နှင်းဆီကို လက်ထပ်ပါဆိုတဲ့ကိစ္စမှ ဟုတ်ပါလေစ ဒေါက်တာ'

သူမ၏ ပြောစကားနှင့် ဟန်ပန်အမူအရာက မည်သို့မှ ခန့်မှန်းမရအောင် အေးဆေးတည်ငြိမ်လွန်းလှသည်။ နှင်းဆီ၏မျက်နှာတွင် ယခင်ကဲ့သို့ နောက်ပြောင်ရိပ်များကို မတွေ့ရ။

'ဒေါက်တာ ဘာမေးမေး နှင်းဆီ ဖြေနိုင်မယ်မထင်ဘူး။ အထူးသဖြင့် စံပယ့်ဆုံးဖြတ်ချက်နဲ့ပတ်သက်ပြီး နှင်းဆီနဲ့ စံပယ် ရင်ဘတ်ချင်းကပ်ပြီး နှလုံးသားကို ခွဲတမ်းချတာ မဟုတ်ဘူးဆိုတာ သေချာတယ်။ နှင်းဆီချစ်တဲ့ ဒေါက်တာ့ကို ပိုင်ဆိုင်ခွင့်ရဖို့ နှင်းဆီရဲ့ရင်ဘတ်ကို ပျော်အောင် စံပယ်က ဒေါက်တာ့ကို ထည့်ပေးလိုက်တာ။ စံပယ့်စကားကို ဒေါက်တာ မငြင်းမှာ စံပယ်က သေချာသိတယ်လေ။ ဒေါက်တာက စံပယ့်ကိုချစ်ပြီးတော့ စံပယ့်စကားကို နားထောင်မယ်မှန်း စံပယ်က သိနေတာကိုး

'နောက်ထပ် သေချာတာတစ်ခုက စံပယ်ကော နှင်းဆီကော ဒေါက်တာ့ကို ဘယ်မိန်းမရင်ခွင်ကိုမှ ထည့်မပေးနိုင်ဘူး။ နှင်းဆီနဲ့ အဆင်ပြေအောင် စံပယ် ဖန်တီးတယ်ဆိုလည်း မမှားပါဘူး။ အကြောင်းတစ်ခုခုကြောင့် စံပယ်က ဒေါက်တာနဲ့ လက်ထပ်ခြင်းကို ငြင်းလိုက်ရင် ဘာခံစားချက်မှမထားဘဲ နှင်းဆီရင်ခွင်က ဒေါက်တာ့အတွက် အဆင်သင့်ဖြစ်နေတာကို သူသိတယ်လေ။ နှင်းဆီ ကတိတစ်ခုတော့ ပေးနိုင်တယ်။ နှင်းဆီနဲ့ပတ်သက်ပြီး ဒေါက်တာ တစ်သက်လုံး စိတ်မဆင်းရဲစေရဘူး'

နှင်းဆီ၏စကားများကို ကျွန်တော် အကြွင်းမဲ့ယုံသည်။ စံပယ်၏ ကျွန်တော့်အပေါ် လုပ်ဆောင်ချက်အားလုံးကို အပြစ်မတင်လိုတော့။ စံပယ် ကျွန်တော့်ကို ချစ်သလို နှင်းဆီ ကျွန်တော့်အပေါ်ချစ်မှန်း ကျွန်တော် သိသည်။ နောက်ဆုံးတွင် စံပယ်၏စိတ်ဆန္ဒအတိုင်း လက်ထပ်ခြင်းဖိတ်စာမှ အမည်နာမများကို ကျွန်တော် ပြောင်းလဲလိုက်သည်။ ထိုအရာသည်ကာ စံပယ့်ကိုချစ်သည့် အချစ်တည်း။

* * *

'မောင် ... ဒီမှာ ဖိတ်စာလေး။ လှလား'

ဖိတ်စာနမူနာတစ်စောင်ကို ကိုင်ပြီး စံပယ့်နှုတ်မှ 'မောင်'ဟု လွှတ်ခနဲ ထွက်လာ၏။ ထိုအသံကြောင့် ကျွန်တော့်ဘေးတွင် ရပ်နေသော နှင်းဆီက ဖိတ်စာကို တစ်ချက်ကြည့်သည်။

'ဟယ် ... လှလိုက်တာ စံပယ်ရယ်။ နှင်းဆီကိုတော့ မပြောဘူး။ နှင်းဆီ လိုက်ကူမှာပေါ့'

ကျွန်တော့်ကို 'မောင်'ဟု သတိလက်လွှတ် ခေါ်လိုက်ခြင်းလား ဒါမှမဟုတ် တမင်ခေါ်ခြင်းလားကို သေချာမသိပေမဲ့ ရင်ခုန်ခြင်းကတော့ အတိုင်းမသိ ဖြစ်နေသည်။

'အမယ် ... ဘာမှလုပ်ဖို့မလိုဘူး။ အေးအေးဆေးဆေးလေ မင်္ဂလာပွဲတက်ရုံပဲ။ ဒေါက်တာနဲ့ နှင်းဆီပွဲကို စံပယ် အားလုံးစီမံပေးချင်လို့လေ'

စံပယ်က ဟန်အမူအရာတစ်မျိုးဖြင့် တက်ကြွနေသလို နှင်းဆီသည်လည်း



ထိုနည်းလည်းကောင်း။ အချိန်၏တိုက်စားခြင်းကြောင့် မင်္ဂလာရက်က တဖြည်းဖြည်း နီးရာမှ ပွဲနေ့သို့ရောက်လာသည်။ ညှော်ခံပွဲတွင် ဖိတ်ထားသော ညှော်သည်များက အပြည့်။ သတို့သား၊ သတို့သမီး ထိုင်ခုံဘေးတွင် စံပယ်က နှင်းဆီနှင့် အကျီအရောင်တူဝတ်ပြီး သတို့သမီးအရန် လုပ်၏။ ဒေါက်တာမင်းသခင်နှင့် ဒေါက်တာနှင်းဆီဆိုသည့် စာလုံးများကို ကျွန်တော် မကြာခဏကြည့်မိသည်။ အမှန်ဆို ဒေါက်တာမင်းသခင်နှင့် ဒေါက်တာစံပယ် ဖြစ်ရမှာလေ။

ကျွန်တော်တို့၏ မင်္ဂလာအစီအစဉ်များ အားလုံးကို စံပယ်စိတ်တိုင်းကျ လုပ်ခြင်းကို နှင်းဆီက ခွင့်ပြုသည်။ ကျွန်တော်သည် စံပယ် စိတ်ချမ်းသာလျှင် ပြီးရောဆိုသည့် စိတ်ဖြင့် အရာအားလုံးကို လက်ခံလိုက်သည်။ မင်္ဂလာ ညှော်ခံပွဲ ပြီးသည့်နောက်တွင် စံပယ်လက်ဖွဲ့သော တိုက်ခန်းတွင် ကျွန်တော်နှင့် နှင်းဆီ နားနေကြသည်။ ပွဲတစ်လျှောက်လုံးတွင် အနည်းငယ်စိတ်ဝင်စားသော မျက်လုံးများမှလွဲပြီး အခြားကိစ္စများ ထွေထွေထူးထူးမဖြစ်။

ကျွန်တော်နှင့် နှင်းဆီ၏ မင်္ဂလာဦးတိုက်ခန်းလေးက ည၏တိတ်ဆိတ်ခြင်းနှင့်အပြိုင် အေးချမ်းနေသည်။ ချစ်သူနှင့် ချစ်ရည်တူ ကြည်ဖြူရမည်ဆိုလျှင် ရင်ခုန်သံတွေ ဝုန်းဒိုင်းကြဲပြီး ခိုးခိုးခစ်ခစ်သံများ ထွက်နေမည်ဖြစ်သော်လည်း ချစ်သူ၏တောင်းဆိုမှုကြောင့် သူငယ်ချင်းတစ်ယောက်ကို သူ စိတ်ချမ်းသာခြင်းအလို့ငှာ လက်ထပ်ခြင်းတွင် အချို့သော အေးစက်ခြင်းများကို ပူနွေးလာအောင် ကျွန်တော် မစွမ်းဆောင်နိုင်။

နှင်းဆီက အလိုက်သိစွာ မည်သည့်အပူကပ် ချွဲနွဲ့ကြည်စယ်ခြင်း မရှိ။ နာရီကို ကျွန်တော် ကြည့်မိတော့ ၉ နာရီခွဲနေပြီ။ မင်္ဂလာဦးအိပ်ခန်းရှိ ခန်းစီး အပြာရောင်က တလှုပ်လှုပ်ဖြစ်နေသည်ကို ကြည့်ပြီး ပြုံးမိသည်။ ကျွန်တော့် ချစ်သူ စံပယ်နှင့်ဆိုလျှင် ဒီလိုအချိန်မျိုးတွင် ဘာတွေဆက်ဖြစ်မည်ကို မတွေးဝံ့ပေ။ ကျွန်တော့်အပြုံးတချို့ မဆုံးမီ 'ဒေါက် ... ဒေါက် ...'ဆိုသည့် တံခါးခေါက်သံ ကြားလိုက်ရသည်။ မည်သူကများ သူတစ်ပါး မင်္ဂလာဦးညသို့ လာသနည်း။ ကျွန်တော် တံခါးကိုဖွင့်ပေးလိုက်လျှင် မြင်တွေ့ရသော မြင်ကွင်းကြောင့် မျက်ဝန်းအစုံပြူးသွားပြီး 'စံပယ်'ဆိုသည့် အမည်တစ်ခုကို ရွတ်လိုက်မိသည်။

## အခန်း ၃

'မောင် ... ဘာကြည့်နေတာလဲ။ လာလည်လို့ မရတော့ဘူးလား။ နှင်းဆီကော ...'

သူမက ပြောပြီး အခန်းတွင်းသို့ တစ်ချက်ငေ့ကြည့်သည်။ တံခါးခေါက်သံ ကြားလိုက်သောကြောင့် နှင်းဆီက အခန်းတွင်းမှ အပြင်သို့ထွက်လာသည်။

ထိုနည်းလည်းကောင်း။ အချိန်၏တိုက်စားခြင်းကြောင့် မင်္ဂလာရက်က တဖြည်းဖြည်း နီးရာမှ ပွဲနေ့သို့ရောက်လာသည်။ ညစာစားပွဲတွင် ဖိတ်ထားသော ဧည့်သည်များက အပြည့်။ သတို့သား၊ သတို့သမီး ထိုင်ခုံဘေးတွင် စံပယ်က နှင်းဆီနှင့် အကျီအရောင်တူဝတ်ပြီး သတို့သမီးအရန် လုပ်၏။ ဒေါက်တာမင်းသခင်နှင့် ဒေါက်တာနှင်းဆီဆိုသည့် စာလုံးများကို ကျွန်တော် မကြာခဏကြည့်မိသည်။ အမှန်ဆို ဒေါက်တာမင်းသခင်နှင့် ဒေါက်တာစံပယ် ဖြစ်ရမှာလေ။

ကျွန်တော်တို့၏ မင်္ဂလာအစီအစဉ်များ အားလုံးကို စံပယ်စိတ်တိုင်းကျ လုပ်ခြင်းကို နှင်းဆီက ခွင့်ပြုသည်။ ကျွန်တော်သည် စံပယ် စိတ်ချမ်းသာလျှင် ပြီးရောဆိုသည့် စိတ်ဖြင့် အရာအားလုံးကို လက်ခံလိုက်သည်။ မင်္ဂလာ ညစာ ခံပွဲ ပြီးသည့်နောက်တွင် စံပယ်လက်ဖွဲ့သော တိုက်ခန်းတွင် ကျွန်တော်နှင့် နှင်းဆီ နားနေကြသည်။ ပွဲတစ်လျှောက်လုံးတွင် အနည်းငယ်စိတ်ဝင်စားသော မျက်လုံးများမှလွဲပြီး အခြားကိစ္စများ ထွေထွေထူးထူးမဖြစ်။

ကျွန်တော်နှင့် နှင်းဆီ၏ မင်္ဂလာဦးတိုက်ခန်းလေးက ည၏တိတ်ဆိတ်ခြင်းနှင့်အပြိုင် အေးချမ်းနေသည်။ ချစ်သူနှင့် ချစ်ရည်တူ ကြည်ဖြူရမည်ဆိုလျှင် ရင်ခုန်သံတွေ ဝုန်းဒိုင်းကြဲပြီး ခိုးခိုးခစ်ခစ်သံများ ထွက်နေမည်ဖြစ်သော်လည်း ချစ်သူ၏တောင်းဆိုမှုကြောင့် သူငယ်ချင်းတစ်ယောက်ကို သူ စိတ်ချမ်းသာခြင်းအလို့ငှာ လက်ထပ်ခြင်းတွင် အချို့သော အေးစက်ခြင်းများကို ပူနွေးလာအောင် ကျွန်တော် မစွမ်းဆောင်နိုင်။

နှင်းဆီက အလိုက်သိစွာ မည်သည့်အပူကပ် ချွဲနွဲ့ကြည်စယ်ခြင်း မရှိ။ နာရီကို ကျွန်တော် ကြည့်မိတော့ ၉ နာရီခွဲနေပြီ။ မင်္ဂလာဦးအိပ်ခန်းရှိ ခန်းစီး အပြာရောင်က တလှုပ်လှုပ်ဖြစ်နေသည်ကို ကြည့်ပြီး ပြုံးမိသည်။ ကျွန်တော့် ချစ်သူ စံပယ်နှင့်ဆိုလျှင် ဒီလိုအချိန်မျိုးတွင် ဘာတွေဆက်ဖြစ်မည်ကို မတွေးဝံ့ပေ။ ကျွန်တော့်အပြုံးတချို့ မဆုံးမီ 'ဒေါက် ...ဒေါက် ...'ဆိုသည့် တံခါးခေါက်သံ ကြားလိုက်ရသည်။ မည်သူကများ သူတစ်ပါး မင်္ဂလာဦးညသို့ လာသနည်း။ ကျွန်တော် တံခါးကိုဖွင့်ပေးလိုက်လျှင် မြင်တွေ့ရသော မြင်ကွင်းကြောင့် မျက်ဝန်းအစုံပြူးသွားပြီး 'စံပယ်'ဆိုသည့် အမည်တစ်ခုကို ရွတ်လိုက်မိသည်။

အခန်း ၃

'မောင် ...ဘာကြည့်နေတာလဲ။ လာလည်လို့ မရတော့ဘူးလား။ နှင်းဆီကော ...'

သူမက ပြောပြီး အခန်းတွင်းသို့ တစ်ချက်ငေ့ကြည့်သည်။ တံခါးခေါက်သံ ကြားလိုက်သောကြောင့် နှင်းဆီက အခန်းတွင်းမှ အပြင်သို့ထွက်လာသည်။

'ဟယ် ...စံပယ်၊ နှင် ရောက်လာတယ်။ ငါ နှင့်ကို လာလည်မယ် ထင်မထားဘူး။ လာ ...။ ဒီနေ့တော့ ငါနဲ့ ဒေါက်တာရဲ့ မင်္ဂလာဦးနေ့အဖြစ် ဗိုင်းဖွဲ့လိုက်ရအောင်'

နှင်းဆီက ပြောပြောဆိုဆိုဖြင့် ရေခဲသေတ္တာထဲမှ ပုလင်းတချို့ကို ထုတ်လာသည်။

'နေဦး။ အမြည်းလုပ်လိုက်ဦးမယ်။ ကြက်ဥကြော်နဲ့ ဝက်အူချောင်း လုပ်လိုက်မယ်။ အဲဒါဆို အိုကေပြီ။ ကျောင်းတုန်းကလို တစ်ပွဲလောက် လုပ်လိုက်ရအောင်'

သူမတို့နှစ်ဦး စကားတွေ ရေပက်မဝင်အောင်ပြောပြီး သောက်စားဖို့ကို တက်ကြွစွာလုပ်နေကြသည်။ ကျွန်တော် သူမတို့နှစ်ဦးကိုကြည့်ပြီး စိတ်ထဲတွင် မည်သို့မှ ဝေခွဲမရ။ မည်သို့သော မေတ္တာတရားများဖြင့် သူမတို့ ကျွန်တော့်အပေါ် သဘောထားကြီးနေကြသနည်း။ ခဏကြာလျှင် နှင်းဆီက အမြည်းပန်းကန်ကို ယူလာသလို စံပယ်က မော်ဒါဂါတစ်ပုလင်းကို ဟန်ပါပါ ဖောက်နေလေပြီ။ နောက် ခွက်ထဲကို ညီတူညီမျှထည့်လိုက်တာကို တွေ့ရသည်။ ကဲ ...သောက်ကြရပေဦးမည်။ သူငယ်ချင်းသုံးယောက်မှ အစပြုသော အိမ်ထောင်တစ်ခု သဘောထားကြီးပြိုင်ပွဲ။

'ချီးယား ...'

သုံးယောက်စလုံး အသံကို ခပ်မြင့်မြင့်အော်ပြီး တစ်ခွက်လုံး မော့ချလိုက်သည်။ ကျွန်တော့်ရင်ထဲသို့ အရည်တချို့က ပူခနဲဝင်သွားသလို စံပယ်နှင့် နှင်းဆီတို့၏မျက်နှာက ရှုံ့မဲ့စွာဖြစ်နေသည်။ စံပယ်က တူကိုကိုင်ပြီး ကြက်ဥကြော်ကို နှင်းဆီပါးစပ်သို့ ခွံ့ကျွေးပြီး ကျွန်တော့်ကို အသာလာခွံ့သည်။ ခုလို သောက်စားနေချိန်တွင် စံပယ်နှင့် နှင်းဆီကို ကျွန်တော်၏ သောက်ဖော်သောက်ဖက်ဟုပင် ထင်မြင်မိသည်။

ကိုယ်ခန္ဓာအတွင်းသို့ ယမကာများ အနည်းငယ်ဝင်လာလျှင် အာသွက်လျှာသွက် ဖြစ်လာသည်။ သူမတို့နှစ်ဦးကလည်း ယမကာခွက်ကို လက်ကမချသလို အမြည်းကိုလည်း တစွတ်စွတ်ဖြင့် စားနေကြည်။ နှင်းဆီ၏မျက်နှာသည် မိတ်ကပ်များကို ဖျက်ထားသဖြင့် ညမီးရောင်အောက်တွင် တစ်မျိုးကြည့်ကောင်းနေပြီ စံပယ့်မျက်နှာကတော့ အနည်းငယ်သောအရောင်ဖြင့် ပျော့ပျောင်းနူးညံ့နေသည်။

တောင်တောင်အီအီစကားများ ပြောနေသော်လည်း စိတ်ထဲတွင် သူမတို့နှစ်ဦးစလုံး ကျွန်တော့်ကိုပြောခဲ့သည့် ကျွန်မ မောင့်ကို ဘယ်တော့မှဆိုသည့် စကားကို မေးချင်နေသည်။ ဒီနေရာတွင် နှင်းဆီကမျက်နှာရိပ်မျက်နှာကဲ ပိုပြီးခတ်နိုင်သည်။ စံပယ်ကတော့ ဘာသိဘာသာ မသိချင်ယောင်ဆောင်နေ၏။

'ကိုယ် တစ်ခုမေးချင်တယ်။ ခွင့်ပြုမလား'

ကျွန်တော် စကားစလိုက်သည်နှင့် စံပယ်နှင့် နှင်းဆီက ကျွန်တော့်ကို ကြည့်သည်။ ပြီးရင် စံပယ်က 'အင်း ...'ဆိုသည့်သဘောဖြင့် ခေါင်းဆတ်ပြီး သူမခွက်ကို အကုန်မော့သောက်လိုက်သည်။

'ကျွန်မ မောင့်ကို ဘယ်တော့မှ ...'

ကျွန်တော့်စကားပင် မဆုံးသေး။ စံပယ်က ...

'ဖြေရမှာပေါ့။ ဖြေချင်လို့ကို ဒီကိုလာတာလေ။ ဒီရောက်တော့ နှင်းဆီက ဝိုင်းလေးလုပ်လိုက်ကြအောင်ဆိုတာနဲ့ လာရင်းကိစ္စကို ခဏထားပြီး ကဲနေတာ'

စံပယ့်ပုံစံက ဒီကိစ္စကိုပြောပြဖို့ ဆုံးဖြတ်ထားပုံရသည်။

'တကယ်တော့ အိမ်ထောင်ကျသွားတဲ့ အချစ်ဟောင်းဆီကို စံပယ် ဒီလို ညမျိုးမှာ မလာသင့်ဘူးဆိုတာ သိတယ်။ ဒါပေမဲ့ ဒီတစ်ရက်တော့ လာချင်တယ် မောင်။ ပြီးတော့ ခုလိုခေါ်နေတဲ့ မောင်ဆိုတဲ့စကားလုံးကိုလည်း ဒီတစ်ညတော့ သုံးခွင့်ပေးစေချင်တယ် နှင်းဆီ'

စံပယ်က ကျွန်တော့်ကိုပြောရင်း နှင်းဆီကိုပါ ခွင့်တောင်းသည်။ နှင်းဆီက ...

'ကောင်မ ... အပိုတွေပြောမနေနဲ့။ ဒါတွေ နင်နဲ့ ငါကြားမှာ မလိုဘူး။ နင်နဲ့ ငါက သွေးချင်းထက် ကျောချင်းကပ်တဲ့သူတွေ။ ဒါတွေ နင်သိပါတယ်။ နင့်ရင်ထဲမှာရှိတဲ့ ခံစားချက်တွေကို ဖောက်ထုတ်လိုက်စမ်းပါ'

နှင်းဆီစကားကြောင့် စံပယ်က ရယ်ပြီး ဆက်ပြောသည်။

'အိမ်ထောင်ကျသွားပြီးတဲ့ အချစ်ဟောင်းကို ရင်ထဲက ထုတ်ပစ်ပုံမယ်လို့ စံပယ် တစ်ခါမှ ကတိမပေးခဲ့ပါဘူး မောင်။ လက်ထပ်သွားသည်ဖြစ်စေ၊ လက်မထပ်သေးသည်ဖြစ်စေ အဝေးကနေ ဒီယောကျ်ားကို လွမ်းခွင့်၊ ဆွေးခွင့်တော့ ရှိမယ်ထင်တယ်။ ဒါမှ စံပယ့်အချစ်တွေ သေဆုံးမသွားမှာပေါ့'

စံပယ့်စကားဆုံးသည်နှင့် နှင်းဆီက အာလေးနေသောအသံဖြင့် သူမ၏ ခံယူချက်ကိုပြောပြန်သည်။

'နှင်းဆီနဲ့ ဒေါက်တာ အိမ်ထောင်ကျသွားတယ်။ အိမ်ထောင်သည် တစ်ယောက်က အရင်ချစ်သူဟောင်းကို လွမ်းခွင့်၊ ချစ်နေခွင့် ရှိတာပဲလေ။ နှင်းဆီ ဘာကိုမှ မချုပ်ကိုင်ထားဘူး။ စံပယ့်ကျေးဇူးနဲ့ ဆုံးဖြတ်ချက်တွေကြောင့် ဒေါက်တာ နှင်းဆီရင်ခွင်ကို ရောက်လာတာလေးကိုပဲ ရိုးသားစွာ ထိန်းသိမ်းထားမယ်။ ဒေါက်တာ့စိတ်တွေ ဘယ်ဆီကိုပျံ့လွင့်နေတယ်ဆိုတာ နှင်းဆီ လောဘကြီးစွာ မသိမ်းပိုက်ဘူး။ ဒါဟာ နှင်းဆီရဲ့ အချစ်ဒဿနပဲ'

သူမတို့နှစ်ယောက်၏ အချစ်အဓိပ္ပာယ်ကို ကျွန်တော် လိုက်မမီတော့သဖြင့် နှင်းဆီကိုရည်ရွယ်ပြီး ...

'အိမ်ထောင်သည် ယောကျ်ားတစ်ယောက်က အိမ်ထောင်ရှင်မကို စိတ်ချမ်းသာအောင်ထားရမယ့် ဝတ္တရားကို ကိုယ် အပြည့်အစုံ ဖန်တီးပေးမယ်။ အမှန်ကန်ဆုံး ဝန်ခံရမယ်ဆိုရင်တော့ စံပယ့်ကြောင့်သာမဟုတ်ရင် နှင်းဆီကို လက်ထပ်ခြင်းဆိုတာ မိုင်ပေါင်းအဝေးကြီးမှာ။ အချစ်အားလုံးက မေတ္တာတရားအပေါ် အခြေခံပြီး ဖြစ်ပေါ်တာတယ်ဆိုတော့ ဆက်လက်ပြီး မေတ္တာရဲ့ သစ္စာကြီးမားမှုကို ကိုယ်တို့သုံးယောက် ထိန်းသိမ်းရမှာပေါ့'

ကျွန်တော့်စကားဆုံးသည်နှင့် စံပယ်က ...

'သေချာတယ်နော် ရှင် ...'

ဆိုပြီး လက်ညှိုးထိုးပြီး ကျွန်တော့်ကို နောက်၏။

'ကဲ ... နှင်းဆီရေ အားလုံး အိုစကေသွားပြီ။ ငါ ဘာလို့ စံပယ့်ကို ချစ်ရင် နှင်းဆီကို လက်ထပ်ပါဆိုတာကို နှင် ပြောပြလိုက်တော့'

စံပယ်က နှင်းဆီကို ပြောခွင့်ပေးလိုက်သည်နှင့် နှင်းဆီက စားနေသောဝက်အူချောင်းကို အပြီးသတ် မျိုချလိုက်ပြီး ...

'ဘယ်သောခါမှ သားသမီးမရနိုင်တဲ့ မိန်းမတစ်ယောက်ကို ယောကျ်ားတစ်ယောက်က တစ်သက်လုံး သည်းခံနိုင်မယ်လို့ ဒေါက်တာ ထင်သလား။ ဒေါက်တာလည်း ဆရာဝန်တစ်ယောက်ပဲလေ။ တစ်ချိန်ချိန်မှာ စိတ်ပျက်သွားရင် ခုချစ်ပြီးကွဲလို့ ခံစားရတာထက် အများကြီးပိုခံစားရနိုင်တယ်။ ယောကျ်ားတွေရဲ့အချစ်တွေကို မယုံရဲတာလည်း ပါမယ်ထင်တယ်။ ကျန်တာကတော့ စံပယ် ရှင်းပြလိမ့်မယ်'

နှင်းဆီစကား ဆုံးလျှင် ကျွန်တော်က စံပယ့်ကိုကြည့်ပြီး ...

'ဟာ ... မဆိုင်လိုက်တာ နှင်းဆီရယ်။ စံပယ့်ကိုယ်မှာလို့ သူ သားသမီးမရနိုင်တော့ ဘာဖြစ်လဲ။ ကလေးဆိုတာ မိခင်ကြောင့် ဖြစ်လာတာလေ။ ကိုယ်က အဲဒီလို ရန်လုပ်နေမယ့်ကောင်မို့လို့လား' ။

'ဒါပေမဲ့ ကျွန်မ မယုံရဲဘူး။ လမ်းခွဲလို့ နာကျင်ရတဲ့ နာကျင်ခြင်းထက် နောင်တစ်ချိန် နေ့စဉ်ရက်ဆက် ငြိုငြင်ခြင်းကို မခံစားနိုင်လောက်ဘူးထင်လို့ စံပယ် ခုလိုလုပ်လိုက်တာပါ။ အမှန်တော့ ဒီနေ့လာတာ လာနှုတ်ဆက်တာ။ နှင်းဆီနဲ့ မောင့်ကိုပေါ့။ နောက်တစ်နာရီလောက်နေရင် စံပယ့်ကို ဖေဖေ လာခေါ်လိမ့်မယ်။ နောက်ဆို နိုင်ငံခြားမှာ ကျောင်းသွားတက်ဖို့ သွားတော့မှာလေ။ ဒီကိစ္စကို လုပ်နေတာကြာပြီ။ ဒီနေ့ မောင်လို့ နောက်ဆုံးခေါ်ချင်လို့။ ပြီးတော့ နှင်းဆီကို မှာချင်တယ်။ မောင့်ကို စိတ်ချမ်းသာအောင် ထားပေးပါ။ နောင်တစ်ချိန် စံပယ် မြန်မာနိုင်ငံပြန်လာဖြစ်ရင် သားသမီးတွေစုံညီနေတဲ့ ဒေါက်တာမင်းသခင်နဲ့ ဒေါက်တာနှင်းဆီတို့ မိသားစုလေးကို မြင်ချင်တယ်'

စံပယ်က ပြောရင်းနှင့် နှင်းဆီကိုဖက်ပြီး ငိုနေလေသည်။ လက်ထပ်ပြီး

သော်လည်း ချစ်သူဟောင်း ငိုနေသဖြင့် ကျွန်တော့်ရင်မှာ ခံစားချက်က မည်သို့မည်ပုံ ဖြစ်နေသည်ကိုမသိ။ စံပယ် ငိုရှိုက်နေသည်ကိုကြည့်ပြီး နှင်းဆီလည်း ငိုနေပြီ။ သူမတို့နှစ်ဦး၏ ရှိုက်ကြီးတငင်ငိုနေခြင်းကို ကြည့်နေရသော ကျွန်တော့် မျက်ဝန်းမှ မျက်ရည်များက ထိန်းချုပ်နိုင်စွမ်းမရှိစွာ ကျဆင်းလာသည်။

နှင်းဆီသည် သူငယ်ချင်း၏ချစ်သူကို ပိုင်ဆိုင်ခွင့်ရခဲ့သော်လည်း သဘောထားကြီးပြီး စွန့်လွှတ်ချစ်တတ်သော စံပယ့်အတွက် ငိုကြွေးနေသလို စံပယ်ကလည်း သူ မချစ်သော ကျွန်တော့်အပေါ် အနာဂတ်တွင် ဖြစ်ပျက်လာနိုင်သော ပြဿနာများကို ဆင်ခြင်ပြီး လက်ထက်ခြင်းကို ပျက်စေခဲ့သည်။

လောကတွင် ထိုကဲ့သို့ သစ္စာ၊ မေတ္တာ၊ မုဒိတာတရားများဖြင့် လွှမ်းခြုံတတ်သော ချစ်ခြင်းတရားများ ရှိတတ်သည်ကို ကျွန်တော် မျက်ဝါးထင်ထင် တွေ့နေရ၏။ နောက် စံပယ့်ကို သူမ၏ဖခင်က မိုးသိပ်မချုပ်မီ လာခေါ်သည်။ စံပယ့်ဖေဖေက သူ့သမီး သောက်စားထားသည်ကို ကြည့်ပြီး ...

'မိစံပယ်တို့ကတော့ မနိုင်ဘူး။ သူငယ်ချင်း မင်္ဂလာအိမ်ခန်းကိုလာပြီး သောက်စား ပျော်ပါးနေတယ်။ မနက်ဖြန် နိုင်ငံခြားသွားဖို့ကို သူ့မေမေက အားလုံး သိမ်းပေးနေရတယ်။ ကိုယ့်သမီးက ဆရာဝန်မကြီးဆိုတော့ ဆူမရ အော်မရနဲ့'ဟု ပေါ့ပေါ့ပါးပါး ပြောသွားလေသည်။ ထိုနေ့ထိုရက်မှစပြီး စံပယ်ဟူသော ပန်းတစ်ပွင့်သည် ကျွန်တော်နှင့် နှင်းဆီတို့၏ ဘဝတစ်စိတ်တစ်ပိုင်းမှ ရိုးသားစွာ ဖဲ့ထွက်သွား၏။

* * *

ရာသီတို့ အလီလီပြောင်းသော်လည်း အတိတ်သမိုင်းကိုမူ ပြောင်းလဲပစ်၍ မရနိုင်။ စံပယ် နိုင်ငံခြားထွက်သွားသည့် နောက်ပိုင်းတွင် ကျွန်တော်နှင့် နှင်းဆီတို့၏ အိမ်ထောင်ရေးသည် လူအများ ထင်ထားသည်ထက် များစွာသာယာခဲ့ပြီး ကျွန်တော်တို့၏ သမီးဦးလေးပင် အသက်၉ နှစ်ခန့်ရှိပြီ ဖြစ်သည်။ ကျွန်တော်နှင့်တူပြီး နှင်းဆီကဲ့သို့ ထက်မြက်သည်။ တစ်ခါတစ်ရံတွင် ကျွန်တော် နှင်းဆီနှင့် စံပယ်တို့ သုံးယောက်ပုံကိုကြည့်ပြီး မေမေလေးကောဟု မေးတတ်ပြန်သည်။

ထိုအချိန်မျိုးတွင် နှင်းဆီက ဟိုအဝေးကြီးမှာ၊ ပြန်လာမှာ သမီးလေးဟု သေချာစွာ ရှင်းပြတတ်ပြီး နှင်းဆီ၏မျက်လုံးများက တစ်စုံတစ်ယောက်ကြောင့် ရီဝေနေတတ်သည်။

* * *

'ဆရာဝန်ကြီး လာတော့မှာမို့ လူနာရှင်တွေ အပြင်ထွက်ပါ'

တာဝန်ကျ သူနာပြုဆရာမလေး၏ စကားသံကြောင့် ကျွန်တော်နှင့် နှင်းဆီ ကပျာကယာဖြင့် အပြင်သို့ထွက်လိုက်သည်။ ကိုယ်တိုင်ဆရာဝန် ဖြစ်လင့်ကစား သမီးလေးဖျားပြီး အဖျားမကျသဖြင့် ပုဂ္ဂလိကဆေးရုံတစ်ခုမှ ကလေးဆောင်

သို့ လာတင်ထားခြင်း ဖြစ်သည်။

ကျွန်တော်နှင့် နှင်းဆီ သမီးလေးကိုကြည့်ပြီး စိတ်မချမ်းသာ။ ဆရာဝန်မှာ မိတ်ဆက်ပြီး အတူတူကြည့်ခွင့်တောင်းလျှင် ဖြစ်သော်လည်း သူ့စည်းကိုယ်စည်း စောင့်ရမည်။ ကျွန်မတို့ သမီးလေးအခန်းဝမှာ ယောင်လည်လည်လုပ်နေသဖြင့်

'ဘယ်လိုလူတွေလဲ မသိဘူး။ ဆရာဝန်ကြီး လာတော့မှာမို့လို့ အပြင် ထွက်နိုင်းပါတယ်ဆို။ ဒီမှာရပ်နေကြတယ်။ ဟိုခုံမှာ သွားထိုင်နေကြပါလား'

သူနာပြုဆရာမလေးက သူ့အား အဆူခံရမည်စိုးသဖြင့် ကျွန်တော်တို့ကို ခြေ့သည်ထိုင်ခုံတွင် ထိုင်နေရန် မှာကြားသွားသည်။ ကျွန်တော်တို့ လင်မယား နှစ်ယောက်တို့ ထိုင်ခုံတွင်ထိုင်ပြီး ဆရာဝန်ကြီး သမီးလေးကြည့်မည့်အချိန်ကို ရင်ခုန်စွာ စောင့်နေမိသည်။ ထိုအချိန်တွင် ကချင်ဝမ်းဆက်လေးဖြင့် ရှိုးယဉ်စွာ ကလေးဆောင်ဘက်သို့တက်လာသော အမျိုးသမီးတစ်ယောက်ကို တွေ့လိုက် ရသည်။ ထို့နောက် သမီးအခန်းသို့ ၁၀ မိနစ်ခန့်ဝင်ကြည့်ပြီး ပြန်ထွက်လာသည်။

'နှင်းဆီ ... သူ စံပယ်မဟုတ်လား'

ကျွန်တော်၏အမေးကို နှင်းဆီက ...

'ဟုတ်တယ် ကို။ စံပယ်မှ စံပယ်ပါ။ ဩော် ... သူတောင် အထူးကု ဆရာဝန်မကြီး ဖြစ်နေပြီနော်။ သူ လူနာကြည့်ပြီးရင် သွားနှုတ်ဆက်ရအောင် လေ ... မောင်'

သမီးကို ခဏစောင့်ကြည့်ပေးရန် ဆရာမတစ်ယောက်ကို အကူအညီ တောင်းပြီး စံပယ့်နောက်သို့ လိုက်သွားသည်။ ကျွန်တော်တို့ တွေ့သည့်အချိန် တွင် စံပယ်က ကားစင်ဝင်အောက် ရောက်နေပြီ။ ကျွန်တော်နှင့် စံပယ် နောက် မှလိုက်ပြီး ကားဘေးသို့ သွားနှုတ်ဆက်သည်။

'စံပယ်လား ...'

စံပယ်မှန်း သေချာသလောက် ရှိနေသည့်တိုင် မယုံကြည်နိုင်မှုဖြင့် မေးမိ သေးသည်။ ထိုဆရာဝန်မကြီးက ကျွန်တော်နှင့် နှင်းဆီကို သေချာစိုက်ကြည့် နေသည်။ ထို့နောက် သူ့မျက်လုံးများတွင် အတိတ်၏အရိပ်များက တဖျပ်ဖျပ် ပေါ်နေသည်ဟု ကျွန်တော် ထင်နေမိသည်။ သူ၏မျက်ဝန်းအိမ်မှ ဝေဝေသီသီ မျက်ရည်တချို့ကို ခပ်ဝါးဝါး မြင်နေရပြီ။

'ကျွန်တော်က သမီးလေး နှင်းစံပယ်ခင်ရဲ့လူနာရှင် ဒေါက်တာမင်းသခင် နဲ့ ဒေါက်တာနှင်းဆီပါ'

ကျွန်တော့်စကားကို အသိမှတ်ပြုသလို တစ်ချက်ပြုံးပြပြီး ...

'ကျွန်မက ဒေါက်တာပြောတဲ့ စံပယ် မဟုတ်ပါဘူး။ ဒေါက်တာတို့ လူမှားနေပြီ ထင်တယ်။ ကျွန်မ ရှင်တို့နှစ်ယောက်ကို ဘယ်တုန်းကမှ ... ... ... ... ...'

## ဇော်ညီညီ (နေပြည်တော်) ၏ ကိုယ်ရေးအကျဉ်း

အဖ ဦးခင်မောင်ထူး အမိ ဒေါ်ခင်စန်းတင့်တို့မှ ၁၉၉၀ ခုနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ နဘားကျေးရွာ၌ ဖွားမြင်သည်။

အမည်ရင်းမှာ ပြည့်ဖြိုးအောင်ဖြစ်ပြီး မွေးချင်းသုံးယောက်တွင် အငယ်ဆုံး ဖြစ်သည်။ ၂၀၀၆ ခုနှစ်တွင် နဘား တွဲဘက် အထက်တန်းကျောင်းမှ အခြေခံပညာအထက်တန်း အောင်မြင်ခဲ့ပြီး နည်းပညာကောလိပ်(မိုးညှင်း) တွင် ဆက်လက်ပညာသင်ကြားခဲ့သည်။

၂၀၁၂ ခုနှစ်တွင် BE (Mechanical) ဘွဲ့ ရရှိခဲ့သည်။ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလထုတ် Women's World Journal တွင် ကကြိုးရှပ်တဲ့ ဖေဖော်ဝါရီ (Vol. 3. Issue 6, Wed, Feb 12) ဝတ္ထုတိုဖြင့် စာပေလောကသို့ ဝင်ရောက်ခဲ့သည်။

၂၀၁၄ ခုနှစ်တွင် Pen Myanmar မှ ကြီးမှူးကျင်းပသော မြန်မာနိုင်ငံ၏ ပထမဆုံး အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ အထိမ်းအမှတ် ဝတ္ထုတိုပြိုင်ပွဲတွင် 'မင်းမာန်'ကလောင်ခွဲဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ တတိယဆုကို 'စိတ္တဇနေ့ရက်များရဲ့ အလွန်' စာမူဖြင့် ရရှိခဲ့ပြီး အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ဖော်ပြခံရသည်။

၂၀၁၄ ခုနှစ်တွင် လူငယ် ဆရာဝန်စာရေးဆရာ သုံးယောက်နှင့် စုပေါင်းပြီး 'ထာဝရသစ္စာ' ဝတ္ထုတိုစာအုပ်ကို ဩဂုတ်လတွင် ထုတ်ဝေခဲ့သည်။

စာရေးသက် တစ်နှစ်အတွင်း ဂျာနယ်နှင့် မဂ္ဂဇင်းများတွင် ဝတ္ထုအတို၊ အရှည် အပုဒ် ၃၀ ကျော် ပုံနှိပ်ဖော်ပြခံခဲ့ရသည်။

ယခုလက်ရှိတွင် ဝတ္ထုတိုများ ဆက်လက်ရေးသားလျက်ရှိပြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ နေပြည်တော်တွင် တာဝန်ထမ်းဆောင်လျက် ရှိသည်။